# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၉)ရက် ၊ တနင်္လာနေ့ ၊ (5-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီပါဝင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျာ**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သပါသည်။ ယနေ့ အောက်တိုဘာ ၅ ရက်သည်

**စာမျက်နှာ ၁၈ ကော်လံ ၁**

## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့၊ အမိမြန်မာနိုင်ငံရှိ တာဝန်ရှိသူများနှင့် မိသားစုဝင်များက နွေးထွေးလှိုက်လှဲစွာကြိုဆို



နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မည်သို့သောအခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက အမိနိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေးနှင့်မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက်

**စာမျက်နှာ ၁၆ ကော်လံ ၁** ❏

**နွေးထွေးလှိုက်လှဲစွာကြိုဆို**

နေရပ်ပြန် မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။

## နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် ကောင်စစ်ဆိုင်ရာ ကူညီဆောင်ရွက်မှုများကို အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၂၄ ကော်လံ ၁** ❍

## အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်ကို မိဘပြည်သူများသို့ အသိပေးကြေညာ

နေပြည်တော် အောက်တိုဘာ ၄

ယခုအခါ မုတ်သုံလေဆုတ်ခွာပြီး မိုးရာသီကာလကုန်ဆုံး၍ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့ပြင် ပြင်းထန်အယ်လ်နီညိုရာသီဥတုဖြစ်စဉ် သက်ရောက်မှုများကြောင့် နိုင်ငံအတွင်း အပူချိန်သိသာစွာမြင့်မားလာပြီး ဓာတ်အားသုံးစွဲမှုများမြင့်တက်ကာ ဓာတ်အားလိုအပ်ချက်တိုးတက်မြင့်မားလျက်ရှိပါသည်။

**စာမျက်နှာ ၂၄ ကော်လံ ၁** ❖

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



လောင်းလုံး- ကဒက်ယယ်ထိန် ရွာလမ်းတစ်လျှောက် လမ်းပေါ်ပြိုကျနေသော မြေကြီးများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းစဉ်။

နေပြည်တော် အောက်တိုဘာ ၄

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်- လောင်းလုံး- ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊

**စာမျက်နှာ ၂၄ ကော်လံ ၁** ●

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

# ဆရာများနှင့်အတူ ရပ်တည်ကြပါစို့

အောက်တိုဘာ ၅ ရက် (ယနေ့)သည် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)နှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့က ဆရာများ၏ အဆင့်အတန်းနှင့်ပတ်သတ်သည့် ထောက်ခံတင်ပြချက်များကို အတည်ပြုလက်မှတ်ရေးထိုးသော ၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့ (World Teachers Day) အဖြစ် သတ်မှတ်ခဲ့ကြသည်။

၁၉၉၄ ခုနှစ် အောက်တိုဘာ ၅ ရက်မှစတင်ကာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် ကမ္ဘာ့ဆရာများနေ့အဖြစ် ပုံစံအမျိုးမျိုးဖြင့် ကျင်းပခဲ့ကြသည်။ ရည်မှန်းချက်အနေဖြင့် ပညာရေးမျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှုများကို မှတ်တမ်းတင်ရန်နှင့် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးအတွက် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများကို ပြန်လည်ထင်ဟပ်သုံးသပ်ရန်ဟူသည့် အချက်များကို အခြေခံ၍ ကျင်းပခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးသော ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ နိုင်ငံတော်အဆင့်အနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဆရာများကိုဂုဏ်ပြုခဲ့သည်။ ကမ္ဘာ့ဆရာများနေ့ကို မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့်အညီ အလွန်မွန်မြတ်လှစွာသော ရည်ရွယ်ချက်များထားရှိလျက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ရည်ရွယ် ချက်များမှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင် မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားလာစေရန်၊ အာစရိယဆရာများနှင့် ဥပဇ္ဈာယ် ဆရာ အရည်အသွေးပြည့်ဝသည့် ဆရာများပိုမိုပေါ်ထွန်းလာစေရန်၊ ဆရာများနေ့အခမ်းအနားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာကျင်းပ၍ ဆရာများ၏ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန်ဟူသော အချက်များဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့ကို နှစ်စဉ်ကျင်းပရာတွင် ဆောင်ပုဒ်များချမှတ်ကာ ဆောင်ရွက်ကြသည်။ ဆောင်ပုဒ်များရွေးချယ်ချမှတ်ရာတွင် ဆရာတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အားလုံးအကျုံးဝင်ပါဝင်နိုင်စေရေး၊ အရည်အသွေးရှိသော ဆရာနှင့် အရည်အသွေးရှိသော ပညာရေးဖြစ်စေရေး၊ သာတူညီမျှ ပညာရေးဖြစ်စေရေး၊ ဆရာတို့၏ အနာဂတ်ဘဝ လှပစေရေး၊ လွတ်လပ်စွာသင်ကြားနိုင်ရေး၊ လူငယ်ဆရာများ ခန့်ထားရေး၊ ဆရာများအတွက် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးစသည့် ရည်ရွယ်ချက်များထားရှိကာ ဆောင်ပုဒ်များ ချမှတ်ခဲ့ကြသည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်မှာ"ဆရာများနှင့်အတူ ရပ်တည်ကြပါစို့"ဟူ၍ ဖြစ်သည်။

ဆရာကို အနက်အဓိပ္ပာယ်ဖွင့်ဆိုလျှင် ပညာသင်ကြားပေးသူ။ သွန်သင်ဆုံးမနည်းလမ်းပြသူဟု အဓိပ္ပာယ်ရသည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍လည်း ခွဲခြားနိုင်သည်။ မိဘတို့သည်လည်း လက်ဦးဆရာများဖြစ်ကြသည်။ မသိသူကို သိအောင်၊ မတတ်သူကို တတ်အောင်၊ မကျွမ်းသူကို ကျွမ်းကျင်အောင်၊ မယဉ်ကျေးသူကို ယဉ်ကျေးအောင်၊ မလိမ္မာသူကို လိမ္မာလာအောင် စာကိုလည်းသင်၊ လူကိုလည်း ပြုပြင်ပေးရသူသည် ဆရာများပင်ဖြစ်ပေသည်။

အနန္တောအနန္တဂိုဏ်းဝင် ဆရာများ၏ ဂုဏ်ကျေးဇူးသည် ကြီးမားများပြားလှသကဲ့သို့ ဆရာ့သိက္ခာ၊ ဆရာ့တန်ဖိုး အနန္တသည် နေရောင်လရောင်ပမာ ထာဝစဉ်ထွန်းပြောင်နေမည်ဖြစ်သည်။ ဆရာများသည် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းပြီး ပညာပြည့်ဝသော တပည့်များပေါ်ထွန်းလာစေရန်၊ တာဝန်ခံတတ်သူ၊ တာဝန်ယူတတ်သူများဖြစ်လာစေရန်၊ အများအကျိုး သယ်ပိုးတတ်သူများဖြစ်လာစေရန် ပြုစုပျိုးထောင်နိုင်စွမ်းရှိသော၊ ပန်းပေါင်းစုံဖူးပွင့်လာအောင် မြေတောင်မြှောက်ပေးနိုင်စွမ်းရှိသော ဥယျာဉ်မှူးများဖြစ်ကြပေရာ "ဆရာများနှင့်အတူ ရပ်တည်ကြပါစို့"ဟု တိုက်တွန်းလျက် "ကမ္ဘာ့ဆရာများနေ့"ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၀၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

ခင်ဦး အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၀၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဂျုံ ၁၀၀၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဂျုံစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဂျုံဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေလုပ်မယ်။ ဂျုံအထွက်နှုန်းတိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှုန်းသားတွေ ပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက် ပေးသွားပါမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ဂျုံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဂျုံများအားလုံး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများစနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးတန်ပိဿာချိန် ၃၂၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးတန်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့ တစ်လအတွင်းကော အခု လက်ရှိကော ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ တင်ပို့အားတက်လာတော့ ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝမ်းတွင်း အောက်တိုဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်က ရွှေတောင်ကျေးရွာရှိ ရက်ကန်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပြင်ဦးလွင်မြို့နယ် ကြက်တက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နောင်လှိုင်ကျေးရွာအုပ်စု ကြက်တက်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၆၈၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြက်တက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ရန်ပုံငွေကျပ်သိန်း ၆၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ မန်းရတနာ အမျိုးသမီး အလှူရှင်အဖွဲ့က ခွဲစိတ်ခန်းသုံးလူနာခုတင်အတွက် ငွေကျပ် သိန်း ၃၈၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယက ဝဏ္ဏကျော်ထင် သီရိပျံချီ-ဦးမောင်ကို၊ ကြီးကြပ်ရေးနှင့် အထောက်အကူပြုဌာနမှူး ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၂၁၃၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧက ၂၁၃၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၀၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၂၁၃၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၄ ဒသမ ၃၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲ ၅၀၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ အခုလက်ရှိမှာတော့ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၁၃၀ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ အိုးထိန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ အိုးထိန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃၃ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အိုးထိန်းတောင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ရန်ပုံငွေကျပ် ၅၃၃ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးထံမှ သိရသည်။

**အောင်ရဲကျော်**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၇၉၁ ဧက စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၇၉၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၇၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဂျုံများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ဂျုံ ၄၇၁၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဆောင်းဂျုံတွေ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းပြီး ဒေသရာသီဥတု၊ မြေအနေအထားနဲ့ ကိုက်ညီတဲ့ ဂျုံမျိုးတွေကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်။ တောင်သူတွေကလဲ ဂျုံစိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားပါမယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စာဖတ်ပါက ကြည်နူးရ

**ချစ်နိုင်(စိတ်ပညာ)**

**❖ သူများအကြောင်းတွေတော့ ကိုးကားဖော်ပြမနေလိုတော့ပါ။ မိမိအထက်တန်းကျောင်းသားဘဝ၊ ချောက်မြို့ရှိ စာအုပ်အငှားဆိုင်လေးများက (ထိုစဉ်က ရှိခဲ့ကြဖူးပါသည်) လစဉ်တင်သမျှ မဂ္ဂဇင်းနှင့် လုံးချင်းစာအုပ်များကို ဝါးစားဘိသကဲ့သို့ နေ့စဉ်မပြတ် စာပေ ဖတ်ရှုလေ့လာမှတ်သားရင်း နှစ်ကာလကြာခဲ့သောအခါ စာပေကျေးဇူးကြောင့်ပင် စာရေးသူမှာ ယနေ့အခြေအနေရောက်လာခဲ့ရပေသည်။ မိမိဘဝမှာတော့ စာဖတ်ခြင်းသည် ကြည်နူးပျော်ရွှင်ရခြင်းပါ။ ❖**

**နိဒါန်း**

လွန်ခဲ့သော ၂၅ နှစ်ဆီကဖြစ်ပါသည်။ စာရေးသူတို့ မိသားစုသည် မြန်မာနှစ်သစ်ကူး သင်္ကြန်ပြီးချိန်သီတင်းကျွတ်ချိန်တွင် မိဘပမာ ကျေးဇူးကြီးမားပါသော တပ်မှာရှိစဉ် မိခင်တပ်ရင်းက တပ်ရင်းမှူးထံသွားရောက် ကန်တော့လေ့ရှိခဲ့ပေသည်။ ယခုတော့ မရှိတော့ချေ။ ကြည်း ၇၀၈၆ ဗိုလ်မှူးချုပ် ဒေးဗစ်အိုလီဗာအေဘယ် (အငြိမ်းစားပြည်ထောင်စုဝန်ကြီး) ဖြစ်လေသည်။ လားရှိုးမြို့ရှိ ထိုစဉ်က ခြေလျင်တပ်ရင်း တစ်ရင်းသည် မိမိ၏ပြန်တမ်းဝင်အရာရှိဘဝ ပထမဦးဆုံး စတင်တာဝန်ထမ်းခဲ့သော မိခင်တပ်ရင်းဖြစ်၏။ ထိုစဉ်က ဗိုလ်မှူးအေဘယ်သည်လည်း စစ်ဦးစီးမှူး (ဒုတိယတန်း)နေရာမှ လားရှိုးရှိ ခြေလျင်တပ်ရင်းမှူးအဖြစ် ရာထူးတစ်ဆင့်မြင့်တိုးပြီး ရောက်လာခဲ့သည်။ ထိုအချိန်က မိမိတို့သည် ရာထူးအသစ်၊ တာဝန်အသစ်၊ မိခင်တပ်ရင်းကိုဂုဏ်မြင့်အောင် ပေးအပ်သော တာဝန်ဟူသမျှ အကောင်းဆုံးထမ်းဆောင်ကြမည်ဟု စိတ်အားထက်သန်လျက် ရှိချိန်ဖြစ်ပါ၏။

တာဝန်ယူရသောနယ်မြေ ကျယ်ဝန်းပြီး သောင်းကျန်းသူကလည်း နည်းမျိုးစုံဖြင့် အင်အားတိုးလာခဲ့သဖြင့် စစ်ရေးမှာအကျအရှုံးများသကဲ့သို့ ထိတွေ့မှုအများစုတွင် အရာရှိများပင် ကျဆုံးရပြီး စစ်သည်များ၊ မိသားစုများ စိတ်ဓာတ်ကျနေခဲ့သော အခြေအနေမှ စတင်လှုပ်ရှားကြရသည်။ ရှေ့မှာကြုံတွေ့ခဲ့သော အားနည်းချက်၊ ချွတ်ယွင်းချက်များကို ပြုပြင်လေ့ကျင့်ပြင်ဆင်ကြကာ စည်းလုံးညီညွတ်စွာဖြင့် စိတ်သစ်လူသစ်ကြိုးပမ်းကြသည်။ အသင်းအဖွဲ့တိုင်းတွင် ခေါင်းဆောင်၏စံနမူနာပြ စွမ်းရည်အပေါ်မူတည်ကာ လက်အောက်ငယ်သားများက အတုယူလိုက်ပါ လှုပ်ရှားကြစမြဲဖြစ်သည့်အတိုင်း **တပ်ရင်းမှူး ဗိုလ်မှူးအေဘယ်၏** အောက်ပါလမ်းညွှန်ချက်ကို ဦးထိပ်ပန်ဆင်လျက် မိမိတို့ပါဝင်လှုပ်ရှားခဲ့ကြသည်။ မိမိတို့ ဗိုလ်သင်တန်းအမှတ်စဉ် (၄၃) မှ အတူရောက်လာကြသော ဗိုလ်မောင်မောင်အေး၊ ဗိုလ်မြင့်ကို၊ ဗိုလ်အေးကိုနှင့် စာရေးသူတို့ဖြစ်ပါသည်။ နောက်တော့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၅)နှင့် (၁၇) တို့မှ အရာရှိငယ် တစ်ယောက်စီလည်း ရောက်လာကြ၏။ တပ်ရင်းမှူး၏အခြေခံမူဝါဒကား ဤသို့ဖြစ်၏။

**အခြေခံမူ**

၁။ **စိတ်ဓာတ်** ကောင်းရမယ်။

၂။ **စည်းကမ်း** ကောင်းရမယ်။

၃။ ပြည်သူအပေါ်၊ တပ်မတော်အပေါ်မှာ **စေတနာ** ကောင်းကြရမယ်။

၄။ **စစ်ရေးစွမ်းရည်**ပြည့်ဝအောင် အမြဲတစေ လေ့ကျင့်နေရမယ်။

အချိန်တစ်နှစ်ကြာသောအခါ မိမိတို့တပ်ရင်း၏ တိုက်ပွဲအောင်မြင်မှု၊ စည်းရုံးရေးအောင်မြင်မှုသည် တိုင်းစစ်ဌာနချုပ်၏ ဂုဏ်ပြုတပ်ရင်းအဖြစ် ထိပ်ဆုံးသို့ရောက်လာ၏။ စစ်ဦးစီးတက္ကသိုလ်သင်တန်းသွားရောက်တက်ရန် ရွေးချယ်ခံရသော ဒုတိယဗိုလ်မှူးကြီး အေဘယ်သည်လည်း သင်တန်းဆင်းအရည်အချင်း အကဲဖြတ်ချက် သုံးရပ်စလုံးကောင်းခဲ့၏။

၁။ **တပ်မှူးကြီးကောင်းဖြစ်ရန်** သင့်

၂။ **ဦးစီးအရာရှိကြီးကောင်းဖြစ်ရန်** သင့်

၃။ **လေ့ကျင့်ရေးအရာရှိကြီးကောင်းဖြစ်ရန်** သင့်

ဤသို့ဖြင့် မိမိတို့တပ်ရင်းမှူးသည် စစ်ရုံး၊ စစ်ထောက်ချုပ်ရုံးသို့ ဦးစီးအရာရှိ (ပထမတန်း)(စစ်ထောက်) တာဝန်ပေးရွေးချယ်ခံရကာ ရန်ကုန်သို့ ပြောင်းရွှေ့သွားလေသည်။ ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်ချုပ်ကြီး သူရကျော်ထင်ဟု ထင်ပါသည်။ နောက်တော့ ရာထူးအဆင့်ဆင့် စစ်ရုံးမှာပင် ကက(ဝယ်)ညွှန်မှူး၊ နောက်တော့ ကုန်သွယ်ရေး(စီးပွားကူးသန်း)၊ စီမံဘဏ္ဍာ၊ ဟိုတယ်ခရီး၊ အစိုးရအဖွဲ့ရုံးဝန်ကြီး စသောတာဝန်များကို ထမ်းဆောင်သွားခဲ့သည်။ နာမည်ကောင်းရှိသော စစ်ဘက်ခေါင်းဆောင် ဆရာသမားတစ်ဦး ဖြစ်လေသည်။

**ဂါရဝ၊ နိဝါတ**

သူတာဝန်များမှ အနားယူသွားခဲ့သော်လည်း မိမိတို့တပည့်သားမြေးများကား တစ်နှစ် နှစ်ကြိမ်၊ သုံးကြိမ် သူ့ဆီသို့သွားရောက်တွေ့ဆုံ ကန်တော့ကြသည်။ အဆုံးအမစကားများကို ကြားနာမှတ်သားပါသည်။

မှတ်မှတ်ရရ သမီးငယ်တက္ကသိုလ်ဝင်တန်းအောင်ပြီးစ သွားရောက်ဂါရဝပြုကန်တော့သောအခါ ရမှတ်ကောင်းသော သမီးကို ဆေးတက္ကသိုလ်ရွေးရန် ဆွေးနွေးတိုက်တွန်းလိုက်ပါသည်။ ဤသို့ဖြင့် သမီးလည်း ဆေးတက္ကသိုလ်တက်ပြီး M.B.B.S ဘွဲ့ရခဲ့သည့်အပြင် အင်္ဂလန်၊ စင်ကာပူ စသည်တို့မှ မျက်စိဆိုင်ရာ အထူးပြုဂုဏ်ထူးတန်း တက္ကသိုလ်များပါ ဆက်တက်ကာ အထူးကုဆရာဝန်ကြီးဖြစ်နေခဲ့ပေပြီ။ လွန်ခဲ့သော ၂၅ နှစ်ဆီက ဘဝလမ်းကြောင်းဆိုင်ရာ အသက်မွေးတက္ကသိုလ်တစ်ခုခု ရွေးချယ်ရာ၌ ဝေဝါးနေစဉ် အသင့်လျော်ဆုံး တက္ကသိုလ်ဆီသို့ ရွေးချယ်နိုင်ရန် ဆွေးနွေးလမ်းညွှန်ပြခဲ့ခြင်းသည် ကျေးဇူးကြီးမားလှပါသည်။ အရွေးမှန်ဖို့လည်း လိုပေသည်။

**အပြောင်းအရွှေ့**

လွန်ခဲ့သော နှစ်ပေါင်း ၅၀ နီးပါးဆီက ဆရာသမား၏ စောင့်ရှောက်ခဲ့မှုသည်လည်း စာရေးသူ၏ ဘဝလမ်းကြောင်းကို ပြောင်းလဲကောင်းမွန်စေခဲ့ပါသေးသည်။ မိမိတာဝန်ထမ်းဆောင်ရာတပ်ရင်းတွင် ဒုတိယဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး စသဖြင့် ရာထူးငါးနှစ်၊ ခြောက်နှစ်ကြာလျှင် အခြားတပ်ရင်းတပ်ဖွဲ့သို့ဖြစ်စေ၊ တပ်မ၊ စစ်တိုင်းဌာနချုပ်များသို့ဖြစ်စေ (ထိုစဉ်ကာလ) ပြောင်းကြရ လေ့ရှိပါ၏။ သူငယ်ချင်းအချို့ တပ်မ (၆၆) အသစ် တပ်ရင်းများသို့ ပြောင်းရွှေ့ရောက်ရှိသွားကြ၏။ သူငယ်ချင်း မောင်မောင်အေး၊ မြင့်ကို၊ အေးကိုတို့ လားရှိုးတပ်ရင်းတွင် မရှိကြတော့။

စစ်ထောက်ချုပ်ရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးအေဘယ်သည် လားရှိုးသို့ တပ်စစ်ဆေးရန်ရောက်လာတိုင်း မိမိတို့တပ်ရင်းသို့ ရောက်လာတတ်၏။ စာရေးသူရှိသေးလား။ ရှိပါတယ်။ ဘယ်မှာလဲ။ ဘော်တွင်း၊ မန်တုံ၊ မိုးမိတ်ခွင် လှုပ်ရှားစစ်ကြောင်း တပ်ခွဲမှူးပါ။ ရှေ့တန်းရောက်နေပါတယ်။ တပ်ရင်းက လူဟောင်းတွေက ဖြေကြ၏။ မောင်မောင်အေး၊ အေးကို၊ မြင့်ကိုတို့ကား မန္တလေး၊ ပြည်၊ အင်းမ စသည့်တပ်ရင်းများသို့ ပြောင်းသွားကြပြီဟု ပြောလေသည်။

**စောင့်ရှောက်ခြင်း**

လားရှိုးမြို့ရှိ စစ်တိုင်းဌာနချုပ်သို့ နောက်တစ်ခေါက် စစ်ထောက်ချုပ်ရုံးမှ လာရောက်စဉ်မှာလည်း ထိုစဉ်က ခလရ (၄၁) အရာရှိ၊ အရာခံအချို့နှင့် တွေ့ဆုံသည်။ ဗိုလ်ချစ်နိုင်ကော ဘယ်မှာလဲ မေးပြန်သည်။ မုံးယော်မှာ နယ်မြေ လုံခြုံရေးတာဝန်ယူနေသည်ဟု ဖြေကြသည်။ စခန်းငယ်များ ဖြန့်ခွဲစိုးမိုးထားရသဖြင့် မုံးယော်၌ ခွဲရုံးနှင့်တပ်စိတ် နှစ်စိတ်သာရှိသည်ဟု ပြောကြသည်။ ဗိုလ်မှူးကြီးအေဘယ်စစ်ရုံးသို့ ပြန်သွားပြီးမကြာမီ စိတ်ပညာနှင့် ဘွဲ့ရသည့် အရာရှိနှစ်ဦးကို မင်္ဂလာဒုံရှိ ဗိုလ်ရွေးအဖွဲ့သို့ တွဲဖက်ခေါ်ယူလိုက်လေသည်။ မန္တလေးတက္ကသိုလ်မှ (၁၉၇၀ ပြည့်နှစ်) ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မိမိတစ်ယောက်အပါအဝင်ဖြစ်၏။ မိမိလေးနှစ်သင်ယူခဲ့သော စိတ်ပညာဘာသာကို တပ်မတော်ဗိုလ်ရွေးအဖွဲ့ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးခြင်း၊ ဉာဏ်ရည်စစ်ဆေးခြင်းတို့မှာ လက်တွေ့အသုံးချခွင့်ရခဲ့ပါတော့သည်။ ရန်ကုန်သို့ရောက်ရှိရသဖြင့် စာပေလေ့လာခြင်းနှင့် ရေးသားလေ့ကျင့်ခြင်းများ ပြုနိုင်ခဲ့ပါ၏။ ဆရာသမား ဗိုလ်ချုပ်အေဘယ်၏ စောင့်ရှောက်ကြည့်ရှုမှုသည် ဘဝနှင့်ချီလျက် ကျေးဇူးကြီးမားလှပါ၏။

ခြေလျင်တပ်ရင်းမှာတော့ ခြေလျင်တပ်ခွဲမှူး၊ တပ်စုမှူးတာဝန်ကား တောထဲတောင်ထဲမှာပဲများပါသည်။ ကျောပိုးအိတ်ထဲတွင် စာအုပ်သုံးလေးအုပ်ထည့်သွားပြီး ရောက်လေရာရာ ဖတ်ရပါ၏။ ရှေ့တန်းအခြေပြုရာ နမ္မတူ၊ ဘော်တွင်းစခန်းတို့မှာ အလုပ်သမားမြို့၊ အလုပ်သမားရပ်ကွက်ဖြစ်သည့်အပြင် စာကြည့်တိုက်ကောင်းများကို မိုင်းချုပ်ဦးဉာဏ်လင်း၊ ဦးအောင်သန်းစသည်တို့က အလေးထား အားပေးခဲ့ကြပါသည်။ စာအုပ်စာပေ ပင်လယ်ရေကား ဘယ်သူယူယူ မကုန်ခန်းပါပေ။ စာအုပ်ကောင်းများ ဖတ်ခွင့်ရခဲ့သည်။ ကံကောင်းခြင်းတစ်ရပ်ဆိုရမည်။

ရန်ကုန်၊ မင်္ဂလာဒုံရောက်သောအခါ ဝါယာလက်ဈေးနှင့် မင်္ဂလာဒုံဈေးထဲရှိ (ထိုစဉ်က) စာအုပ်အငှားဆိုင်များသည် မိမိငှားနေကျ ဖောက်သည်မိတ်ဆွေတွေပဲ ဖြစ်နေလေတော့သည်။ စာဖတ်ချိန်ရလာချိန်တွင် စာအုပ်စာပေများ အခက်အခဲမရှိ ရှာဖွေဖတ်ရှုနိုင်ခွင့်ရခဲ့ခြင်းက မိမိကို ကံကောင်းစေခဲ့ပါ၏။

**ဆရာကောင်း**

သပ္ပုရိသ ဥပနိဿယျစက်။ ဆရာကောင်း၊ ပညာရှိ သူတော်ကောင်းတို့၏ အမှီအခို၊ အရိပ်ကောင်းကို ရခဲ့သည်။ ကလျာဏမိတ္တ သမ္ပဒါ ရန်ကုန်ရောက်လာသောအခါ မဂ္ဂဇင်းတိုက်များစွာသို့ ကိုယ်တိုင်ရေးခဲ့သော စာမူကို ကိုယ်တိုင်ပို့နိုင်သည်။ စာမူမရွေးလျှင်လည်း နောက်တစ်ခေါက်မှာ နောက်တစ်ပုဒ်ထပ်ပေးခဲ့၏။ မဂ္ဂဇင်းတိုက် ၁၀ တိုက်၊ ၁၂ တိုက်ကို သူတို့ရွေးရွေး၊ မရွေးရွေး လစဉ်တစ်ပုဒ်စီတော့ ပြီးအောင်ရေးသည်။ ၁၂ တိုက်သို့ ၁၂ ပုဒ် လစဉ်အဆက်မပြတ် ဆောင်းပါးများ (ရှုးသွပ်စွာ)ရေးပို့နေပါသော်လည်း ငါးနှစ်မျှကြာသော်လည်း ဘယ်မဂ္ဂဇင်းကမှ တစ်ပုဒ်တစ်လေ မရွေးခဲ့ချေ။ ကိုယ့်အလုပ်က များများရေးမည်။ စိတ်ဓာတ်မကျ။ ငါတို့ဘာလိုနေသလဲ ဆန်းစစ်မှုဖြစ်မည်။ မင်္ဂလာဒုံမှာနေသော ဆရာကြီး လယ်တွင်းသားစောချစ်အိမ်သို့ မိမိနှင့်သူငယ်ချင်း (ဗိုလ်ကြီး အောင်တက်ကျော်၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့က စစ်ဆေးရေးအရာရှိ) နှစ်ယောက်သား ရှာပြီးအတူသွား၍ ဩဝါဒခံယူပါသည်။ ဆရာကြီးစည်သူဦးတင်လှိုင်က မိမိတို့စာမူကြမ်းများကို စစ်ဆေးပြင်ဆင်ပေးသည်။ ဆရာမပြ နည်းမကျပေတည်း။ ဆရာက ပြသတော့ မိမိတို့နည်းလမ်းသိကြပြီ။ စိတ်ကောင်း စေတနာကောင်းပြည့်ဝသည်။

မျက်ကန်းလမ်းလျှောက်သကဲ့သို့ ရေးချင်ရာရေး ပို့ချင်ရာမဂ္ဂဇင်းတိုက်ပို့ (စာရင်းဇယားတော့ ရေးမှတ်ထားပါသည်) အချိန် ၄-၅ နှစ်ကြာ အဆက်မပြတ် စိတ်မပျက်ဘဲ ရေးခဲ့ခြင်းကား လေ့ကျင့်ခန်းမျှသာ ဖြစ်နေလေ၏။ မဂ္ဂဇင်းအယ်ဒီတာ၏ မူဝါဒနှင့်ဟန် (House Style) ကို အကဲခတ်ပြီး သူကြိုက်အောင်၊ သူရွေးအောင်ရေးရမည်ဟု ဆရာကြီးလယ်တွင်းသားစောချစ် ပြောပြမှသာ တိတိကျကျသဘောပေါက်မိကြပါ၏။ ဤသို့ဖြင့် နောင်ပြင်ရေးပြီး မိမိတို့စာမူများ ၁၉၈၄ ခုနှစ်မှစ၍ မဂ္ဂဇင်းပေါင်းများစွာ မိုးသီးမိုးပေါက်ပမာ ရွေးချယ်ဖော်ပြခံခဲ့ရသည်မှာ ယနေ့ထက်တိုင်အောင် ကြာမြင့်ခဲ့လေပြီ။ ကြိုးစားမှုနှင့်ဖွဲ့ မည်မျှရှိရှိ၊ ဆရာကောင်းသမားကောင်းရှိမှ ကောင်းကျိုးကျေးဇူး ရနိုင်ပေသည်တကား။ ကြီးမားသောသင်ခန်းစာ။

**ကျေးဇူးတရား**

စာပေရေးသားနည်း၊ စာပေဟောပြောနည်းများကို ဆရာစားမချန်ဘဲ လမ်းညွှန်သင်ပြခဲ့သည့် ဆရာကြီး လယ်တွင်းသားစောချစ်၏ ကျေးဇူးတရားသည်လည်း အထူးကြီးမားပါပေ၏။

သူများအကြောင်းတွေတော့ ကိုးကားဖော်ပြမနေလိုတော့ပါ။ မိမိအထက်တန်းကျောင်းသားဘဝ၊ ချောက်မြို့ရှိ စာအုပ်အငှားဆိုင်လေးများက (ထိုစဉ်က ရှိခဲ့ကြဖူးပါသည်) လစဉ်တင်သမျှ မဂ္ဂဇင်းနှင့်လုံးချင်းစာအုပ်များကို ဝါးစားဘိသကဲ့သို့ နေ့စဉ်မပြတ် စာပေဖတ်ရှုလေ့လာမှတ်သားရင်း နှစ်ကာလကြာခဲ့သောအခါ စာပေကျေးဇူးကြောင့်ပင် စာရေးသူမှာ ယနေ့အခြေအနေရောက်လာခဲ့ရပေသည်။ မိမိဘဝမှာတော့ စာဖတ်ခြင်းသည် ကြည်နူးပျော်ရွှင်ရခြင်းပါ။

**နိဂုံး**

**စာဖတ်ပါက ကြည်နူးရ**

စာမဖတ်က လူ့အောက်ကျ<br>
ဘဝတက်လမ်း မရှိနိုင်၊<br>
စာဖတ်ပါက အမြင်ရ<br>
ဗဟုသုတ ကြွယ်ဝမည်။<br>
အမြင်သိပြား မှန်အမှား<br>
ခွဲခြားတတ်ပေမည်။<br>
အသိများသော် အတွေးပေါ်<br>
အတော်အညံ့ ခွဲတတ်မည်။<br>
စာဖတ်ခြင်းမှ ကောင်းကျိုးရ<br>
တိုးတက်ပျော်ရွှင် ချမ်းသာမည်။<br>
စာဖတ်သူများ တိုးတက်ပွားကာ<br>
တိုင်းကားပြည်ရွာ ဖွံ့ဖြိုးလာမည်။<br>
သာယာအေးချမ်း ဘေးမသန်းဘဲ<br>
ဝမ်းသာကြည်နူးကြပေမည်။

**ချစ်နိုင်(စိတ်ပညာ)**

(၃၁-၈-၂၀၂၂ ကြေးမုံသတင်းစာ၊ စာ-၄ မှ)

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြွတ်ဆရာသို့ ကန်တော့ပန်း

– ကျောင်းသားဆို ပန်းတွေအလား
လန်းဝေပွားဖို့ ပျိုးထောင်နေ၊
ဥယျာဉ်မှူးနှယ် ဆရာများလို့
ပမာထားကြပေ၊
ဥယျာဉ်မှူးရဲ့ ပန်းလေးတွေ
နွမ်း ဆွေး ကြွေတာ တွေ့ပါစ၊
တို့ဆရာ ကျောင်းတော်သားတွေတော့
မော်ကြွားထာဝရ။

– ကျောင်းသားကို ဓားအစစ်သို့
အသွားထက်ဖို့ သွေးကာနေ၊
ဓားသွေးကျောက်ကို ဆရာအဖြစ်
ပမာလှစ်ကြပေ၊
ဓားသွေးတဲ့ ကျောက်အခြေ
ညှိုးခြောက်ကြေတာ သိပါစ၊
တို့သင်ရာ ဆရာများတော့
ဖြာပွားအလှ။

– တကယ်ဆို ဆရာများကို
ပမာထားဖို့ နှိုင်းမမြင်၊
သင်ယူရာ သမီး,သား အဖို့
ကြီးမားဂုဏ်အင်၊
အနန္တဂိုဏ်းဝင်
သမိုင်းတွင်တဲ့ လူတစ်မျိုး၊
တစ်ခွင်ကမ္ဘာတစ်လွှားမှာဖြင့်
သင်ဆရာသမားရယ်လို့
ပညာအား ပေးဖူးကုန်တဲ့
ကျေးဇူးဂုဏ် အနန္တကိုဖြင့်
မာန်ချကာ နဖူးတိုက်
အိုကွယ်...
ဦးခိုက်ရှိခိုး။ ။

လွှမ်းလေးကို(သရက်)

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗန်းမောက်မြို့နယ်တွင် မြေပဲ ၄၂၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ မြေပဲ ၄၂၃၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တစ်ဧက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ဗန်းမောက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေး စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်မရောမြို့နယ် ကွဲခြံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်မရော အောက်တိုဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွဲခြံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း ရန်ပုံငွေကျပ် ၄၁ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

ထို့နောက် ကွဲခြံကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးလှဝင်းကျော်နှင့်မြို့နယ် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# သံတမန်များနှင့် ပြည်ပနိုင်ငံသားများ ကီယက်ဗ်မြို့မှ ထွက်ခွာရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန တိုက်တွန်း

**မော်စကို အောက်တိုဘာ ၄**

ကီယက်ဗ်မြို့နှင့် အခြားယူကရိန်းမြို့ကြီးများကို ပစ်မှတ်ရွေးချယ်တိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားပြီး ပြည်ပနိုင်ငံသားများနှင့် သံတမန်များ ကီယက်ဗ်မြို့မှ ထွက်ခွာပေးကြရန် တိုက်တွန်းထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ အရပ်ဘက်အခြေခံအဆောက်အအုံများကို ယူကရိန်းတပ်များက တိုက်ခိုက်နေမှုများကို တုံ့ပြန်သည့်အနေဖြင့် ကီယက်ဗ်မြို့ရှိ စစ်ရေးပစ်မှတ်များနှင့် အခြားယူကရိန်းမြို့များကို ပစ်မှတ်ရွေးချယ်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် သံတမန်ဝန်ထမ်းများအပါအဝင် ပြည်ပနိုင်ငံသားများ အနေနှင့် ယူကရိန်းသို့ လာရောက်ခြင်းမပြုလုပ်ကြရန်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးထားသည်။

ရုရှားနိုင်ငံသည် မကြာသေးမီကာလများအတွင်း ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၏ အခြေခံအဆောက်အအုံများကို မြှင့်တင်တိုက်ခိုက်ခဲ့ရာ ယနေ့တွင်လည်း ဒီနီပရိုမြစ်ကူး တံတားတစ်စင်းကို လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

Ref : RT

Trs : KKO



# ဆာနားမြို့ရှိ ဟူသီလက်နက်ကိုင်အဖွဲ့ပစ်မှတ်များကို ယီမင်အစိုးရတပ်များ ထိုးစစ်ဆင်နေ

**ဆာနား အောက်တိုဘာ ၄**

ဆာနားမြို့တွင်းရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း ယီမင်အစိုးရတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

နိုင်ငံတကာ အသိအမှတ်ပြု ယီမင်အစိုးရ လက်အောက်ခံတပ်များသည် ဆာနားမြို့တွင်းရှိ အရေးကြီးသော ဟူသီလက်နက်ကိုင်အဖွဲ့ ပစ်မှတ်များကို တိုက်ခိုက်နေကြောင်း ယီမင်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ဆာနားမြို့တွင်း တိုက်ခိုက်မှုတစ်ခုကို ဆော်ဒီအာရေဗျနိုင်ငံက ပြုလုပ်ခဲ့ကြောင်း ဟူသီလက်နက်ကိုင်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ အဆိုပါ သတင်းထုတ်ပြန်ချက်ကို ဆော်ဒီအာရေဗျ အစိုးရတာဝန်ရှိသူများက အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

အီရန် ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့နှင့် ဆော်ဒီအာရေဗျ ကျောထောက်နောက်ခံပြု ယီမင်အစိုးရတို့သည် ၂၀၂၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူ၍ရပ်ဆိုင်းခဲ့ကြသည်။

သို့ရာတွင် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အမေရိကန်နှင့်အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် ဟူသီလက်နက်ကိုင်အဖွဲ့နှင့် ယီမင်အစိုးရတို့ကြား စစ်ရေးပဋိပက္ခများပြန်လည် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

Ref : RT

Trs : KKO

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တာလတ်ပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို ကိုယ်တိုင်ကြီးကြပ်

**ပြုံယမ်း အောက်တိုဘာ ၄**



တာလတ်ပစ် ဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားတပ်များက အောက်တိုဘာ ၃ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ရာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့သည်ဟု ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် အတည်ပြုသတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ တာလတ်ပစ်ဒုံးကျည်ကို မြောက်ကိုရီးယား အရှေ့ပိုင်းမှ ပစ်လွှတ်ခဲ့ရာ ကီလိုမီတာ ၁၀၀၀ (၆၂၁) မိုင် ကွာဝေးသည့် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ရေပြင်အတွင်းရှိ ပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်စမ်းသပ်မှုကို အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ် လက်နက်စနစ်များ ကိုင်တွယ်နေသည့် တပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရန် ရည်ရွယ်ပြုလုပ်ခဲ့သော စမ်းသပ်မှုဖြစ်သည်ဟု ကေစီအင်န်အေသတင်းဌာနက ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အီရန်၏ ကုလသမဂ္ဂအထွေထွေညီလာခံ ကိုယ်စားလှယ်နှစ်ဦးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြန်လွှတ်

**ဝါရှင်တန် အောက်တိုဘာ ၄**

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သော အီရန်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးကို အမေရိကန်နိုင်ငံက ပြန်လွှတ်ခဲ့ကြောင်း အောက်တိုဘာ ၃ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံမှ ထွက်ခွာရန် ညွှန်ကြားချက်ကို လျစ်လျူရှုခဲ့သည့်အတွက် အဆိုပါအီရန်ကိုယ်စားလှယ်နှစ်ဦးကို ပြန်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အီရန်ကိုယ်စားလှယ်နှစ်ဦးသည် ကုလသမဂ္ဂအထွေထွေညီလာခံ ပြီးဆုံးခဲ့ပြီဖြစ်သည့်တိုင် နယူးယောက်မြို့၌ ဆက်ရှိနေခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံတက်ရောက်ရန် နယူးယောက်မြို့သို့ရောက်ရှိနေသော အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီနှင့် ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာ ၂၈ ရက်တွင် အမေရိကန်နိုင်ငံမှ ပြန်လည်ထွက်ခွာရန် နိုင်ငံခြားရေးဝန်ကြီးဌာနက အသိပေးထားပြီးဖြစ်ကြောင်း အမေရိကန်မီဒီယာများ၏ အဆိုအရသိရသည်။

သို့ရာတွင် အီရန်ကိုယ်စားလှယ်အဖွဲ့ဝင်များအနက် နှစ်ဦးမှာ နယူးယောက်မြို့၌ အောက်တိုဘာ ၂ ရက်ထိ ဆက်ရှိနေဆဲဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အဆိုပါအီရန်ကိုယ်စားလှယ် နှစ်ဦးအနက် တစ်ဦးမှာ အောက်တိုဘာ ၂ ရက်တွင် အမေရိကန်နိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ပြီး ကျန်တစ်ဦးမှာ အောက်တိုဘာ ၃ ရက်တွင် ထွက်ခွာခဲ့ကြောင်းသိရသည်။

Ref : RT

Trs : KKO

# နှစ်နိုင်ငံနယ်စပ်ပဋိပက္ခများအတွက် အိန္ဒိယနှင့် ပါကစ္စတန် သံတမန်များကို အပြန်အလှန်ဆင့်ခေါ်



**အစ္စလာမ္မာဘတ် အောက်တိုဘာ ၄**

အောက်တိုဘာ ၂ ရက်တွင် ဖြစ်ပွားခဲ့သော နှစ်နိုင်ငံ နယ်စပ်ပဋိပက္ခနှင့် ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် အောက်တိုဘာ ၃ ရက်တွင် သံအမတ်ကြီးများကို အသီးသီး ဆင့်ခေါ်ကန့်ကွက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၂ ရက်တွင် အိန္ဒိယနယ်ခြားစောင့် တပ်ဖွဲ့ဝင်များက နှစ်နိုင်ငံနယ်စပ်ဘီဒီယန်ဒေသ၌ လက်နက်မဲ့ပါကစ္စတန် အရပ်သားနှစ်ဦးကို ပစ်ခတ်ခဲ့ကြောင်းပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ပါကစ္စတန်နိုင်ငံ၏ အဆိုပါ စွပ်စွဲပြောကြားချက်ကို အိန္ဒိယအစိုးရက ငြင်းပယ်ခဲ့ပြီး အိန္ဒိယ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ပစ်ခတ်တားဆီးခဲ့သူများမှာ အိန္ဒိယပိုင်နက်အတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများ ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ ထုတ်ပြန်ချက်ကို ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပြန်လည်ငြင်းဆိုခဲ့ပြီး အိန္ဒိယနယ်ခြားစောင့်တပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သူ အရပ်သားများကို နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများအဖြစ် ပုံမှားရိုက်ဖော်ပြရန် ကြိုးပမ်းမှုမှန်သမျှကို ပြတ်ပြတ်သားသား ကန့်ကွက်သည်ဟု ပြောကြားထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော Crew-13 မစ်ရှင် အာကာသလူသယ်ယာဉ် နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာရောက်ရှိခဲ့




**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အတွက် စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော Crew-13 မစ်ရှင် အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့အောင်မြင်စွာ ဆိုက်ရောက်ခဲ့ကြောင်း အောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် နာဆာ အာကာသယာဉ်မှူးနှစ်ဦး ရုရှားအာကာသယာဉ်မှူး တစ်ဦးနှင့် ကနေဒါ အာကာသယာဉ်မှူး တစ်ဦးတို့လိုက်ပါသွားသည့် Crew Dragon အာကာသယာဉ်ကို အောက်တိုဘာ ၁ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့်လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး ခုနစ်နာရီနှင့် ၅၅ မိနစ်အကြာတွင် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

Crew-13 အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအကာသစခန်းကို အတိုဆုံးအချိန်ကာလဖြင့် ပျံသန်းရောက်ရှိခဲ့သော အမေရိကန် အာကာသလူသယ်ယာဉ်ဖြစ်ကြောင်း၊ ယခင် နိုင်ငံတကာ အာကာသစခန်းသို့ အတိုဆုံး အချိန်ကာလဖြင့် ရောက်ရှိခဲ့သည့် အမေရိကန် အာကာသယာဉ်အဖြစ် စံချိန်တင်ခဲ့သော အာကာသယာဉ်မှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လွှတ်တင်ခဲ့သော ဒရာဂွန်အာကာသယာဉ်ဖြစ်ပြီး နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ပြီး ၁၂ နာရီနှင့် ၃၃ မိနစ်အကြာတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင်နိုင်ငံတကာအာကာသစခန်းသို့ အတိုဆုံးကာလဖြင့် ရောက်ရှိခဲ့သော အာကာသယာဉ်အဖြစ် စံချိန်တင်ထားသော အာကာသယာဉ်မှာ ရုရှားနိုင်ငံက ၂၀၂၀ ပြည့်နှစ် မေလတွင် လွှတ်တင်ခဲ့သော ဆိုယုဇ်အာကာသလူသယ်ယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# နေထက်အဆပေါင်းများစွာ ပူလောင်တောက်ပသောကြယ်ကို လှည့်ပတ်နေသည့်ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၄**

နေထက်အဆပေါင်းများစွာ ပူလောင်တောက်ပသော ကြယ်တစ်စင်းအား သက်ရှိများရှင်သန်နိုင်ရမည့်အကွာအဝေးမှ တစ်ဆင့် လှည့်ပတ်နေသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိဖွယ်ရှိကြောင်း အောက်တိုဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

HD 156295 b ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းဝင်ဂြိုဟ်တစ်စင်းဖြစ်သော ကြာသပတေးဂြိုဟ်ထက် ငါးဆပိုကြီးမားကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၁၄၀ ခန့်အကွာတွင်ရှိသော HD 156295 အမည်ရှိကြယ်ကို ဗဟိုပြုလှည့်ပတ်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။



HD 156295 ကြယ်သည် နေထက်များစွာ ပူလောင်တောက်ပသော အမျိုးအစား-အေ အုပ်စုတွင် ပါဝင်သည့် ကြယ်အမျိုးအစားဖြစ်ကြောင်း၊ HD 156295 b ဂြိုဟ်သည် အဆိုပါကြယ်ကို နေနှင့် ကမ္ဘာကြားအကွာအဝေးထက် လေးဆပိုဝေးသည့် အကွာအဝေးမှတစ်ဆင့် ရက်ပေါင်း ၂၂၀၀ လျှင် တစ်ကြိမ်ကျလှည့်ပတ်နေကြောင်း သိရသည်။

ရှာဖွေတွေ့ရှိမှု မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ပါက အဆိုပါဂြိုဟ်သည် အမျိုးအစား-အေ အုပ်စုဝင် ကြယ်တစ်စင်းကို သက်ရှိများ ရှင်သန်နိုင်မည့်အကွာအဝေးမှ လှည့်ပတ်နေသော ပထမဆုံးဂြိုဟ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ကမ္ဘာဂြိုဟ်၏အတွင်းပိုင်း၌ ပုန်းကွယ်နေသော စွမ်းအားတစ်မျိုးကြောင့် ကမ္ဘာ့နေ့တာကာလများကြာမြင့်ချိန်က နှစ်ပေါင်းများစွာ ပြောင်းလဲနေ

**အော့တဝါ အောက်တိုဘာ ၄**

ကမ္ဘာဂြိုဟ်၏အတွင်းပိုင်း၌ ပုန်းကွယ်နေသော စွမ်းအားတစ်မျိုးကြောင့် ကမ္ဘာ့နေ့တာကာလများကြာမြင့်ချိန်သည် နှစ်ပေါင်းများစွာ ပြောင်းလဲနေကြရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၃ ရက် သတင်းများအရတွင် ရေးသားဖော်ပြထားသည်။

ကနေဒါနိုင်ငံ အယ်လ်ဘာတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်၏ အတွင်းဝတ်ဆံလုံးနှင့် အတွင်းကျောက်သားလွှာတို့ကြား ဒြပ်ဆွဲအားအပြန်အလှန် သက်ရောက်မှုကြောင့် ကမ္ဘာဂြိုဟ်၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်း ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

ထိုသို့ ကမ္ဘာဂြိုဟ်၏ ဝင်ရိုးဗဟိုပြုမွှတ်မွှတ်လည်နှုန်းပြောင်းလဲမှုကြောင့် နေ့တာကာလများမှာ မီလီစက္ကန့်အနည်းငယ် ပိုရှည်လျားသွားနိုင်သကဲ့သို့ ပို၍လည်း တိုတောင်းသွားနိုင်ကြောင်း၊ အဆိုပါအပြောင်းအလဲမှာ လူသားများအနေဖြင့် မသိသာသော်လည်း ဂြိုဟ်တုတည်နေရာနှင့် လမ်းကြောင်းပြချက်များ၊ ကမ္ဘာ့အချိန်ကိုက်စနစ်များအတွက် အရေးကြီးကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

သံသတ္တု၊ နီကယ်တို့ဖြင့် ဖွဲ့စည်းထားသော ကမ္ဘာ့အတွင်းဝတ်ဆံလုံး မွှတ်မွှတ်လည်နေစဉ် ပေါ်ထွက်လာသည့် ဒြပ်ဆွဲအားသည် ကမ္ဘာ့အတွင်းကျောက်လွှာ ဒြပ်ထုစုစည်းမှုများနှင့် အပြန်အလှန်တုံ့ပြန်မှုရှိနေတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Xinhua News

Trs : KKO

# ဓာတ်ရောင်ခြည်ကုထုံးတစ်မျိုးရယူခြင်းဖြင့် ဆီးကျိတ်ကင်ဆာလူနာများ ဆီးလမ်းကြောင်းနှင့် လိင်စွမ်းရည်ပျက်စီးမှုပြဿနာများကို ရှောင်ရှားနိုင်

**လန်ဒန် အောက်တိုဘာ ၄**

ငါးကြိမ်ခံယူရန် လိုအပ်သော ဓာတ်ရောင်ခြည်ကုထုံးတစ်မျိုးကို ရယူခြင်းဖြင့် ဆီးကျိတ်ကင်ဆာလူနာ အမျိုးသားများအနေဖြင့် ဆီးလမ်းကြောင်း ပြဿနာများနှင့် လိင်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုပြဿနာများကို ရှောင်ရှားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါဓာတ်ရောင်ခြည်ကုထုံးကို ရယူခဲ့သူအမျိုးသား ဆီးကျိတ်ကင်ဆာလူနာ ၉၁ ရာခိုင်နှုန်းတို့မှာ ကုထုံးရယူပြီး ရှစ်နှစ်ကြာချိန်ထိ ကင်ဆာဆဲလ်များ တစ်ကျော့ပြန်လည် ပေါ်ထွက်လာမှုမရှိကြောင်း၊ ထို့ပြင် နောက်ဆက်တွဲ ဆီးလမ်းကြောင်း ကျန်းမာရေးပြဿနာများနှင့် လိင်စွမ်းရည်ထိခိုက်ပျက်စီးမှု ပြဿနာများ ပေါ်ထွက်လာသည်ကိုလည်း မတွေ့ရကြောင်း သိရသည်။

Stereotactic body radia-tion therapy(SBRT) အမည်ရှိ အဆိုပါ ဓာတ်ရောင်ခြည်ကုထုံးသည် ကင်ဆာဆဲလ်များကို တိုက်ရိုက်ဖျက်ဆီးရေးအတွက် အဆင့်မြင့်ပုံရိပ်ဖော်နည်းပညာကို အသုံးပြုထားပြီး ၎င်းကုထုံးသည် ကုထုံးခံယူစဉ်အတွင်း ကင်ဆာဆဲလ်များဝန်းကျင်ရှိ အခြားတစ်ရှူးများ ထိခိုက်ပျက်စီးနိုင်မှုကိုလည်း ကန့်သတ်ပေးထားနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ကိုယ်အလေးချိန်လျှော့ချရေး ထိုးဆေးများအစား သောက်ဆေးပြောင်းလဲသုံးစွဲမှုက ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချပေးနိုင်

**လန်ဒန် အောက်တိုဘာ ၄**

ကိုယ်အလေးချိန်လျှော့ချရေး ထိုးဆေးများအစား သောက်ဆေးများ ပြောင်းလဲသုံးစွဲမှုသည် ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ကော်နဲလ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်လျှော့ချရေး ထိုးဆေးများအစား Wegovy သောက်ဆေးပြောင်းလဲသုံးစွဲသည့် အဝလွန်သူများမှာ ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချနိုင်ကြောင်း သိရသည်။

Wegovy သောက်ဆေးများကို ထိုးဆေးများနေရာတွင် အစားထိုးသုံးစွဲသူများ၌ သုံးလတာကာလအတွင်း ကိုယ်အလေးချိန် ခုနစ်ပေါင်ကျော်ထိ ကျဆင်းသွားတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်အလေးချိန်လျှော့ချရေး သောက်ဆေးများသည် ထိုးဆေးများထက် သုံးစွဲရပိုအဆင်ပြေသည်ဖြစ်ရာ အဝလွန်သူများရေရှည်သုံးစွဲရန်လည်း ပိုလွယ်ကူကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန်လျှော့ချရေး ထိုးဆေးများအစား သောက်ဆေးများကိုပြောင်းလဲသုံးစွဲမှုသည် ကိုယ်အလေးချိန် ကျဆင်းမှုအရှိန်ကို ဆက်ထိန်းပေးထားနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တရုတ်အိုးပင်းအမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို မက်ဗီဒက် တက်ရောက်

ပေကျင်း အောက်တိုဘာ ၄

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် တရုတ်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ယနေ့တွင် ရုရှား တင်းနစ်ကစားသမား မက်ဗီဒက် နှင့် အာဂျင်တီးနား တင်းနစ်ကစားသမားစီရမ်ဒိုလိုတို့ ကစားခဲ့ရာ မက်ဗီဒက်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မက်ဗီဒက်က ဖိအားပေးကစားခဲ့ပြီး ပထမပွဲငယ်တွင် (၇-၆)ရလဒ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၆-၃)ရလဒ်ဖြင့် ထပ်မံအနိုင်ရပြီးနောက် နှစ်ပွဲပြတ်အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီးတွင် မက်ဗီဒက်က "ကျွန်တော် ပထမပွဲငယ်မှာ လိုအပ်ချက်တွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပွဲငယ်မှာတော့ အကောင်းဆုံးပုံစံနဲ့ ပြန်လည်ကစားနိုင်ခဲ့ပြီး အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ စီရမ်ဒိုလိုက ခက်ခဲတဲ့ပြိုင်ဘက်ကောင်းတစ်ဦးပါ"ဟု ပြောကြားခဲ့သည်။

မက်ဗီဒက်သည် တရုတ်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့် (၃) သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် အောက်တိုဘာ ၅ ရက်တွင် ဆားဘီးယား ထိပ်တန်းတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။ Ref : AGTP Tennis

Trs : STA



# UFC 332 ပြိုင်ပွဲတွင် နာတာလီယာဆေးဗားက ဝမ်ကွန်းကို အနိုင်ရပြီး အမျိုးသမီး UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်ဆွတ်ခူး

ဝါရှင်တန် အောက်တိုဘာ ၄



အမေရိကန်နိုင်ငံတွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် UFC 332 ပြိုင်ပွဲ အဓိက တွဲဆိုင်းအဖြစ် အမျိုးသမီး UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲစဉ်အဖြစ်ထိုးသတ်ခဲ့သည့် ဘရာဇီးဖိုက်တာ နာတာလီယာဆေးဗားနှင့် တရုတ်ဖိုက်တာ ဝမ်ကွန်းတို့ ပွဲစဉ်တွင် နာတာလီယာဆေးဗားက ဒိုင်အမှတ်ဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ် ဆွတ်ခူးခဲ့ကြောင်း TNT Sportsသတင်းဝက်ဘ်ဆိုက်ကဖော်ပြခဲ့သည်။

အဆိုပွဲစဉ်တွင် နှစ်ဦးလုံးအပြန်အလှန် ထိုးသတ်မှုများဖြင့် အကြိတ်အနယ် ရှိခဲ့သော်လည်း နောက်ပိုင်းအချီများတွင် နာတာလီယာဆေးဗားက ထိရောက်သည့် ထိုးချက်များဖြင့်ဖိအားပေး ထိုးသတ်ခဲ့ပြီးနောက် ငါးချီအပြီးတွင် ဒိုင်အမှတ်အဆုံးအဖြတ်ခံယူခဲ့ရာ နာတာလီယာဆေးဗားကအနိုင်ရပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အမျိုးသမီး UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည့် ပီရူးဖိုက်တာ ရက်ချန်ကိုက စွန့်လွှတ်ခဲ့သည့်အတွက် ချန်ပီယံခါးပတ် လုပွဲစဉ်အဖြစ် နာတာလီယာဆေးဗားနှင့် ဝမ်ကွန်းတို့က ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ရက်ချန်ကိုသည် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် UFC 332 ပြိုင်ပွဲတွင် နာတာလီယာဆေးဗားနှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ကြံ့ခိုင်မှုမပြည့်ဝဘဲ ယခုနှစ်ကုန်ထိ အနားယူရမည်ဖြစ်သည့်အတွက် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ Ref : TNT Sports

Trs : STA

# မန်စီးတီးအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုပြစ်ဒဏ်အတွက် ဆုံးဖြတ်ချက်ကို ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင်ဆုံးဖြတ်မည်

မန်ချက်စတာ အောက်တိုဘာ ၄

မန်စီးတီးအသင်း၏ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုအတွက် အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် အနည်းဆုံးသုံးလခန့် ကြာမြင့်မည်ဖြစ်သည့်အတွက် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း The Athletic သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်မှု ၁၁၅ ချက်ကို ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အောက်တိုဘာ ၁ ရက်တွင် အယူခံဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုစွဲချက်များအတွက် ရက်သတ္တ ၁၂ ပတ်ခန့် ကြားနာစစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါကာလအတွင်း တရားရေးကုန်ကျစရိတ်မှာ စတာလင်ပေါင်သန်း ၇၀ မှ သန်း ၁၀၀ ကြား ကုန်ကျမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် အယူခံတွင်ရှုံးနိမ့်မည်ဆိုပါက တရားရေးကုန်ကျစရိတ်များကို အခြားပရီးမီးယားလိဂ်ကလပ် အသင်းများအနေဖြင့် ခွဲတမ်းကျပေးချေရမည် မဟုတ်သော်လည်း မန်စီးတီးအသင်း အယူခံအောင်မြင်မည်ဆိုပါက ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ ဘဏ္ဍာရေးစည်းမျဉ်းများအရ အဖွဲ့ဝင်ကလပ်အသင်းများက ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ တရားရေးရာကုန်ကျစရိတ်များကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ပံ့ပိုးပေးဆောင်ရမည့် စည်းကမ်းချက်ပါရှိသည့်အတွက် ပရီးမီးယားလိဂ် အဖွဲ့ချုပ်သည် မန်စီးတီးအသင်း၏ အယူခံအမှုတွင် ရှုံးနိမ့်မည်ဆိုပါက တရားရေးရာ ကုန်ကျစရိတ်ကို ကျန်ပရီးမီးယားလိဂ် ကလပ်အသင်းများက အချိုးကျပံ့ပိုးပေးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# Mandalar Futsal League ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များ ဆက်လက်ကျင်းပ

မန္တလေး အောက်တိုဘာ ၄

မန္တလေးတိုင်းဒေသကြီး ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းတွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက KH အသင်းနှင့် Mogyo အသင်းတို့ ကစားခဲ့ရာ KH အသင်းက ငါးဂိုး လေးဂိုး၊ နံနက် ၉ နာရီ ၄၅ မိနစ်က Black Wolves အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ Black Wolves အသင်းက နှစ်ဂိုး တစ်ဂိုး၊ နံနက် ၁၁နာရီခွဲက Pyae Sone အသင်းနှင့် MDY Youth အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Mali Kyal Sin အသင်းနှင့် AYA Papu အသင်းတို့ ကစားခဲ့ရာ Mali Kyal Sin အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ညနေ ၃ နာရီက SK အသင်းနှင့် Glory အသင်းတို့ ကစားခဲ့ရာ Glory အသင်းက ခုနစ်ဂိုးလေးဂိုးဖြင့် အနိုင်ရခဲ့သည်။

Mandalar Futsal League ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို အောက်တိုဘာ ၇ ရက်တွင် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ STA

# AFC U-17 အမျိုးသမီးအာရှဖလားဘောလုံးပြိုင်ပွဲမတိုင်မီ ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC U-17 အမျိုးသမီး အာရှဖလားဘောလုံး ပြိုင်ပွဲမတိုင်မီ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ U-17 အမျိုးသမီးအသင်း နည်းပြချုပ် Tetsuro Uki နှင့် အသင်းခေါင်းဆောင် ရှင်းသန့်ဖြူစင်ပြုံးတို့ တက်ရောက်ခဲ့ပြီး အိမ်ကွင်း၌ ယှဉ်ပြိုင်ခွင့်ရရှိမှု၊ အသင်း၏ ပြင်ဆင်ထားရှိမှု၊ ပြိုင်ပွဲအတွက် မျှော်လင့်ချက်များကိုရှင်းလင်းပြောကြားခဲ့သည်။




ဦးစွာနည်းပြချုပ် Tetsuro Uki က ပွဲစဉ်များ အဆင်ပြေချောမွေ့စွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ကူညီပေးခဲ့ကြသူများနှင့် ကွင်းအတွင်း လာရောက်အားပေးကြမည့် ပရိသတ်များကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့ပြင် အသင်းခေါင်းဆောင် ရှင်းသန့်ဖြူစင်ပြုံးက အသင်းအနေဖြင့် ပြင်ဆင်ချိန် လုံလောက်စွာရရှိခဲ့သည့်အတွက် ပွဲတိုင်းတွင် အကောင်းဆုံးယှဉ်ပြိုင်ကာ ရလဒ်ကောင်းရရှိရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းသည် အောက်တိုဘာ ၅ ရက်တွင် ဂူအမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

နည်းပြချုပ် Tetsuro Uki က "အခုဆိုရင် ကျွန်တော်တို့အသင်းဟာအုပ်စုတွင်း ပြိုင်ဘက်နှစ်သင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီအသင်းတွေမှာလဲ ကျွန်တော်တို့နဲ့ မတူတဲ့ သီးခြားအားသာချက်တွေ အသီးသီးရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြိုင်ဘက်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်ပြီး သေချာပြင်ဆင်ပြီးတော့ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ "ဟု ပြောကြားခဲ့ကြောင်း သိရသည်။ STA

# မြန်မာယူ-၁၇အသင်းနှင့် အိန္ဒိယယူ-၁၇အသင်းတို့၏ ပထမခြေစမ်းပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်



**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယယူ-၁၇ အသင်းတို့သည် ပထမခြေစမ်းပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကစားခဲ့ရာ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၂ မိနစ်တွင် အသင်းခေါင်းဆောင် အောင်မြတ်သာက မြန်မာယူ-၁၇ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီးနောက် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် အိန္ဒိယအသင်းကလည်း ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးကစားရန် ကြိုးပမ်းခဲ့ရာမှ ပွဲချိန် ၇၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျန်တီက အိန္ဒိယအသင်းအတွက် ချေပဂိုးသွင်းယူခဲ့ပြီးနောက် ပွဲစဉ်အပြီးတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၇ အသင်းနှင့် အိန္ဒိယယူ-၁၇အသင်း တို့သည် အာရှယူ-၁၇ ဖလားပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစွမ်းပွဲကစားခဲ့ကြခြင်းဖြစ်ပြီး ဒုတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် အောက်တိုဘာ ၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# မြန်မာယူ-၁၉ အမျိုးသမီးဖူဆယ်အသင်း စခန်းဝင်လေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၄**

လာမည့် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံယူ-၁၉ အမျိုးသမီးဖူဆယ် ချန်ပီယံရှစ် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ-၁၉ အမျိုးသမီး ဖူဆယ်အသင်းသည် ယနေ့ညနေပိုင်းမှစတင်၍ သုဝဏ္ဏကွင်းအတွင်းရှိ လက်ရွေးစင်ကစားသမားများ အဆောင်တွင် စခန်းသွင်း လေ့ကျင့်နေကြောင်း သိရသည်။

ပဏာမ မြန်မာအမျိုးသမီးယူ-၁၉ ဖူဆယ်အသင်း၏ စခန်းဝင်လေ့ကျင့်မှု စတင်သည့် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ကော်မတီအဖွဲ့ဝင်များက ကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြသည်။

မြန်မာယူ-၁၉ အမျိုးသမီးဖူဆယ်အသင်းကို ပဏာမကစားသမား ၃၁ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးအောင်အောင်က တာဝန်ယူဆောင်ရွက်ကာနည်းပြ ၁၀ ဦးဖြင့် စတင်စခန်းသွင်း လေ့ကျင့်နေခြင်းဖြစ်သည်။

ပဏာမ မြန်မာယူ-၁၉ အမျိုးသမီး ဖူဆယ်အသင်းသည် တစ်ပတ်လျှင် လေ့ကျင့်ချိန် ကိုးကြိမ်ပြုလုပ်မည်ဖြစ်ပြီး အမျိုးသမီးဖူဆယ်လိဂ်မှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ခြေစွမ်းကောင်းများ ပြသခဲ့သော ကစားသမားများကို ရွေးချယ် ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း သိရသည်။

STA

# Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ပွဲစဉ်များ အပြီးတွင် ထိုင်းဂေါက်သီးရိုက်မယ် သီတိကူ ထိပ်ဆုံးမှဦးဆောင်

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ ပွဲစဉ်များအပြီးတွင် ထိုင်းဂေါက်သီးရိုက်မယ် သီတိကူက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ပွဲစဉ်များအဖြစ် အောက်တိုဘာ ၃ ရက်က ကစားခဲ့ရာ သီတိကူသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ချက် လျော့ရိုက်ပြီးနောက် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ပွဲစဉ်များအပြီး သီတိကူ၏နောက်တွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် အီနာယွန်း၊ ဂျာမနီဂေါက်သီးရိုက်မယ် ပိုလီမက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက်မယ် မာဂျာစထရက်၊ အီတလီဂေါက်သီးရိုက်မယ် ဂရာတီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီ လျော့ရိုက်ပြီး တတိယနေရာတွင် ရပ်တည်နေသည်။

သီတိကူက "ရာသီဥတုကြောင့် အနည်းငယ်ခက်ခဲခဲ့တယ် ဆိုပေမဲ့ အကောင်းဆုံးပုံစံပြသနိုင်ခဲ့လို့ ကျေနပ်ပါတယ်။ ချန်ပီယံဆု အတွက်လဲ လက်တစ်ကမ်း အကွာကို ရောက်ရှိလာခဲ့ပါပြီ။ ဒီနေ့ လက်စွမ်းအတွက် ကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့သည်။

Lotte Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးအကျော့ပွဲစဉ်များအဖြစ် အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

Ref : DP Tour

Trs : STA

# တိုင်ဆန်ဖြူရီကို ၁၀ ချီအတွင်း အလဲထိုးဖြင့်အနိုင်ရယူမည်ဟု အန်သိုနီဂျိုရှုအာ ပြောကြား



**လန်ဒန် အောက်တိုဘာ ၄**

ဗြိတိန်ထိပ်တန်း လက်ဝှေ့သမားများဖြစ်သည့် အန်သိုနီဂျိုရှုအာက တိုင်ဆန်ဖြူရီနှင့် ထိုးသတ်မည့်ပွဲစဉ်တွင် ၁၀ ချီအတွင်း အလဲထိုးဖြင့်အနိုင်ရယူမည်ဟု ပြောကြားခဲ့ကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့သည် နှစ်အတန်ကြာ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ထိုးသတ်ရန် သဘောတူညီမှု ရရှိထားခြင်းဖြစ်သည်။

အန်သိုနီဂျိုရှုအာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ၃၄ ပွဲ အနိုင်ရရှိခဲ့ပြီး လေးပွဲရှုံးနိမ့်ထားကာ တိုင်ဆန်ဖြူရီသည် ၃၆ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသူဖြစ်သည်။

အန်သိုနီ ဂျိုရှုအာက "ကျွန်တော် တိုင်ဆန်ဖြူရီကို ၁၀ ချီအတွင်းမှာ အလဲထိုးနဲ့အနိုင်ယူသွားမှာပါ။ သူက ထိပ်တန်းလက်ဝှေ့သမားတစ်ဦးဖြစ်လို့ ခက်ခဲနိုင်တယ်ဆိုပေမဲ့ ကျွန်တော် ၁၀ ချီအတွင်း အနိုင်ရယူသွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Source of Boxing

Trs : STA

# ဂျပန်အိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တက်ရောက်



**တိုကျို အောက်တိုဘာ ၄**

ဂျပန်နိုင်ငံတွင် ကျင်းပနေသည့် တိုကျိုအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ယနေ့တွင် စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ်နှင့် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလော့ဗ်တို့ကစားခဲ့ရာ အယ်ကာရက်ဇ်က နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် အနည်းငယ်ရုန်းကန်ခဲ့ရကာ (၇-၆)ရလဒ်ဖြင့်အနိုင်ရပြီး ဒုတိယပွဲငယ်တွင် အကောင်းဆုံးပြန်လည်ဖိအားပေးကစားခဲ့ကာ (၆-၄)ရလဒ်ဖြင့်ထပ်မံအနိုင်ရပြီးနောက် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲမစတင်မီကတည်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၁) သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများရယူနိုင်ခဲ့ကာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျပန်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အယ်ကာရက်ဇ်သည် အောက်တိုဘာ ၅ ရက်တွင် တစ်နိုင်ငံတည်း ကစားသမားမူနာနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်းသိရသည်။

Ref : AGTP Tennis

Trs : STA

# နိုင်ငံ့အနာဂတ်ကို ပြုစုပျိုးထောင်ပေးနေသော ဥယျာဉ်မှူးများ

**ကျော်တင့်(ရွှေခရမ်း)**

လောကတွင်ဆရာများသည် ဆည်းကပ်ထိုက်သူ၊ ရှိသေထိုက်သူများဖြစ်ကာ ကျေးဇူးတရား လွန်စွာကြီးမားလှသည်။ မြန်မာတို့၏ယဉ်ကျေးမှုအစဉ်အလာအရ ဆရာသည် အနန္တောအနန္တငါးပါးတွင် ပါဝင်သဖြင့် ရှိသေလေးစားခဲ့ကြသည်။ အနန္တောအနန္တဂိုဏ်းဝင်ဆရာများ၏ ကျေးဇူးသည် ကြီးမားများပြားလှသကဲ့သို့ ဆရာ့သိက္ခာ၊ ဆရာ့တန်ဖိုးသည် ထာဝစဉ်ထွန်းပြောင်းနေမည်ဖြစ်သည်။ ဆရာသည် စိတ်ဓာတ်နှင့်စည်းကမ်းကောင်းပြီး ပညာပြည့်ဝသော တပည့်များပေါ်ထွန်းလာစေရန်၊ တာဝန်ခံတတ်သူ၊ တာဝန်ယူတတ်သူများဖြစ်လာစေရန်၊ အမျိုးအကျိုးသယ်ပိုးတတ်သူများ ဖြစ်လာစေရန် ပြုစုပျိုးထောင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ဆရာများသည် နိုင်ငံ့အနာဂတ်ကို ပြုစုပျိုးထောင်ပေးနေသော ဥယျာဉ်မှူးများဖြစ်ကြသည်။ ဆရာသည် ဝါသနာအရင်းခံ၍ မေတ္တာ၊ စေတနာနှင့် တပည့်များကို "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ"ဆိုသည့် ဆရာ့ဝတ္တရားများနှင့် အညီ ကျင့်ကြံကြကုန်သော ဆရာတို့၏ဂုဏ်ရည်မှာ စာဖွဲ့၍ မကုန်နိုင်အောင် ကြီးမားလှသည်။

ကမ္ဘာတစ်ဝန်းလုံးမှ ဆရာများ၏ မြင့်မြတ်သောဂုဏ်ကို ချီးကျူးအလေးအမြတ်ပြုသည့်အနေဖြင့် ၁၉၉၄ ခုနှစ်မှစတင်ကာ နှစ်စဉ်အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့သည်။ ယခုနှစ် ကျရောက်သောကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်မှာ "ဆရာများနှင့်အတူ ရပ်တည်ကြပါစို့" ဟူ၍ဖြစ်သည်။

လူသားဖြစ်လာလျှင် အမေဆိုသည်မှာ အသေအချာရှိသကဲ့သို့ ဆရာဆိုသည်မှာလဲရှိကြစမြဲပင်။ မည်သူမဆို နားလည်သိတတ်စအရွယ်မှစ၍ လေ့လာသင်ယူမှုဖြင့်သာ တတ်မြောက်ရသည်။ ထိုသို့သင်ယူလေ့လာနိုင်အောင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးသည်။ မိဘတို့သည် မိမိတို့သားသမီးများ၏ အနာဂတ်ကောင်းမွန်စေရန် ဆရာများထံသို့ ယုံကြည်စွာ အပ်နှင်းကြပြီး ဆရာများကလည်း တပည့်များကို ပန်းတိုင်မရောက်မီ လမ်းမှားမရောက်အောင်၊ အမြင့်ကိုမရောက်မီ ချောက်ကမ်းပါးမှပြုတ်မကျရလေအောင် တည့်မတ်ပေးကြသည်မှာ ဆရာများပင်ဖြစ်သည်။

"ဆရာ"ဟူသည့်ဝေါဟာရကို မြန်မာအဘိဓာန်တွင် ပညာသင်ကြားပေးသူ။ သွန်သင်ဆုံးမနည်းလမ်းပြသူ။ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ။ ယဉ်ကျေးသမှုဖြင့်ခေါ်သော စကားလုံးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ "ဆာယာ" ဟူသော ပါဠိသက်ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး ဆာယာသည် "အေးရိပ်" ဖြစ်သည်။ တပည့်များ နားခိုရန် အေးမြသောအရိပ်ကို ပေးစွမ်းနိုင်သဖြင့် ဆရာဟုခေါ်သည်။ ပါဠိဘာသာဖြင့် "အာစရိ"ဟု သုံးနှုန်းကြပြီး မြန်မာဘာသာစကားရှိ "ဆရာ"ဆိုသော ပုဒ်သည် သက္ကတဘာသာ၏ "အာစာရယ"မှ ဆင်းသက်လာသည်ဟု ပညာရှင်တို့က ဖော်ပြကြောင်း မှတ်သားရဖူးသည်။ မြန်မာမှုနယ်ပယ်တွင် သင်ဆရာ (မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)နှင့် ကြားဆရာ (သုတာစရိယ) ဟူ၍ သုံးမျိုးရှိသည်။ ဆရာများသည် တပည့်တို့ကို ကျောသားရင်သား မခွဲခြားဘဲ သားသမီးအရင်းကဲ့သို့ သဘောထားကာ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် အသိအလိမ္မာနှင့် စိတ်ဓာတ်ရေးရာ မြင့်မားအောင် သင်ကြားညွှန်ပြပေးကြသည်။ ဆရာဟူသည် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသောနာသုံးနာအပြင် အကြင်နာတို့ပါ ထပ်လောင်း၍ တပည့်များကို လမ်းမှန်လျှောက်လှမ်းနိုင်စေရေး သင်ကြားပေးသူများဖြစ်သည်။




လူမှုရေးကျင့်ဝတ်များတွင် အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာဟူသည့် ဆရာ့ကျင့်ဝတ်ငါးပါးနှင့်အညီ ကျင့်ကြံအားထုတ်သူများဖြစ်သည်။ ဆရာသည် အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးရုံတင်မက သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးခြင်း၊ ဆုံးမဩဝါဒပေး၍ ပြုပြင်ပေးခြင်း၊ မိမိတတ်သမျှ အကုန်သင်ပေးခြင်း၊ တပည့်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးခြင်း၊ မိမိထက်ကျေးဇူးပြုနိုင်မည့်အထူးသင်ကြားပေးနိုင်မည့် ဆရာများထံသို့ အပ်နှံပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးကြသူများဖြစ်သည်။ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်ရှိသူများ၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်လာစေရန် လမ်းမှန်ညွှန်ပြ သင်ပြလျက်ရှိသည်။ ၎င်းအလေ့အကျင့်ကောင်းများကိုပျိုးထောင်၍ ဆန်းစစ်ဝေဖန်တတ်စေရန်၊ ပြဿနာများ ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်၊ တီထွင်ဖန်တီးတတ်စေရန် လမ်းညွှန်လေ့ကျင့်ပေးလျက်ရှိသည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ထက်သန်လာစေရန် ပျိုးထောင်ပေးလျက်ရှိသည်။

မျိုးဆက်သစ်ကျောင်းသားလူငယ်များသည် နိုင်ငံနှင့်လူမျိုးတာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် ပညာပြည့်ဝနုလုံးလှသည့် နိုင်ငံသားကောင်းများဖြစ်စေရန်နှင့် ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလဆိုသည့် ဗလငါးတန်ပြည့်စုံသော လူငယ်များဖြစ်စေရန် ဆရာတို့၏အခန်းကဏ္ဍသည် လွန်စွာအရေးပါပေသည်။ ဆရာသည်တပည့်များကို အတတ်ပညာများအပြင် ဘဝရဲ့ရည်မှန်းချက်၊ စိတ်ကူးစိတ်သန်း၊ စဉ်းစားတွေးခေါ်မှု၊ လူမှုကျင့်ဝတ်၊ ပူးပေါင်းဆောင်ရွက်မှု စသည့်ဘဝ၏ လိုအပ်ချက်များပြည့်စုံစေရန် သင်ကြားပြုစုပျိုးထောင်ပေးနေကြသူများဖြစ်သည်။ ဆရာများက ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာများကို အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးခြင်းဖြင့် လူ့ဘဝခရီးတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းကျော်လွှားကာ အောင်မြင်မှုများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

"ဆရာကောင်းတပည့် ပန်းကောင်းပန်"ဆိုသည့် စကားအတိုင်း ဆရာကောင်းတစ်ယောက်၏ ပညာအရည်အချင်းနှင့် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော စိတ်စေတနာတို့အပေါ်တွင် တပည့်များ၏ ဘဝများ အကောင်းအဆိုးသည် တည်မှီနေသဖြင့် တပည့်များ၏ ပညာအရည်အသွေးမြင့်မားစေရန် ဆရာ၏ အရည်အသွေးလည်း မြင့်မားနေရမည်ဖြစ်သည်။ တပည့်များ၏ အရည်အသွေးသည် ဆရာများအပေါ် များစွာတည်မှီလျက်ရှိရာ ဆရာများ၏အရည်အသွေး မြင့်မားရေးသည် အနာဂတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးမှုအတွက် အဓိကကျသည့်ကိစ္စရပ်ဖြစ်သည်။ ဆရာများသည် ဆန်းသစ်သည့်အယူအဆ၊ အတွေးအခေါ်များနှင့် အစဉ်ရှင်သန်နေကြရမည်ဖြစ်သည်။

ဆရာကောင်းတို့ရှိမှသာ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့်လူငယ်တို့ပညာပြည့်ဝနုလုံးလှကြကာ နိုင်ငံနှင့် လူမျိုးအကျိုးကို အားကြိုးမာန်တက်ထမ်းရွက်နိုင်ကြပြီး နိုင်ငံ၏ အလှ၊ နိုင်ငံ၏ဂုဏ်ကို ဖော်ဆောင်နိုင်ကြမည်ဖြစ်သည်။ နိုင်ငံ့အနာဂတ်အတွက် ပညာအရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး မျိုးဆက်သစ်များ ထူးချွန်ထက်မြက်မှ အနာဂတ်လူ့အဖွဲ့အစည်း၊ အနာဂတ်နိုင်ငံတော် တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ဆရာများ၏ တပည့်များအပေါ်ထားရှိသော စေတနာနှင့် အနစ်နာခံမှုကို နေရာဒေသမရွေးတွင် တွေ့ရှိနိုင်သည်။ တာဝန်ထမ်းဆောင်ရသည့် နေရာဒေသများတွင် အဆင်မပြေမှုနှင့် လိုအပ်ချက်မည်သို့ပင်ရှိနေစေကာမူ ကြံ့ကြံ့ခံကာတာဝန်ကျေပွန်အောင် ထမ်းဆောင်နေကြသည်ကို တွေ့မြင်နေရသည်မှာ လေးစားဖွယ်ရာဖြစ်သည်။ သွားလာရခက်ခဲသော နေရာများသို့ ရောက်အောင်သွား၍ ပညာသင်ပေးကြသည်။ အချို့ဒေသများတွင် အမျိုးမျိုးသော ဘေးအန္တရာယ်များကိုပင် ရင်ဆိုင်ကျော်လွှားကာ အသက်ကိုပင်မငဲ့ကွက်ဘဲ တာဝန်ထမ်းရွက်ကြသည်။ မည်သည့်အခက်အခဲများကိုမဆို စိတ်မပျက်ဘဲ ဆရာ့စိတ်ရင်းကို အရင်းတည်လျက် တပည့်များအပေါ် စေတနာထားသင်ကြားပြသကြသည်။ ဝေးလံခေါင်ဖျားသောဒေသများရှိ ဒေသခံလူငယ်များ ပညာတတ်စေရေးအတွက် စွန့်လွှတ်စွန့်စား အနစ်နာခံကာ ဆောင်ရွက်နေကြသည့် ဆရာ၊ ဆရာမများသည် စံတင်ဂုဏ်ပြုဖွယ်ရာပင်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ ၂၁ ရာစုပညာရေးတွင် ဆရာများ၏ တာဝန်များသည် ပို၍ကျယ်ဝန်းနက်ရှိုင်းလာသည်။ ပညာခေတ်တွင် လူသားအရင်းအမြစ် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည်။ ဆရာတို့သည် လူ့ဘောင်လောက အဖွဲ့အစည်းကို ပညာဖြင့် အလှဆင်ပေးနေကြသော ပညာရှင်များ၊ တပည့်များအပေါ် ရှေ့ဆောင်လမ်းပြပေးနေသော စေတနာရှင်၊ ဝါသနာရှင်များ၊ တပည့်သားမြေးတို့ကို ရင်ဝယ်သားပမာ အကြင်နာတရားအပြည့်နှင့် သင်ကြားပြသဆိုဆုံးမပေးနေသော ကရုဏာရှင်များ၊ တပည့်တို့၏ စိုးရိမ်ကြောင့်ကြမှုများကို ဖြေဖျောက်ပေးစွမ်းနိုင်သော မေတ္တာရှင်များ၊ လုပကြေ့ရှင်းရန့်သင်းသည့် ပန်းကောင်းပန်းပွင့်များ ပွင့်လန်းစေသည့် ဥယျာဉ်မှူးများ ဖြစ်ကြသည်။

ထို့ကြောင့် ဆရာများသည် ဘုရားနှင့်တစ်ဂိုဏ်းတည်း အနန္တော၊ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်အဖြစ် ရှိသေလေးစားဦးခိုက်ပူဇော်ခြင်းကို ခံယူထိုက်ကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းနေအရွယ်ကလေးတိုင်းကို ဘက်စုံပညာပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာသော နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရန်အတွက် ဖော်ဆောင်ပေးနိုင်မည့်သူများမှာ ဆရာ၊ ဆရာမများပင်ဖြစ်သည်။ ဆရာများသည် လောကကိုပညာဖြင့် အလှဆင်ကာ တပည့်များကို ရှေ့ဆောင်လမ်းပြနေသည့်မီးရှူးတန်ဆောင်ကြီးများဖြစ်သကဲ့သို့ နိုင်ငံ့အနာဂတ်ကို ပြုစုပျိုးထောင်ပေးနေသော ဥယျာဉ်မှူးများပင်ဖြစ်ပါကြောင်း ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၅.၁၀.၂၀၂၅ ထုတ်သတင်းစာများ

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အမေရိကန်ကြည်းတပ်က ဒရုန်းတိုက်ဖျက်ရေးစနစ်များအတွက် ကုမ္ပဏီ ၁၀ ခုနှင့် စာချုပ်များချုပ်ဆို




အမေရိကန်ကြည်းတပ်သည် ရန်သူ့ဒရုန်းများကို ထောက်လှမ်းခြင်းနှင့် ဖျက်ဆီးခြင်းတို့ ဆောင်ရွက်နိုင်ရန် ရေဒါများ၊ ကင်မရာများ၊ ရေဒီယိုလှိုင်းအခြေပြု အနှောင့်အယှက်ပေးစနစ်များနှင့် လက်နက်စနစ်များပါဝင်သည့် ဒရုန်းတိုက်ဖျက်ရေး စနစ်များအတွက် ကုမ္ပဏီ ၁၀ ခုနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅ ဘီလီယံထိရှိသည့် စာချုပ်များ ချုပ်ဆိုခဲ့ကြောင်း Defense Blog သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ကြည်းတပ်က တက္ကဆက်ပြည်နယ်ရှိ Allen Control Systems ကုမ္ပဏီ၊ ကယ်လီဖိုးနီးယားပြည်နယ်ရှိ Digital Force Technologies ကုမ္ပဏီ၊ ဗာဂျီးနီးယားပြည်နယ်ရှိ DroneShield ကုမ္ပဏီ၏ အမေရိကန်ဌာနခွဲ၊ ဗာဂျီးနီးယားပြည်နယ်ရှိ Napatree Technology ကုမ္ပဏီ၊ မေရီလန်းပြည်နယ်ရှိ RADA Technologies ကုမ္ပဏီ၊ နယူးယောက်ပြည်နယ်ရှိ SRCကုမ္ပဏီနှင့် တင်နက်ဆီပြည်နယ်ရှိ Wescam USA ကုမ္ပဏီတို့ကို ကုမ္ပဏီတစ်ခုလျှင် အများဆုံး အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်စာချုပ်ပမာဏ သတ်မှတ်ပေးထားကြောင်း သိရသည်။

ထို့ပြင် ဝါရှင်တန်ပြည်နယ်ရှိ Echodyne ကုမ္ပဏီနှင့် ကယ်လီဖိုးနီးယားပြည်နယ်ရှိ PVP Advanced EO Systems ကုမ္ပဏီတို့ကို ကုမ္ပဏီတစ်ခုလျှင် အမေရိကန်ဒေါ်လာ သန်း ၂၅၀ စီ၊ ဗာဂျီးနီးယားပြည်နယ်ရှိ Smart Shooter ကုမ္ပဏီကို အမေရိကန်ဒေါ်လာ သန်း ၁၅၀ ထိ စာချုပ်ပမာဏသတ်မှတ်ပေးထားသည်။ ထိုစာချုပ်များသည် သတ်မှတ်ဈေးနှုန်းဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်မှာယူနိုင်သည့် IDIQ စာချုပ်များဖြစ်ကြောင်း သိရသည်။

အဆိုပါစာချုပ် ၁၀ ခုကို အမေရိကန်ကြည်းတပ်က စက်တင်ဘာ ၂၈ ရက်တွင် မစ်ရှီဂန်ပြည်နယ် Detroit Arsenal ရှိ စာချုပ်ချုပ်ဆိုရေး ကွပ်ကဲမှုဌာနတွင် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၂၀၂၉ ခုနှစ် စက်တင်ဘာလကုန်ထိ သက်တမ်းရှိမည်ဖြစ်သည်။ ဖော်ပြထားသည့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၅ ဘီလီယံမှာ ကြည်းတပ်က အဆိုပါကုမ္ပဏီများထံမှ ၂၀၂၆ ခုနှစ်မှ ၂၀၂၉ ခုနှစ် သုံးနှစ်အတွင်းမှာယူနိုင်သည့် အများဆုံးစာချုပ်ပမာဏဖြစ်ပြီး လက်တွေ့အသုံးပြုမည့် ငွေကြေးနှင့် လုပ်ငန်းတည်နေရာများကို မှာယူသည့်အကြိမ်အလိုက် သီးခြားသတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာချုပ်များတွင် ဒရုန်းများကို ထောက်လှမ်းရန် အာရုံခံစနစ်များ၊ ဒရုန်းများကို တားဆီးဖျက်ဆီးရန် လက်နက်စနစ်များနှင့် ကွပ်ကဲထိန်းချုပ်ရေးစနစ်များ ပါဝင်ပြီး အမေရိကန်အစိုးရ၏ အခြားဌာနများတွင်လိုအပ်သည့် ဒရုန်းတိုက်ဖျက်ရေးစွမ်းရည်များအတွက်လည်း အသုံးပြုနိုင်မည်ဟု အမေရိကန်ကြည်းတပ်၏ ဝယ်ယူရေးဆိုင်ရာအကြီးအကဲ Brent Ingraham က ပြောကြားခဲ့သည်။

အဆိုပါစာချုပ်များသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ဒရုန်းနှင့် ဒရုန်းတိုက်ဖျက်ရေးပစ္စည်းများ ဝယ်ယူနိုင်သည့် Marketplace စနစ်နှင့် Domestic Shield အစီအစဉ်တို့ကို အထောက်အပံ့ပေးမည်ဖြစ်သည်။ Domestic Shield အစီအစဉ်သည် အမေရိကန်စစ်ဘက်အခြေစိုက်စခန်းများနှင့် အရေးကြီးအမျိုးသားအခြေခံအဆောက်အအုံများကို အသေးစားဒရုန်းများ၏ ခြိမ်းခြောက်မှုမှကာကွယ်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

U.S. Army signs $4.15B in anti-drone deals with 10 firms ကို ဘာသာပြန်ဆိုထားပါသည်။

# တာတိုပစ်လေကြောင်းရန်နှင့် တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစွမ်းရည်များအားကောင်းစေရေး ပိုလန်နှင့်တူကီယဲတို့ ပူးပေါင်းဆောင်ရွက်နေ

ပိုလန်နိုင်ငံနှင့် တူကီယဲနိုင်ငံတို့သည် တူကီယဲကုမ္ပဏီထုတ် TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အခြေခံ၍ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးနှင့် တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစွမ်းရည်များ အားကောင်းစေရေး ပူးပေါင်းဆောင်ရွက်နေကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်တွင် ဒရုန်းများ၊ တိကျပဲ့ထိန်းခဲယမ်းများနှင့် အနိမ့်ပျံခြိမ်းခြောက်မှုများကိုတုံ့ပြန်နိုင်ရန် ပစ်ခတ်ဖျက်ဆီးရေးနှင့် အီလက်ထရွန်နစ်နည်းလမ်းဖြင့် တားဆီးရေးစနစ်များကို ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်ပြီး NATO အဖွဲ့ဝင်နိုင်ငံများ၏ အရှေ့ဘက်ခြမ်းတစ်လျှောက် ပိုလန်နိုင်ငံကတည်ဆောက်လျက်ရှိသည့် အလွှာလိုက်လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ပိုမိုခိုင်မာစေရန် ရည်ရွယ်ထားသည်။

TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်တွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်၊ ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် အထူးထုတ်လုပ်ထားသည့်ကျည်များ၊ ပြောင်းအချင်းအမျိုးမျိုးရှိ အမြောက်စနစ်များနှင့် ကွပ်ကဲထိန်းချုပ်ရေးလုပ်ဆောင်ချက်များကို တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး စနစ်တစ်ခုအတွင်းပေါင်းစပ်ထားသည်။ တူကီယဲ MKE ကုမ္ပဏီနှင့် ပိုလန် PGZ ကုမ္ပဏီတို့ကြား သဘောတူညီချက်တွင် ခဲယမ်းများ အသုံးပြုရန်မလိုဘဲ ခြိမ်းခြောက်မှုများကို တားဆီးနိုင်သည့် အီလက်ထရွန်နစ်စနစ်များဖြင့် တားဆီးရေးစနစ်များကို အထူးအလေးပေးထားသည်။ ၎င်းနည်းစနစ်များသည် အဆင့်မြင့်ခြိမ်းခြောက်မှုများအတွက် တန်ဖိုးမြင့်ကြားဖြတ်ဒုံးကျည်များကို ပိုမိုထိရောက်စွာအသုံးပြုနိုင်ရန် ထိန်းသိမ်းထားနိုင်ပြီး အလွှာလိုက်တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်များအတွက် လိုအပ်ချက်နှင့်လည်း တိုက်ရိုက်ဆက်စပ်နေသည်။

အဆိုပါ သဘောတူညီချက်သည် ပိုလန်နိုင်ငံအတွက်လည်း လက်တွေ့စစ်ဆင်ရေးဆိုင်ရာ အရေးပါမှုရှိသည်။ အထူးသဖြင့် ကုန်ကျစရိတ်နည်းပါးသည့် ဒရုန်းများကိုထောက်လှမ်း၍ တားဆီးဖျက်ဆီးရာတွင် တန်ဖိုးမြင့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များအပေါ် သီးသန့်မှီခိုခြင်းမပြုဘဲ တုံ့ပြန်နိုင်သည့်စွမ်းရည်များ လိုအပ်လာလျက်ရှိသည်။

TOLGA စနစ်သည် အသေးစားမောင်းသူမဲ့လေယာဉ်များ၊ နည်းဗျူဟာမြောက်ဒရုန်းများ၊ ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များကို တုံ့ပြန်နိုင်ရန်ဖွဲ့စည်းထားသည့် အလွှာလိုက်တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ MKE ကုမ္ပဏီ၏ဖော်ပြချက်အရ အဆိုပါစနစ်တွင် အီလက်ထရွန်နစ်စနစ်ဖြင့် ပစ်မှတ်ထောက်လှမ်းနိုင်သည့် AESA ရေဒါစနစ်၊ EO/IR ပစ်မှတ်ခြေရာခံစနစ်၊ ဖိဖျက်နှောင့်ယှက်ရေးစနစ်၊ ဒရုန်းတိုက်ဖျက်ရေးအတွက် အထူးထုတ်လုပ်ထားသည့် ကျည်၊ ခဲယမ်းများ၊ အလိုအလျောက်ပစ်ခတ်နိုင်သည့် လက်နက်စနစ်များ၊ လေဆာလက်နက်စနစ်နှင့် ပစ်မှတ်ရှာဖွေခြင်း၊ ခြေရာခံခြင်းနှင့် ပစ်ခတ်တိုက်ခိုက်ခြင်းလုပ်ငန်းစဉ်များကို ပေါင်းစပ်ကွပ်ကဲနိုင်သည့် ကွပ်ကဲထိန်းချုပ်ရေးစနစ်တို့ ပါဝင်သည်။




တူကီယဲနိုင်ငံအတွက်လည်း ပိုလန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုသည် TOLGA စနစ်၏ ဥရောပဈေးကွက်အတွင်း ပူးပေါင်းဖော်ဆောင်နိုင်မှုနယ်ပယ်ကို ပိုမိုကျယ်ပြန့်လာစေသည်။ MKE ကုမ္ပဏီ၏ ဖော်ပြချက်အရ ပိုလန်နိုင်ငံသည် ဟန်ဂေရီနိုင်ငံပြီးနောက် TOLGA စနစ်နှင့် ပူးပေါင်းဆောင်ရွက်သည့် ဒုတိယမြောက်ဥရောပနိုင်ငံဖြစ်ပြီး တူကီယဲနိုင်ငံထုတ် တန်ပြန်ဒရုန်းရန်ကာကွယ်ရေးနည်းပညာများကို NATO အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်ဖွံ့ဖြိုးနိုင်ရန် နောက်ထပ်လမ်းကြောင်းတစ်ရပ် ဖြစ်လာသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် MKE ကုမ္ပဏီနှင့် PGZ ကုမ္ပဏီတို့၏ နားလည်မှုစာချွန်လွှာအရ ပိုလန်နိုင်ငံအတွက် ဝယ်ယူမည့်အရေအတွက်ကို ထုတ်ပြန်ထားခြင်းမရှိသေးပေ။ ၎င်းသဘောတူညီချက်၏ အရေးပါမှုမှာ ပိုလန်နိုင်ငံနှင့် တူကီယဲနိုင်ငံတို့၏ လေကြောင်းရန်ကာကွယ်ရေး နည်းပညာများကို တာတိုပစ်အဆင့်တွင် အပြန်အလှန်ပေါင်းစပ်အသုံးပြုနိုင်မည့် နည်းပညာဆိုင်ရာလမ်းကြောင်းတစ်ရပ် ဖန်တီးပေးခြင်းဖြစ်ကြောင်း သိရသည်။

Poland and Türkiye Team Up on TOLGA Air Defense to Strengthen NATO's Eastern Flank ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# Message sent by President of the Republic of the Union of Myanmar Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing to the ceremony to mark World Teachers' Day 2026 (5 October 2026)

**Esteemed teachers,**

On the auspicious occasion of World Teachers' Day, which falls on 5 October 2026, I would first like to extend my best wishes to all teachers across Myanmar for good physical and mental well-being. Today, 5 October, is World Teachers' Day, a special and auspicious occasion observed worldwide to honour and celebrate the noble and distinguished virtues of teachers, including their moral integrity, dedication and knowledge.

World Teachers' Day has been celebrated worldwide every year on 5 October since 1994, and it has now been 33 years of honouring and paying tribute to the noble contributions of teachers. In Myanmar, World Teachers' Day has also been observed since 5 October 2002, marking 24 years this year. Teachers are continuously nurturing the educated human resources that are essential for the development of the country. I pay deep respect and honour the abilities and contributions of teachers in serving the interests of the country and its people through education across successive generations.

A noble teacher is one capable of bringing the light of wisdom to others and guiding them away from greed, teaching them to overcome anger and cultivating patience and forgiveness, and dispelling the darkness of ignorance, guiding and directing them towards the right path. Teachers are benefactors of the teacher lineage who possess the six qualities of a mentor: encouraging, awakening, showing compassion, exercising patience, providing guidance and offering thoughtful advice, and upholding the five teacherly duties: **imparting knowledge and skills, giving guidance, teaching all techniques without withholding anything, protecting students from dangers and harm, and assigning them to suitable responsibilities.** In addition, they possess such admirable qualities as broad knowledge and learning, proficiency in their respective fields, good moral character, and the ability to speak only what is truthful and beneficial.

The noble virtues of teachers are praised in the Magha Deva poem as follows: **"A teacher is one who, with upholding loving-kindness and compassion, points out faults whenever they are seen, keeps nothing hidden in the heart, speaks the truth, and offers guidance with the sincere wish for the student's improvement."** As an integral part of Myanmar's cultural heritage, teachers and benefactors of the noble lineage of teachers have long been revered, respected and honoured in accordance with the traditions of paying homage and showing humility. This longstanding tradition of respect and paying tribute to teachers has been firmly upheld for generations.

The term **"teacher"** is derived from the Pali word **"Sayā"**, meaning **"a shelter that provides safety and cool shade"**. The Myanmar Dictionary also defines a teacher as **"one who imparts knowledge, instructs, disciplines and guides others"**. Since people acquire various forms of knowledge and skills that contribute to their worldly and spiritual well-being from teachers, no one in this world can be said to be without a teacher or to have never had a teacher.

Teachers, in keeping with the principle of "teaching lessons while also shaping character", nurture their students like their own children, without discrimination or favouritism. They strive not only to help students excel academically but also to equip them with knowledge and practical skills. They also instil in students the traditional Myanmar values of "respecting elders, showing consideration to peers and caring for the younger". Teachers guide students so that they can build successful and meaningful futures and become responsible individuals who contribute positively to society. Teachers nurture the younger generation to become capable and outstanding individuals, to develop socially and morally with a proper balance between self-interest and concern for others, and to cultivate students with the five forms of strength. As such, teachers are truly "the heart of education, the steerspersons of the future, and a cornerstone of the nation".

Classrooms are places where the future of the nation is shaped, while teachers serve as pioneers and guides who educate and nurture future national leaders, intellectuals, professionals and skilled workers. Therefore, nation-building and development require many good and dedicated teachers who possess sound values, beliefs and attitudes and uphold professional teaching ethics.

The State is promoting the role and rights of teachers on an equal basis so that the country can keep pace with today's global landscape, marked by growing competition in science and technology in the 21st-century knowledge era, and develop an education system capable of competing at the international level. Enhancing education lays a firm foundation for national development, peace, stability and prosperity. Therefore, the government continues to pay close attention to the voices of teachers and make sustained efforts to improve their social well-being and enhance their professional capabilities. In particular, support is being provided in various areas to strengthen teachers' digital skills, proficiency in research-based teaching methods, and higher-order thinking and analytical abilities.

In line with the motto **"Let us ensure education sector for the development of the Nation"**, the State is placing particular emphasis on increasing investment in the education sector through the national budget and promoting balanced development across various areas, including basic education, higher education, vocational education and research. To ensure that citizens can fully enjoy their inherent right to education without interruption throughout the country, a free education system is being developed in the basic education sector. Regarding students and young people as invaluable human resources, efforts will be made to transform basic education schools into Smart Schools and to promote universities and colleges as quality learning environments in accordance with international standards.

In addition to salaries, teachers are being provided with additional benefits based on their educational qualifications, uniform allowances, housing allowances, and increased opportunities for domestic and overseas education. Annual awards are also presented to outstanding and high-achieving children of members of the education community. In recognition of teachers' dignity, competence and dedication to their duties, honorary award recipients and outstanding teachers are selected and honoured annually. Furthermore, efforts will continue to improve teachers' working conditions, ensuring their psychological and physical safety and enabling them to uphold the dignity and professional standards of the teaching profession.

As efforts are being accelerated to achieve the two priority objectives of "forging peace and stability in the country" and "promoting national development," teachers and students who possess sound knowledge, rationality and a basic understanding of peace serve as a vital source of strength for the nation. As the main pillars of the national education system, teachers have a responsibility to understand and comply with the Constitution, existing laws, rules and regulations prescribed by the State, and to pass on and disseminate knowledge to the younger generation. In line with the educational objective of "morale, discipline and knowledge", they should also nurture their students to become responsible citizens who maintain good discipline and respect and abide by the law. It is important for teachers to always place the national interest first and faithfully fulfil their responsibilities to the country and the education sector.

Teachers must have a thorough knowledge of the provisions of the National Education Law and strictly comply with educational directives, procedures and regulations when carrying out educational activities. In addition, teachers have to nurture students and young people so that they can understand, practise and comply with democratic principles and practices, in addition to practising such principles themselves. Teachers must have the capability to manage their time and continuously study and learn to enhance their professional knowledge and teaching skills. They should participate actively in quality-enhancement training courses and seminars and make concerted efforts to contribute to the development of the education sector. I would also like to emphasize that teachers themselves need to read widely and continuously acquire knowledge so that they can impart guidance, moral instruction and knowledge to students and young people, enabling them in the future to contribute to the development of the national economy and to respect and abide by the law.

I would like to urge all teachers to steadfastly serve their duties as much as they can because the education department is directly concerned with chances of all school-age children to attend schools, reduction of school dropout rate, measures to enable all citizens to complete at least KG+9 education, arrangements for those attending higher education to complete their studies, and plans to enjoy opportunities to pursue vocational techniques to develop the education sector.

The State has revised the formation of the Ministry of Industry, Micro, Small and Medium-sized Enterprise Development to promote the industrial sector based on agriculture and livestock farming. As such, it is important to continuously encourage the production of large numbers of excellent intellectuals and intelligentsia. All teachers, parents and officials have to join hands in harmony to ensure equitable development of the entire nation through concerted efforts of experts and scholars.

Teachers deeply understand and accept the genuine essence of wisdom, upholding the tradition "The livelihoods with are the best". They need to uplift their capabilities to be the teachers who guide and advise their pupils with genuine goodwill, loving-kindness, empathy and compassion to become educated, polite individuals. On the occasion of World Teachers' Day, I earnestly urge the teachers to cultivate in their hearts the innate knowledge, wisdom and awareness that enable them to think broadly and envision the future, so that these qualities may flourish perpetually for the benefit of the nation's future generations.

In conclusion, I extend my best wishes: -

- May all the teachers become gardeners who can create the garden of knowledge to enable a diverse array of beautiful flowers to bloom peacefully in full splendour.
- May they be able to produce many well-educated, virtuous, and capable individuals who take delight in learning within the shelter of knowledge.
- May they develop profound knowledge and wisdom, and contribute to enhancing the image of the nation and advancing the education sector through their good reputation.
- May all teachers enjoy good health and well-being, successfully fulfil their educational duties, and be blessed with every kind of prosperity and success.

**Agga Maha Thray Sithu, Agga Maha Thiri Thudhamma U Min Aung Hlaing**
**President, Republic of the Union of Myanmar**

# Under the guidance of the Head of State, Myanmar citizens who were facing difficulties returning to Myanmar were successfully brought back by naval vessels

## Officials and families from motherland heartily welcomed them


Returning Myanmar citizens seen getting off a naval vessel at No.3 Jetty (Thilawa).


Returning Myanmar citizens being warmly welcomed by officials.


Returning Myanmar citizens being provided with food.


Officials arranging the transport of returning Myanmar citizens.

**Nay Pyi Taw October 4**

The Government deeply values and provides care and protection to Myanmar citizens abroad, supporting them under any circumstances whenever they encounter difficulties. In addition, the government prioritizes providing assistance to rescue and repatriate Myanmar citizens facing hardships abroad by coordinating with host countries through Myanmar embassies and consulates general.

A total of 1476 Myanmar citizens were facing difficulties in returning home while being confined at immigration detention camps following completion of their sentences for staying illegally in Malaysia and violating other immigration regulations. Under the guidance of the Head of State, officials from the Tatmadaw and relevant departments brought them back home by Myanmar Navy vessels, namely war vessel UMS Moattama, Ocean-going hospital ship UMS Than Lwin and war vessel UMS Sin Phyu Shin that departed Yangon on 24 September. The naval vessels arrived in Lumut Port, Malaysia on 28 September morning. After systematically accepting the detained Myanmar citizens from Malaysian authorities, the ships took them back on 29 September evening. The Myanmar citizens landed in motherland safe and sound following the berthing of naval ships at No 3 Jetty (Thilawa) at 7.35am today.

During the repatriation voyage, naval personnel of the vessels and departmental officials warmly welcomed Myanmar expatriates, properly arranged accommodation on board the ships, provided necessary healthcare, cooked food for them, made arrangements for them to play their favorite games and watch movies and video plays for relaxation, organized collective physical fitness exercises, and provided cloths and personal items.

On 1 October morning, when the naval vessels began entering Myanmar's territorial waters toward the motherland, Myanmar citizens who had been away from their home country's soil and water for a considerable period were seen expressing their feelings of joy, clapping happily in response to the Head of State's warm, sibling-like and parental message of welcome. Furthermore, they are deeply grateful to the Head of State for his immense benevolence and kindness in arranging their repatriation, as well as to all responsible officials who provided assistance in every aspect with full goodwill.

When the vessel arrived at No (3) Jetty (Thilawa) Port in Yangon, officials from the relevant ministries, members of the Region Government and their family members warmly welcomed them. They were served lunch, including chicken rice, snacks and other refreshments, before being transported in vehicles waiting for them according to their respective areas to designated gathering points arranged for temporary accommodation. In addition, the relevant officials are carrying out verification and reception procedures and systematically handing them over to representatives of the respective Region/ State governments. Officials from the Ministry of Immigration and Population are also arranging UID cards for them according to their respective Regions/States. It is also reported that continued assistance will be provided to enable those who are far from their homes to reunite with their parents, relatives and families as soon as possible, and to facilitate their return to their respective places of origin so that they can reside there peacefully.

The Government has been placing emphasis on providing assistance and rescue operations for Myanmar citizens facing various difficulties in foreign countries and facilitating their return to Myanmar. Accordingly, a total of 1,905 Myanmar citizens who had encountered difficulties in Cambodia were brought back to Myanmar by Tatmadaw aircraft and chartered flights from January to September 2026.

*See Page 14*



Returning Myanmar citizens taking physical exercise onboard a naval vessel.



Returning Myanmar citizens having meals onboard a naval vessel.

*From Page 13*

In addition, 26 Myanmar fishermen who had been detained in Port Blair, India, for illegally entering Indian territorial waters were brought back to Myanmar by the Myanmar Airways International (MAI) on 23 July 2026. A further 1,086 Myanmar citizens who had served sentences for illegal residence in Malaysia and subsequently faced difficulties returning to Myanmar were brought back by Tatmadaw naval vessels on 23 February 2021. Moreover, 8,041 Myanmar citizens were brought back by air from January through the end of August 2026. At present, 1,476 Myanmar citizens who remain to be repatriated from Malaysia have also been brought back through humanitarian cooperation and coordination between the governments of the two countries, using naval vessels of the Myanmar Navy.

Through the great paternal and maternal compassion of the President, the noble and steadfast efforts of the Tatmadaw, and the wholehearted cooperation of the relevant departments and organizations, a successful journey home has been arranged for Myanmar citizens living abroad who have been separated from their homeland and suffering hardships. As they will soon be reunited with their families, the returnees are said to be filled with happiness and joy, shedding tears of delight and gratitude, and feeling relieved and at peace.

At present, the Government is making strenuous efforts to promote socioeconomic development so that the country can develop in all sectors and all citizens can work and live in safety and security. Citizens, for their part, by understanding and appreciating the genuine goodwill of the Government and making their utmost efforts in agriculture, livestock breeding, and small, micro and medium-sized enterprises within the country, can further enhance the nation's productive capacity and enjoy dignified, safe and secure living conditions.

Therefore, Myanmar citizens who wish to go abroad for employment need to be cautious and not easily fall for the inducements and recruitment efforts of human trafficking brokers. They should refrain from illegally leaving the country for overseas destinations through border areas and exercise caution to avoid becoming victims of human trafficking by being easily persuaded by people in their surroundings. Myanmar citizens currently living abroad who encounter difficulties are advised to contact Myanmar embassies or consulates-general. Arrangements will be made in coordination with the governments of the respective countries to enable them to return safely and peacefully to their homeland.

Interview 1 (Female)

A call came from the Malaysian embassy saying my husband was on board the ship. On 9 January, that was the first time I heard his voice again. After that, he told a young navy officer, and that officer contacted me to say, "We are bringing him home." Coming to welcome him back, I don't even know how to describe what I felt. But I really kept looking over and over at the number from the phone where I heard his voice. I also want to tell him words of encouragement. He took the risk to go work over there because of our little daughter's health. Now that he is returning, he knows nothing about how our daughter was hospitalized while he was away. I struggled all alone with our two children. In my heart, I just want to give my husband words of comfort and strength. I am always praying and wishing well for the people who rescued them like this. To tell the truth, since we had been out of touch for so long and had no contacts, I even thought I might never see him again. Whenever the kids went to bed, they would ask, "When is Daddy coming home?" That was the hardest question for me to answer. Now, I can finally answer it. Since he is back, mother and children, father and children are reunited. That is why I am grateful to all the responsible authorities and leaders who brought them home. I thank everyone—regardless of rank, high or low—who helped bring them back so our families could reunite happily like this. The fact that I am crying right now—these are tears of joy. Just as I am overjoyed to see my husband again, may other families experience this joy too. I sincerely thank everyone, wish them well, and hope all the families are as happy as we are.

Interview 2 (Female)

"During my time in prison, no one came to check on me at all. Not a single person looked back for me. My siblings didn't reach out, nor did any of my friends. As for food, everything was just boiled in water. It was all watery, without a single drop of oil. I had been in there for seven months with no one coming to see me. When no one showed up, I felt deeply distressed, thinking, 'We probably won't ever get to go back. I don't know if I'll have to stay here forever or lose my life here.' In the midst of that anguish, when they suddenly called out my name, tears streamed down my face. I hadn't eaten Myanmar food in so long, it had been nearly a year between time in prison and staying here. Being able to eat a Myanmar meal again brought me immense joy and emotion. When I stepped off the vehicle and saw these big ships, I thought, 'This isn't a dream, it's real,' and felt as if I were the happiest person in the world."

Interview 3 (Man)

I am profoundly delighted beyond words, as we have long desired to return home to Myanmar.

We initially came here to seek employment to support our livelihood. However, as we faced hardships and worsening living conditions, we grew deeply homesick and longed to return to our Golden Land. Upon sighting the Myanmar national flag, I was overcome with an indescribable sense of joy and profound emotion. I extend my heartfelt wishes for the health and well-being of the Myanmar leaders and citizens who came to welcome us today.

100



The wife of a returnee gives an interview.



A female returnee gives an interview.



A male returnee gives an interview.


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၂၄၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကနီ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း၂၄၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၄၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ဖူးစားပြောင်း ၂၇၈၉ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် အသိပညာပေး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ငါးဖယ်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးဖယ်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးဖယ်တွေ ပိုမိုတင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးဖယ်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသပွဲရုံတွေဆီ ငါးဖယ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးဖယ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်" ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာယာဝတီမြို့နယ် ဇလုပ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**သာယာဝတီ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာဝတီမြို့နယ် ဇလုပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဇလုပ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကွန်ကရစ်ဘီးလမ်းအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇလုပ်ကျေးရွာ၌ လမ်းတစ်ဖက်စီလျှင် အရှည်ပေ ၉၄၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၉၂ သန်းဖြင့် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

**အိပိုးပိုး**




# သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**သန်လျင် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ဆိပ်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် မြန်မာနိုင်ငံသားများဘဏ် (Citizens Pay)နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ် (Citizens Pay)မှ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကရင်ဆိပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၆၀ ကို Citizen Pay ဖြင့် Digital နည်းပညာကို အသုံးပြု၍ Mobile Phone ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



❑ ပြန်လည်ခေါ်ဆောင်မှ

လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာနိုင်ငံများနှင့် ချိတ်ဆက်၍ အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် စက်တင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့သည်။ အဆိုပါစစ်ရေယာဉ်များသည် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး ထိန်းသိမ်းခံမြန်မာနိုင်ငံသားများကို မလေးရှားနိုင်ငံ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ပြန်လည်ခေါ်ဆောင်လာခဲ့ရာ ရန်ကုန်မြို့ အမှတ်(၃) ဆိပ်ခံတံတား(သီလဝါ)သို့ ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် ဆိုက်ကပ်ရောက်ရှိခဲ့ပြီး အမိမြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။

ထိုသို့ သွားရောက်ခေါ်ဆောင်ခဲ့စဉ်အတွင်း စစ်ရေယာဉ်မှ တာဝန်ရှိသူများက အမိမြေမှ ပြည်ပနိုင်ငံသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားများကို နွေးထွေးစွာကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် ကြိုက်နှစ်သက်ရာ Game များ ကစားကြခြင်းနှင့်ရုပ်ရှင်ဗီဒီယိုဇာတ်ကားများပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးစုပေါင်းလေ့ကျင့်ခန်းများပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်များ အမိမြန်မာပြည် မြန်မာ့ရေပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်၌ မိခင်နိုင်ငံ ရေမြေနှင့် ကာလအတန်ကြာဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ မောင်ရင်းနှမ၊ မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို တွေ့မြင်ရပြီး ပြန်လည်ခေါ်ဆောင်နိုင်ရေးစီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ကြီးမားသော မေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်ကကူညီဆောင်ရွက်ပေးခဲ့သော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။





တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မိသားစုဝင်များက နေရပ်ပြန် မြန်မာနိုင်ငံသားများကို ဝမ်းမြောက်ဝမ်းသာနွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။





နေရပ်ပြန်မြန်မာနိုင်ငံသားများကို ၎င်းတို့၏မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာနွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။





သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက နေရပ်ပြန်မြန်မာနိုင်ငံသားများကို နေ့လယ်စာ ကြက်ဆီထမင်း၊ မုန့်နှင့်စားသောက်ဖွယ်ရာများကိုပေးဝေစဉ်။

ရန်ကုန်မြို့ အမှတ်(၃)ဆိပ်ခံတံတား (သီလဝါ)ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြပြီး နေ့လယ်စာ ကြက်ဆီထမင်း၊ မုန့်နှင့် စားသောက်ဖွယ်ရာများကို ကျွေးမွေးကာ ဒေသများအလိုက် အသင့်စောင့်ဆိုင်းနေသော မော်တော်ယာဉ်များပေါ်သို့တင်ဆောင်၍ ခေတ္တနားခိုရန်အသင့်စီစဉ်ထားသောစုရပ်နေရာများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံရေးဆောင်ရွက်၍ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များထံသို့ စနစ်တကျလွှဲပြောင်းပေးကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက တိုင်းဒေသကြီး၊ပြည်နယ်များအလိုက် UID Card များဆောင်ရွက်ပေးလျက်ရှိသည်။ နေရပ်ဝေးကွာသူများကို ၎င်းတို့၏မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးနှင့်နေရပ်အသီးသီးသို့ပြန်လည်ပို့ဆောင်၍ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင်အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၉၀၅ ဦးကို ၂၀၂၆ ခုနှစ်အတွင်း ဇန်နဝါရီလမှ စက်တင်ဘာလထိ တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်များဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများကြောင့် ပြစ်ဒဏ်များကျခံခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် တပ်မတော်ရေယာဉ်များဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသား ၈၀၄၁ ဦးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်ထိ လေယာဉ်များဖြင့်လည်းကောင်း အသီးသီးခေါ်ဆောင်ပေးခဲ့သည့်အပြင် ယခုအခါမလေးရှားနိုင်ငံမှ ခေါ်ဆောင်ရန်ကျန်ရှိနေသေးသော မြန်မာနိုင်ငံသား ၁၄၇၆ဦးကိုလည်း လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရအဖွဲ့များ ညှိနှိုင်းကာ ယခုကဲ့သို့ မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏ အမိအဖပမာကြီးမားသောမေတ္တာတရား၊ တပ်မတော်၏ မွန်မြတ်ခိုင်ကျည်သော လုံ့လအားထုတ်မှု၊ တာဝန်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ပြည့်ဝသောစေတနာဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ အမိမြန်မာနိုင်ငံနှင့် ဝေးကွာပြီး ဘေးဒုက္ခများခံစားနေရသော ပြည်ပရောက်မြန်မာနိုင်ငံသားများအတွက် အိမ်အပြန်ခရီးကို အောင်မြင်စွာဆောင်ကြဉ်းပေးနိုင်ခဲ့ပြီး မိသားစုများနှင့် အမြန်ဆုံးပြန်လည်ပေါင်း

စည်းနိုင်တော့မည်ဖြစ်၍ ပြန်လည်ရောက်ရှိလာသူများအနေဖြင့် ကြည်နူးမှုပီတိမျက်ရည်များဖြင့်စိတ်အေးချမ်းသာရွှင်လန်းဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသားများအားလုံး ဘေးကင်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို သိရှိနားလည်ကာ ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် မိမိတို့တတ်စွမ်းသမျှ ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားကို ယခုထက်ပိုမိုမြှင့်တင်နိုင်ပြီး ဂုဏ်သိက္ခာရှိ၍ လုံခြုံစိတ်ချရသည့်လူနေမှုဘဝများ ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့်လူကုန်ကူးပွဲစားများ၏မက်လုံးပေးဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပသို့တရားမဝင်ထွက်ခွာခြင်းများကို မပြုလုပ်ကြရန်၊ပတ်ဝန်းကျင်စည်းရုံးမှုများကို အယုံကြည်လွယ်၍ လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံ



မလေးရှားနိုင်ငံသို့သွားရောက်ခေါ်ဆောင်ခဲ့သည့် စစ်ရေယာဉ်ပေါ်၌ နေရပ်ပြန်မြန်မာနိုင်ငံသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



မလေးရှားနိုင်ငံသို့သွားရောက်ခေါ်ဆောင်ခဲ့သည့် စစ်ရေယာဉ်ပေါ်၌ နေရပ်ပြန်မြန်မာနိုင်ငံသားများကို စားသောက်ဖွယ်ရာများကျွေးမွေးစဉ်။





မလေးရှားနိုင်ငံသို့သွားရောက်ခေါ်ဆောင်ခဲ့သည့် စစ်ရေယာဉ်ပေါ်၌ နေရပ်ပြန်မြန်မာနိုင်ငံသားများ စိတ်အပန်းဖြေစေရန် ကြိုက်နှစ်သက်ရာ အပျော်တမ်းဂိမ်းကစားခြင်း၊ ပျော်ရွှင်စွာသီချင်းသီဆိုခြင်းများ ဆောင်ရွက်စဉ်။



နေရပ်ပြန်မြန်မာနိုင်ငံသားများကို မော်တော်ယာဉ်များပေါ်သို့တင်ဆောင်၍ ခေတ္တနားခိုရန် အသင့်စီစဉ်ထားသော စုရပ်နေရာများသို့ ပို့ဆောင်ပေးစဉ်။

သားများအနေဖြင့် အခက်အခဲတွေ့ကြုံလာပါက မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် အမိနိုင်ငံသို့ အေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါမလေးရှားနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများနှင့် သွားရောက်ခေါ်ဆောင်ခဲ့သည့် တာဝန်ရှိသူများ၏ အမိမြန်မာပြည်သို့ အဆင်ပြေချောမွေ့စွာပြန်လည်ရောက်ရှိခဲ့မှုအပေါ် ဝမ်းသာပီတိစကားသံများကိုလည်း ယခုကဲ့သို့ကြားသိခဲ့ရပါတယ်-

"မလေးရှားသံရုံးကနေပြီးတော့ ဖုန်းဆက်လာတယ်။ အမျိုးသားကနေပြီးတော့ သဘော်္ာနဲ့သူပါလာတယ်တဲ့။ ၁ လပိုင်း ၉ ရက်နေ့က အဲဒါပထမဆုံးအကြိမ် သူ့အသံကိုကြားရတာ အဲဒါပြီးတော့နောက်တစ်ခါ ဒီရေတပ်ကဗိုလ်လေးကိုပြောတယ်။ အဲ့ဒီဗိုလ်လေးကနေပြီးတော့ ဆက်သွယ်လာတယ်။ ကျွန်တော်တို့ ခေါ်လာပေးတယ်တဲ့ အဲ့ဒီလိုပြောတယ်။ လာကြိုတဲ့အခါကျတော့ ဘယ်လိုခံစားရမှန်းမသိဘူး။ ဒါပေမဲ့ သူ့အသံနဲ့ဆက်ခဲ့တဲ့ဖုန်းကိုတော့ နံပါတ်ကို ခဏခဏကြည့်ရတာအမှန်ပဲ။ သူ့ကို အားပေးစကားတွေလဲပြောချင်တယ်။ သမီးလေးကျန်းမာရေးကြောင့် သူစွန့်စားပြီး အလုပ်သွားလုပ်ခဲ့တယ်လေ။ အခုလဲ သူပြန်လာရင် ဟိုမှာရောက်နေတုန်းမှာ သူ့သမီးလေးဆေးရုံတက်ရတာ သူဘာမှမသိဘူး။ ကလေးနှစ်ယောက်နဲ့ညီမရုန်းကန်ပြီးနေခဲ့တယ်။ ညီမရင်ထဲမှာ ညီမအမျိုးသားကို အားပေးစကားတွေလဲပြောချင်တယ်။ အခုလိုမျိုးကယ်ဆယ်ပေးခဲ့တဲ့လူတွေကိုလဲ အမြဲတမ်းမေတ္တာပို့နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှန်အတိုင်းပြောရရင် အဆက်အသွယ်မရဘဲကြာနေတာဆိုတော့ အသိကလဲမရှိဘူးဆိုတော့ မတွေ့ရတော့ဘူးလို့ တောင်ထင်ထားတာ။ ကလေးတွေအိပ်ရာဝင်တိုင်း ဖေဖေဘယ်တော့ပြန်လာမှာလဲလို့မေးရင် ကိုယ်ဖြေရအခက်ဆုံးမေးခွန်းပဲ။ အဲဒီမေးခွန်းကို အခုတော့ဖြေနိုင်ပြီ။ အခုပြန်ရောက်ပြီဆိုတော့ သားအမိတွေ၊ သားအဖတွေ တွေ့ကြပြီပေါ့။ ဒါကြောင့်မို့ ပြန်လည်ခေါ်ဆောင်လာပေးသော တာဝန်ရှိသူလူကြီးများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မိသားစုတွေ အခုလိုပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်လည်ဆုံတွေ့ရနိုင်အောင်လို့ အခုလိုမျိုး ရာထူးကြီးငယ်မရွေး ကူညီခေါ်ဆောင်ပေးခဲ့တဲ့ လူတွေအကုန်လုံးကိုလဲ ကျွန်မကျေးဇူးတင်ပါတယ်။ ကျွန်မအခုငိုနေတယ်ဆိုတာ ပျော်လို့ငိုတာပါ။ အမျိုးသားနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ ကျွန်မပျော်ရွှင်သလိုမျိုး သူတို့မိသားစုတွေလဲ ပျော်ရွှင်ကြပါစေ။ အားလုံးလဲမိသားစုတွေ







ကျွန်မတို့ပျော်ရွှင်သလိုမျိုး ပျော်ရွှင်ကြပါစေလို့ ကျွန်မကျေးဇူးလဲတင်တယ် မေတ္တာလဲပို့ပါတယ်"ဟု ပြောသည်။

"အခု ထောင်ကျနေတဲ့အတောအတွင်းမှာ လုံးဝလာမကြည့်ဘူး။ တစ်ယောက်မှ လှည့်မကြည့်ကြဘူး။ ညီအစ်ကိုမောင်နှမတွေကလဲ လှည့်မကြည့်ဘူး။ ကိုယ့်သူငယ်ချင်းအပေါင်းသင်းတွေကလဲ တစ်ယောက်မှလှည့်မကြည့်ဘူး။ စားရေးသောက်ရေးကျတော့ ရေလုံပြုတ်ပဲ။ အကုန်လုံး ရေပဲ၊ ဆီဆိုတာ တစ်စက်ကလေးမှမပါဘူး။ ခုနစ်လတောင်ရှိနေပြီ အဲ့ဒီထဲမှာနေတာ ဘယ်သူမှလာမကြည့်ဘူး။ လာမကြည့်တဲ့အခါကျတော့ ငါတို့တော့ ပြန်ရတော့မှာမဟုတ်ဘူးနဲ့တူတယ်။ ဒီမှာပဲ နေရတော့မလားမသိဘူး ဒီမှာပဲအသက်ဆုံးရှုံးရတော့မလားမသိဘူးဆိုပြီးတော့ အရမ်းခံစားနေရတဲ့အချိန်မှာ ကိုယ့်နာမည်ကို လာခေါ်လိုက်တဲ့အခါမှာလေ အရမ်းမျက်ရည်တွေ အရမ်းကျမိတယ်။ ကိုယ်ကမြန်မာနိုင်ငံထမင်းဟင်းမစားရတာကြာပြီလေ။ တစ်နှစ်နီးပါးဖြစ်သွားပြီလေ။ ထောင်ထဲမှာနဲ့ ဒီနေရာမှာနေရတာနဲ့ဆိုရင် မြန်မာထမင်းဟင်းစားလိုက်ရတော့ အရမ်းကိုဝမ်းသာပီတိဖြစ်မိတယ်။ ကားပေါ်ကနေဆင်းတဲ့အချိန်မှာတော့ ကိုယ်ဒီလာရင်းနဲ့ ဒီသဘော်္ာကြီးတွေမြင်လိုက်ရတော့ ငါတို့အိပ်မက်မဟုတ်ဘူး တကယ်ပဲဆိုပြီးတော့ ကမ္ဘာမှာအပျော်ဆုံးသူက ကိုယ်တစ်ယောက်ထဲပဲဆိုပြီးတော့ မှတ်လိုက်တာ"ဟုပြောသည်။

"အရမ်းဝမ်းသာတာပေါ့ ရင်ထဲမှာတကယ် ဖော်ပြမပြနိုင်အောင် ဝမ်းသာတယ် ဘာလို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်ချင်နေတာလဲကြာပြီလေ ဒီကိုရောက်လာတုန်းကတော့ ကျွန်တော်တို့ ပိုက်ဆံလာရှာတာပေါ့၊ စားဝတ်နေရေးအတွက်ပါ။ ဒါပေမဲ့ ဒီမှာအခက်အခဲတွေတွေ့တယ်၊ နေရထိုင်ရတာတွေ မွန်းကျပ်လာတဲ့အချိန်မှာ ကျွန်တော်တို့ ကိုယ့်မြန်မာပြည်ကြီးကို အရမ်းလွမ်းနေတယ်ပြန်ချင်တယ် အခုမြန်မာနိုင်ငံတော်အလံကို တွေ့လိုက်တာနဲ့ ကျွန်တော်ဘယ်လိုဝမ်းသာလို့ဝမ်းသာမှန်းကို ကိုယ့်ကိုယ်ကိုယ်ဖော်ပြလို့တောင်မရဘူး အရမ်းကြည်နူးတယ်။ ကျွန်တော်တို့ကို အခုလိုလာကြိုပေးတဲ့မြန်မာနိုင်ငံအကြီးအကဲနဲ့ မြန်မာပြည်သူပြည်သားအားလုံးစိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေလို့ ကျွန်တော်ဒီကနေပြီးတော့ ဆုတောင်းပေးပါတယ်ဗျာ"ဟု ပြောသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

ကမ္ဘာတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသည့် ခမ်းနားထည်ဝါ မြင့်မြတ်လှသော ဂုဏ်အင်အနန္တတို့ကို မော်ကွန်းတင်ချီးမြှောက်သည့် ကျက်သရေမင်္ဂလာနှင့် ဝေဖြာ ထူးမြတ်လှသော ကမ္ဘာ့ဆရာများနေ့ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်၍ နှစ်စဉ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘာအနှံ့ ကျင်းပခဲ့ပြီး ဆရာတို့၏ ကောင်းမြတ်သောဂုဏ်သတင်းကို ချီးမွမ်းထောမနာပြုခဲ့ကြသည်မှာ ၃၃ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခု ဆိုလျှင် ၂၄ နှစ်ရှိခဲ့ပြီဖြစ်ပါသည်။ ဆရာ၊ ဆရာမများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို အစဉ်ပြုစုပျိုးထောင်ပေးနေကြသော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးကို ပညာဖြင့် ခေတ်အဆက်ဆက် သယ်ပိုးထမ်းရွက်ခဲ့ကြသည့် ဆရာ၊ ဆရာမများ၏ စွမ်းရည်စွမ်းပကားကို လေးစားဂုဏ်ပြုအပ်ပါသည်။

မြတ်ဆရာဟူသည် လူအများကို ဉာဏ်ပညာအလင်းဆောင်ကြဉ်းပေးပြီး လောဘကင်းအောင် လမ်းပြနိုင်သူ၊ ဒေါသကိုဖြေဖျောက်နိုင်ပြီး သည်းခံခွင့်လွှတ်တတ်အောင် လေ့ကျင့်သင်ကြားပေးသူ၊ မောဟအမိုက်အမှောင်ကိုဖယ်ရှား၍ လမ်းမှန်ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်သူ ဖြစ်ပါသည်။ **"ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု"** ဟူသည့် နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံပြီး **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသည့် ကျင့်ဝတ်ငါးဖြာနှင့်အညီ အာစရိယဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ပါသည်။ ထို့ပြင် ကြားမြင်သုတရှိခြင်း၊ အတတ်ပညာ ပြည့်ဝခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ မှန်ကန်၍ အကျိုးရှိသော စကားကိုသာ ဆိုတတ်ခြင်း စသည့်ဂုဏ်အရည်အချင်းတို့နှင့်လည်း ပြည့်စုံသူများ ဖြစ်ကြပါသည်။

ဆရာတို့၏ မွန်မြတ်သောဂုဏ်ကို မဃဒေဝလင်္ကာတွင် **"ရှေးရှုမေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့"** ဟု ချီးကျူးဖွဲ့ဆိုထားပါသည်။ မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်ဒြပ်တစ်ခုအဖြစ် အနန္တောအနန္တဂိုဏ်းဝင် အာစရိယ ဆရာသခင်ကျေးဇူးရှင်တို့ကို ဂါရဝတရား၊ နိဝါတတရားဦးထိပ်ထား၍ ရှေးပဝေသဏီကပင် ရိုးရာအစဉ်အလာဖြင့်လေးစားရိုသေပူဇော်ကန်တော့ခဲ့ကြသည်မှာ နှစ်ပေါင်းရှည်ကြာ ခိုင်မြဲခဲ့ပြီ ဖြစ်ပါသည်။

ဆရာဟူသော ဝေါဟာရသည် **"ဆာယာ"** ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာပြီး **"လုံခြုံအေးမြခြင်းကို ပေးစွမ်းသည့်အရိပ်"** ဟု အဓိပ္ပာယ်ရပါသည်။ မြန်မာအဘိဓာန်တွင်လည်း **"ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသသူ"** ဟု ဖွင့်ဆိုထားပါသည်။ လောကီ၊ လောကုတ် အကျိုးတိုးပွားစေသည့် ပညာရပ်အထွေထွေကို ဆရာများထံမှသာ နည်းနာခံယူဆည်းပူးကြရသည်ဖြစ်ရာ ဤလောကမြေမဟီတွင် ဆရာနှင့်ကင်းသောသူ၊ ဆရာ မရှိသောသူဟူ၍ မရှိနိုင်ပါ။

ဆရာများသည် **"စာကိုလည်းသင်၊ လူလည်းပြင်"** ဆိုသည့်အတိုင်း မိမိတို့၏ တပည့်များကို ရင်ဝယ်ဖြစ်ပြားမွေးသည့် သားသမီးရင်းချာကဲ့သို့ ကျောသား၊ ရင်သား မခွဲခြားဘဲ စာပေထူးချွန်ရုံသာမက အသိပညာ၊ အတတ်ပညာ ပြည့်ဝအောင် သင်ကြားပေးကြရပါသည်။ **"ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"** ဟူသည့် မြန်မာ့စိတ်ထားကို စိတ်သန္တာန်တွင် စိမ့်ဝင်ကိန်းအောင်းစေရန်ကိုလည်း သွန်သင်ဆုံးမပေးကြပါသည်။ တပည့်များ၏ အနာဂတ်ဘဝတိုးတက်မြင့်မားပြီး တန်ဖိုးမြင့် လူသားကောင်းများအဖြစ် လူမှုအသိုက်အဝန်းကို အကျိုးပြုနိုင်ရေး လမ်းညွှန်ပြသပေးကြရပါသည်။ နိုင်ငံ့မျိုးဆက်သစ်များကို ထူးချွန်ထက်မြက်သည့် လူကောင်းလူတော်ဖြစ်လာစေရန်၊ အတ္တပရမျှတ၍ လူမှုရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရပါသည်။ ထို့ကြောင့် ဆရာများသည် **"ပညာရေး၏ နှလုံးသား၊ အနာဂတ်၏ ပဲ့ကိုင်ရှင်၊ နိုင်ငံ၏ အဓိကမဏ္ဍိုင်"** ပင်ဖြစ်ပါသည်။

စာသင်ခန်းများသည် နိုင်ငံ၏အနာဂတ်ကို ထုဆစ်ပုံဖော်ရာ နေရာများဖြစ်ပြီး ဆရာများသည် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးသည့် ရှေ့ဆောင်လမ်းပြများဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်နေသဘောထားကောင်းမွန်မှန်ကန်ပြီး ဆရာကျင့်ဝတ်နှင့်ပြည့်စုံသည့် ဆရာကောင်း၊ ဆရာမွန် များစွာ လိုအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် ၂၁ ရာစု ပညာခေတ်တွင် သိပ္ပံနှင့် နည်းပညာပြိုင်ဆိုင်မှုအားကောင်းလာသည့် ယနေ့ကမ္ဘာ့အခင်းအကျင်းနှင့် လိုက်လျောညီထွေ ပါဝင်နိုင်ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာရေးအဆင့်အတန်း တစ်ခုဖြစ်ပေါ်လာစေရန် ဆရာများ၏ အခန်းကဏ္ဍနှင့်အခွင့်အရေးများကို တန်းတူညီမျှ မြှင့်တင်ပေးလျက်ရှိပါသည်။ ပညာရေးကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းသာယာဝပြောရေးအတွက် ခိုင်မာစွာအုတ်မြစ်ချခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆရာများ၏အသံကို အလေးထားပြီး ဆရာများ၏လူမှုဘဝ အဆင်ပြေကောင်းမွန်စေရေးနှင့် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေးအတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ဒစ်ဂျစ်တယ်စွမ်းရည်များ၊ သုတေသနအခြေပြု သင်ကြားနည်းများ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေးနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားရေးအတွက် အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံပြီး အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာနှင့် သုတေသနစသည့် ကဏ္ဍစုံဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံအတွင်း အကြားအလပ်မရှိ အပြည့်အဝရရှိခံစားနိုင်ရန် အခြေခံပညာကဏ္ဍတွင် အခမဲ့ပညာရေးစနစ်ကိုဖော်ဆောင်ပေးလျက်ရှိပါသည်။ ကျောင်းသားလူငယ်များကို တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဟု ယုံကြည်ခံယူထားပြီး အခြေခံပညာကျောင်းများကို Smart School များဖြစ်စေရေး၊ တက္ကသိုလ်ကောလိပ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်ဝသည့် သင်ယူမှုဝန်းကျင်ကောင်းများဖြစ်စေရေး အားပေးမြှင့်တင်သွားမည်ဖြစ်ပါသည်။

ဆရာများကို လစာအပြင် ပညာအရည်အချင်းအလိုက် ခံစားခွင့်များထပ်ဆောင်းချီးမြှင့်ခြင်း၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ်ထောက်ပံ့ပေးခြင်း၊ပြည်တွင်းပြည်ပ ပညာသင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ ထူးချွန်ထက်မြက်သည့် ပညာရေးမိသားစုဝင် သားသမီးများကို နှစ်စဉ်ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆရာများ၏ ဂုဏ်သိက္ခာရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ တာဝန်ကျေပွန်မှုများကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနှင့် ထူးချွန်ဆရာများကို စိစစ်ရွေးချယ်ပြီး နှစ်စဉ်ဂုဏ်ပြုချီးမြှောက်ပေးလျက်ရှိပါသည်။ ထို့ပြင် ဆရာများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ဆရာ့လုပ်ငန်းခွင် အခြေအနေများ သာလွန်ကောင်းမွန်လာစေရေးတို့ကိုလည်း ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

**"တိုင်းပြည်တည်ငြိမ်အေးချမ်းရေး"**နှင့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"**တို့ကို ဦးစားပေး ရည်မှန်းချက်နှစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်ဖော်ဆောင်နေချိန်တွင် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားမြင့်မားပြီး ငြိမ်းချမ်းရေး အခြေခံအသိရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသားလူငယ်များသည် နိုင်ငံ့အတွက် စွမ်းအားမြင့်သည့် အားအင်တစ်ရပ်ဖြစ်ပါသည်။ အမျိုးသားပညာရေးစနစ်၏ ပင်မဒေါက်တိုင်များဖြစ်သည့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး အသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးရန် တာဝန်ရှိပါသည်။ ပညာရေး၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် **"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"** ဆိုသည့်အတိုင်း မိမိတို့၏တပည့်များကို စည်းကမ်းကောင်းမွန်ပြီး ဥပဒေကိုလေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်လည်း လိုအပ်ပါသည်။ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုပြီး နိုင်ငံနှင့်ပညာရေးအပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်ရန် အရေးကြီးပါသည်။

ဆရာ၊ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာသိရှိပြီး ပညာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့ပြင် ဒီမိုကရေစီကျင့်စဉ်များကို မိမိတို့ကိုယ်တိုင်သာမက ကျောင်းသားလူငယ်များပါ ကျင့်သုံးလိုက်နာနိုင်ရေး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ပါသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းရှိပြီး ဆရာအတတ်ပညာပြည့်စုံကုံလုံအောင် အစဉ်လေ့လာသင်ယူကြရန်လိုအပ်ပါသည်။ အရည်အသွေးမြှင့်တင်ပေးသည့် သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း စိတ်ဝင်တစားတက်ရောက်ပြီး ပညာရေးကဏ္ဍတိုးတက်ရေးအတွက်ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များ အနာဂတ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေကို လေးစားလိုက်နာတတ်စေရေးအတွက် သွန်သင်ဆုံးမ ဗဟုသုတမျှဝေပေးနိုင်ရန် ဆရာ၊ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုခြင်းနှင့် ဗဟုသုတရှာမှီးလေ့လာထားရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း အသိပေးမှာကြားလိုပါသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်စေရေး၊ ကျောင်းထွက်နှုန်းလျော့ကျစေရေး၊ နိုင်ငံသားတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင် သင်ယူနိုင်စေရေး၊ အဆင့်မြင့်ပညာတက်ရောက်နေသူများကို ပြီးဆုံးအောင် သင်ကြားကြစေရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ယူခွင့်ရရှိနိုင်စေရေးတို့သည် ပညာရေးဌာနနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဦးလည်မသုန်ထမ်းရွက်ကြပါရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍတိုးမြှင့်လာစေရေးအတွက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသစ်ကို ပြင်ဆင်ဖွဲ့စည်းထားပါသည်။ သို့ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်အရေအတွက် များစွာမွေးထုတ်နိုင်ရေး ဆက်လက်အားပေးဆောင်ရွက်သွားကြရန် အရေးကြီးပါသည်။ ကျွမ်းကျင်ပညာရှင်များ၏ စုပေါင်းစွမ်းအားဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများအားလုံးက လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဆရာများသည် **"ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံးဖြစ်သည်"**ဟူသောထုံးကို နှလုံးမူခံယူပြီး ပညာ၏ အနှစ်သာရအမှန်ကို နက်ရှိုင်းစွာနားလည်သဘောပေါက် ခံယူထားကြသူများဖြစ်ကြပါသည်။ မိမိတို့၏တပည့်များအပေါ် ပညာတတ်စေလိုသော စေတနာ၊ လိမ္မာယဉ်ကျေးစေလိုသော မေတ္တာ၊ ကြင်နာသနားတတ်သော ကရုဏာများဖြင့် ဆုံးမသွန်သင်ပဲ့ပြင်တတ်သော အာစရိယဆရာ၊ ဥပဇ္ဈာယ်ဆရာများဖြစ်ထိုက်သည့် အရည်အသွေးများ ပြည့်ဝအောင် ကျင့်ကြံသွားကြရမည်ဖြစ်ပါသည်။ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များအတွက် အမြင်ကျယ်ကျယ်ရှုမြင်မြော်တွေးနိုင်စွမ်းရှိသည့် ပင်ကိုအသိ၊ ဆင်ခြင်ဉာဏ်သတိများကို နှလုံးအိမ်တွင် ထာဝစဉ်ရှင်သန်အောင် မွေးမြူသွားကြရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် -

- ပညာ့ပန်းဥယျာဉ်တွင် အရောင်အသွေးစုံလင်လှပသည့်ပန်းများ ငြိမ်းချမ်းစွာပွင့်လန်းနိုင်အောင် အကောင်းဆုံးပုံဖော်ဖန်တီးနိုင်သည့် ဥယျာဉ်မှူးများဖြစ်ကြပါစေ၊
- ပညာရိပ်မြုံတွင် မွေ့လျော်ပျော်ပိုက်သည့် အဖိုးထိုက်ရတနာ ပညာတတ်လူကောင်းလူတော်များစွာကို မွေးထုတ်ပေးနိုင်ကြပါစေ၊
- ပညာပါရမီရင့်သန်ပြီး ဂုဏ်သတင်းကောင်းဖြင့် နိုင်ငံ့ပုံရိပ်နှင့် ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ကြပါစေ၊
- ဆရာ၊ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ပညာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီး ကောင်းကျိုးအရာရာပြည့်ဝနိုင်ပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ**
**ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

> **စာသင်ခန်းများသည် နိုင်ငံ၏အနာဂတ်ကို ထုဆစ်ပုံဖော်ရာနေရာများ ဖြစ်ပြီး ဆရာများသည် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးသည့် ရှေ့ဆောင်လမ်းပြများဖြစ်၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့ အတွက် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်နေသဘောထားကောင်းမွန် မှန်ကန်ပြီး ဆရာကျင့်ဝတ်နှင့်ပြည့်စုံသည့် ဆရာကောင်း၊ ဆရာမွန် များစွာလိုအပ်. . .**

✱ အားကစားပြိုင်ပွဲများမှ

သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြေးပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြသည်။






၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။








၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(က) တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ) တန်း၊ အမျိုးသမီးဓား တစ်လက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ဗန်တိုအတိုက်(က) တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(ခ) တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း သုံးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲပွဲစဉ်များကိုလည်းကောင်း၊ ၅၆ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းလက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက်ပွဲစဉ်များ၊ အလွတ်တန်းပွဲစဉ်များ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ ဇေယျာသီရိလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၄**

ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အန်ဒရေကူဇနက်ဆော့ဗ်၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂ ရက်ထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus)သို့ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဆင်းရူဇန်ကော့ဗ်နှင့် တွေ့ဆုံပြီး တတိယအကြိမ်ပူးတွဲကော်မတီအစည်းအဝေး မြန်မာနိုင်ငံ၌ကျင်းပရေး၊ လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးနှင့် နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အန်ဒရေ ကူဇနက်ဆော့ဗ်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံကြား စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း ''Belleg-prom'' ဥက္ကဋ္ဌ မစ္စနာဒက်ဒါ လာဇာရီဗစ်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံကြား အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုကုန်စည်ပြပွဲ၌ ပြသထားသည့်ပြခန်းများကို လှည့်လည်လေ့လာကြည့်ရှုသည်။

ပြည်ထောင်စု ဝန်ကြီးများသည် အောက်တိုဘာ ၁ ရက်တွင် ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲ (INNOPROM. Belarus)၏ စီးပွားရေးအစီအစဉ်များနှင့် မျက်နှာစုံညီအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ကြပြီး မင့်စ်မြို့ရှိ Techno Park သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက Techno Park နှင့် သက်ဆိုင်သည့်အချက်အလက်များကို လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် Minsk Automatic Lines Plant စက်ရုံအတွင်း အလိုအလျောက်စက်ယန္တရားများ ထုတ်လုပ်တပ်ဆင်နေမှုကိုလည်းကောင်း၊ Minsk Plant of Technological Metal Structures ၏ နည်းပညာမြှင့်သတ္တုထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် နည်းပညာအသုံးပြု ဆောင်ရွက်နေမှုကိုလည်းကောင်း လေ့လာကြည့်ရှု၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပြုနိုင်သည့် လူသားအရင်းအမြစ်ပညာတတ်များ မွေးထုတ်ပေးရန်နှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်ရေး အထူးလိုအပ်



**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ပြုနိုင်သည့် လူသားအရင်းအမြစ်ပညာတတ်များမွေးထုတ်ပေးရန်နှင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယနေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ငူ)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံစဉ် မှာကြားခဲ့သည်။

ထို့နောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာအဆင့်မီ သင်ထောက်ကူပစ္စည်းများ အသုံးပြုနေမှု၊ တက္ကသိုလ်၏ သင်ကြားသင်ယူမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန် ကျောင်းပရဝဏ်အတွင်း စာသင်ခန်းများ၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံများ၊ စာကြည့်တိုက်၊ ဆရာ၊ ဆရာမဝန်ထမ်းအိမ်ရာများ၊ ဘောလုံးကွင်းမြေနေရာ၊ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု အခြေအနေနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကလေး အောက်တိုဘာ ၄**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်တို့က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းမှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေထားရှိမှု၊ ဌာနဆိုင်ရာအဆောက်အအုံပျက်စီးမှု၊ ထပ်မံကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ တစ်စိတ်တစ်ပိုင်းပြုပြင်ရန် လိုအပ်မှု၊ ဌာနဆိုင်ရာ အဆောက်အအုံများပြုပြင်၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရွေးချယ်အတည်ပြုထားသော ကုမ္ပဏီများ၊ ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များနှင့်ပတ်သက်၍ ထောက်ပံ့မှု၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆန်၊ ဆီ၊ ဆား၊ ပဲအတွက် ငွေထောက်ပံ့မှုနှင့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ လက်ခံရရှိ၊ သုံးစွဲမှုနှင့် လက်ကျန်အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်း အကြံပြုဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပဋ္ဌွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



တနိုင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တနိုင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ






တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် အောက်တိုဘာ ၄

သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ (သပြေကုန်း)နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ အလက(၃)(သပြေကုန်း)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ ကျောင်းအနေနဲ့ ဒီစစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီး



ထွက်လာတဲ့အခါမှာ ကျွန်မတို့သင်ခန်းစာတွေမှာ သူတို့သင်ယူလေ့လာခဲ့ရတဲ့ စာတွေ့ဘဝကနေပြီးတော့ လက်တွေ့ဘဝမှာ အသိပညာတိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ အတန်းပညာကို ပြန်ရောက်တဲ့အခါမှာ ငါတို့တွေက ဒီဟာတွေကို တကယ်လဲ လက်တွေ့သိခဲ့ရတယ်။ စာတွေ့တွေနဲ့လဲ သင်ခဲ့ရတဲ့အတွက် စာတွေ့ရယ်၊ လက်တွေ့ရယ် နှစ်မျိုးပေါင်းပြီးတော့ အသိပညာဗဟုသုတတွေလဲ တိုးပွားခဲ့ရပါတယ်။ အခုလိုမျိုး ကျွန်မတို့ကျောင်းသား၊ ကျောင်းသူတွေကို လေ့လာခွင့်ရအောင် စီစဉ်ပေးကြတဲ့ တာဝန်ရှိလူကြီးတွေကိုလဲ ကျွန်မ ဒီနေရာကနေပြီးတော့ အထူးပဲ ကျေးဇူးတင်ရပါတယ်လို့ ပြောကြားပါရစေ"ဟုပြောသည်။

"သမီး အခု ဒီနေ့လိုမျိုး ခရီးစဉ်တွေလည်ပတ်ရတဲ့အတောအတွင်းမှာ ဗဟုသုတတွေ အများကြီးရခဲ့ပါတယ်။ အရင်တုန်းကဆိုလို့ရှိရင် ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေဆိုတာ ကြားပဲကြားဖူးတာ လေယာဉ်ဆိုတာလဲ ကြားဖူးရုံပဲရှိတာ။ ဒီမှာကျတော့ အကုန်လုံး အမျိုးစုံ တွေ့မြင်နိုင်တာပေါ့။ မြန်မာနိုင်ငံ ဘယ်လိုလွတ်လပ်ရေးရအောင် လူကြီးတွေက ဘယ်လိုမျိုးလုပ်ပေးခဲ့တဲ့ သူတို့ရဲ့ သမိုင်းကြောင်းတွေ အဲ့ဒါတွေကိုလဲ



သမီးတို့ တကယ်မျက်မြင်တွေ့ခွင့်ရခဲ့ပါတယ်။သမီးတို့ လည်ပတ်ခွင့်ရတော့ ပြင်ပဗဟုသုတတွေလဲတိုးတယ်။ ပိုပြီးတော့လဲ အမြင်ကျယ်တာပေါ့။အဲ့ဒီလိုမျိုး ဗဟုသုတအများကြီးရအောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(၅၀၁)


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# လူငယ်တစ်ဦးအနေနဲ့ ကျေးဇူးဆိုတဲ့တန်ဖိုးကို သိပါတယ်။ ကျွန်မတို့ မိဘတွေ မလုပ်ပေးနိုင်တဲ့အရာကို လုပ်ဆောင်ပေးခဲ့တဲ့ နိုင်ငံ့အကြီးအကဲတွေကို ဒီကနေ ဦးခိုက်ပါတယ် . . .

မထက်ထက်အောင်(တမူးမြို့)

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စက်တင်ဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ တပ်မတော်(ရေ)နှင့် တာဝန်ရှိသူများဦးဆောင်၍ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ် (ဆင်ဖြူရှင်)တို့ဖြင့် မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၄၇၆ ဦးတို့ကို ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။


ဗိုလ်ချုပ်ကျော်လင်းဇော်


ဦးရဲပိုင်


မထက်ထက်အောင်


ကိုဇော်လင်းအောင်


ကိုသိန်းဌေး


ဦးသန်းစိုး

နေရပ်ပြန်နိုင်ငံသားများအနေဖြင့် အရာရာခြားနားသော ပြည်ပနိုင်ငံတွင် စိုးရိမ်ကြောင့်ကြမှုဖြင့် နေထိုင်ရသည်ထက် အမိနိုင်ငံတွင် အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား လက်တွဲပါဝင်ရန် စိတ်အားထက်သန်မှုနှင့်အတူ ယခုကဲ့သို့ အမိနိုင်ငံသို့ အပူအပင်ကင်းစွာ ပြန်လည်ရောက်ရှိလာပြီး မိသားစုနှင့်အတူ အိမ်ဟူသော အမိုးရိပ်အောက်၌ အေးအတူပူအမျှ အတူတကွနေထိုင်နိုင်ရန် နိုင်ငံတော်အစိုးရမှ ဖေးမခေါ်ဆောင်လာမှုအပေါ် လှိုက်လှဲဝမ်းသာစွာ ကျေးဇူးတင်ရှိကြသည့် မိဘပြည်သူများနှင့် နေရပ်ပြန်နိုင်ငံသားတို့၏ ရင်ထဲမှ စကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်–

**ကိုသိန်းဌေး(ပန်းတနော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး)**

ကျွန်တော်က နေရပ်ပြန်လာတဲ့ တူလေးကို လာကြိုတာပါ။ မလေးရှားမှာ အလုပ်လုပ်တာ နှစ်နှစ်မြောက်မှာ အဖမ်းခံရပါတယ်။ ထောင်ထဲမှာနေတုန်း ပြည်ပမှာ ဒုက္ခရောက်နေသူတွေကို ပြန်ခေါ်ပေးတဲ့ အစီအစဉ်ရှိတယ်လို့ ဆက်သွယ်ပြောကြားတာ သိလိုက်ရတော့ ဒီကထောက်ခံစာတွေကို အမြန်လုပ်ဆောင်ပြီး တာဝန်ရှိသူတွေဆီကို ပေးပို့ပြီးတဲ့နောက်မှာ အခုလို တူလေးပြန်လာတာကို ကြိုဆိုခွင့်ရတာပါ။ နိုင်ငံတော်သမ္မတကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်ကို ဒီနေရာကနေ မိမိနိုင်ငံက လူငယ်တွေရဲ့ဘဝနဲ့ သိက္ခာကို ကယ်တင်ပေးခဲ့တဲ့အပေါ် အတိုင်းထက်အလွန် ကျေးဇူးအထူးတင်ပါတယ်။ ကျန်းမာစွာပြန်လာတယ်သိရတော့ ရင်ထဲမှာ ဝမ်းသာကြည်နူးဖြစ်ရပါတယ်။ သမ္မတကြီး ကျန်းမာပါစေ။

**ဦးရဲပိုင်(ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့)**

မိသားစုလာကြိုတာက သားဖြစ်သူကိုပါ။ သူ မလေးရှားနိုင်ငံကိုသွားတာ နှစ်နှစ်ရှိပါပြီ။ ဟိုမှာ အဖမ်းခံရလို့ ဒုက္ခရောက်တဲ့အပြင် အလုပ်လုပ်တဲ့အခါ၊ အလုပ်ရှာတဲ့အခါမှာလည်း ဒုက္ခရောက်တယ်လို့ ပြောပါတယ်။ သူတို့ဗီဇာသက်တမ်းကုန်သွားလို့ အဖမ်းခံရပြီး ထောင် သုံးလကျပြီး Camp ထဲမှာ တစ်နှစ်ကျော်သွားပါတယ်။ ပြည်ပကိုထွက်သွားတာ ကျွန်တော်တို့လည်း မသိလိုက်ဘူး။ မိသားစုအဆင်မပြေတော့ သူထွက်သွားတာဖြစ်မယ်။ ပြည်ပကို ထပ်ပြီး လွှတ်ဖို့လည်း မရှိပါဘူး။ မိဘအနေနဲ့ သားကို မျှော်ရတာ တော်တော်မောပါတယ်၊ အခုလို ပြန်ရောက်လာတာကို ပြောမပြတတ်အောင် ဝမ်းသာရပါတယ်။ အခုလိုပြန်ခေါ်ပေးတဲ့အတွက် မိဘတွေအနေနဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ပါတယ်။ အထူးသဖြင့် သမ္မတကြီးကျေးဇူးကို လုံးဝမမေ့ပါဘူးလို့ ပြောချင်ပါတယ်။

**မန်လေး(ကန့်ပက်လက်)**

ကျွန်တော် မလေးရှားမှာ တရုတ်ဘုံကျောင်းမှာ အသုံးပြုတဲ့စက္ကူထုတ်လုပ်တဲ့စက်ရုံမှာ လုပ်တာပါ။ အိမ်အပြန်လမ်းမှာ ရဲကဖမ်းတာခံရတာပါ။ ထိန်းသိမ်းတဲ့နေရာမှာ ကိုးလနေခဲ့ရပြီး အလုပ်မှာ ငါးလကြာခဲ့ပါတယ်။ ထိန်းသိမ်းတဲ့နေရာမှာ မြန်မာတွေ အများကြီးကျန်နေပါတယ်။ မနက်ဖြန်ဟာ ကျွန်တော်တို့အတွက် ဘာကိုမှ မသေချာတော့တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံက အခုလိုပြန်ခေါ်နေတယ်လို့ ကြားရချိန်မှာ မယုံခဲ့တာအမှန်ပါ။ အခု ကိုယ့်နိုင်ငံကိုပြန်ရောက်ပြီး မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိ ပျော်နေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့မြေကို နင်းခွင့်ရအောင်၊ အမိနိုင်ငံရဲ့လေကိုရှူခွင့်ရအောင် ပြန်လာခေါ်ပေးတဲ့ နိုင်ငံတော်အစိုးရ၊ ရေတပ်နဲ့ တပ်မတော်သား အပေါင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**မထက်ထက်အောင်(တမူးမြို့)**

မလေးရှားနိုင်ငံကို သူငယ်ချင်းတွေနဲ့စုပြီး ဘုရားသုံးဆူလမ်းကနေ သွားခဲ့တာပါ။ ထိုင်းကို ဖြတ်ပြီး မလေးရှားထဲကိုဝင်တာနဲ့ အဖမ်းခံရတာပါ။ ကျွန်မ မလေးရှားနိုင်ငံ ထောင်ထဲမှာ ခြောက်လနေခဲ့ရတယ်။ အခုထိ အိမ်နဲ့အဆက်အသွယ်မရသေးပါဘူး။ Camp နဲ့ ထောင်ထဲမှာ အမျိုးသား၊ အမျိုးသမီး မြန်မာနိုင်ငံသားတွေ အများကြီးကျန်သေးတယ်။ အမျိုးသမီးငယ်တွေ အောက်လမ်းကနေ လုံးဝမသွားစေချင်ပါဘူး။ ငွေရတယ်ဆိုပေမယ့် လူတိုင်းငွေမရဘဲ ဘဝဆုံးတဲ့သူတွေ အများကြီးရှိတယ်ဆိုတာ ဟိုရောက်မှ သိရလို့ပါ။ ပွဲစားတွေမက်လုံးကို လူငယ်တွေ အယုံမလွယ်စေချင်ပါဘူး။ အလွန်ဒုက္ခရောက်တဲ့အတွက် လုံးဝမသွားစေချင်ပါဘူး။ လူငယ်တစ်ဦးအနေနဲ့ ကျေးဇူးဆိုတဲ့တန်ဖိုးကို သိပါတယ်။ ကျွန်မတို့ မိဘတွေ မလုပ်ပေးနိုင်တဲ့အရာကို လုပ်ဆောင်ပေးခဲ့တဲ့ နိုင်ငံ့အကြီးအကဲတွေကို ဒီကနေ ဦးခိုက်ပါတယ်။ ကျေးဇူးထက်မြင့်တဲ့အရာထက် ကျေးဇူးပိုပြီးတင်ပါတယ်။ သင်္ဘောပေါ်မှာ လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ပေးကြတဲ့ တပ်မတော်သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဟိုမှာသူငယ်ချင်းတွေ ကျန်ခဲ့သေးတာကြောင့် သူတို့ကိုလည်း ခေါ်ဆောင်ပေးစေလိုပါတယ်။

**ကိုဇော်လင်းအောင်(ဇာသပြင်၊ ကရင်ပြည်နယ်)**

ကျွန်တော်မလေးရှားနိုင်ငံ Camp ထဲမှာ တစ်နှစ်နီးပါးနေခဲ့ရတယ်၊ အခက်အခဲမျိုးစုံနဲ့ နေ့စဉ်ဘဝကို ဖြတ်သန်းခဲ့ရတာပါ။ မြန်မာနိုင်ငံက ကျွန်တော်တို့ကို လာခေါ်မယ်လို့ ကြားရတဲ့အခါမှာ ကိုယ့်နားကိုယ် မယုံမိပါဘူး။ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ကြတာ။ မလေးဆိပ်ကမ်းရောက်လို့ နိုင်ငံတော်အလံနဲ့ တပ်မတော်သင်္ဘောကိုမြင်မိတော့မှ ရင်ထဲကအလုံးကြီးကျပြီး မြန်မာနိုင်ငံကို ပြန်ရပြီကွလို့ အားရဝမ်းသာ ဖြစ်ရပါတယ်။ ဆိပ်ကမ်းမကပ်မီ ရေလယ်ကတည်းက ဆိပ်ကမ်းမှာ ကြိုဆိုနေတဲ့လူအုပ်ကြီးကို မြင်ရတာဟာ ကျွန်တော်တို့တွေကို နိုင်ငံခြားမှာ ပညာသင်ပြီး ပြန်လာတဲ့ လူငယ်တွေကို တာဝန်ရှိသူတွေနဲ့ မိဘဆွေမျိုးတွေ ကြိုကြတဲ့ပုံမျိုးဆိုရင် ဘယ်လောက်ဂုဏ်ရှိလိုက်မလဲလို့လည်း တွေးမိပြီး နိုင်ငံတော်အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ သင်္ဘောပေါ်စတက်ကတည်းကနေ ပြန်ဆင်းတဲ့အထိ ကြိုဆိုခဲ့ကြတဲ့ တပ်မတော်သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အထင်အမြင်လွဲမှားမှုတွေ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပေးပါလို့ တောင်းပန်အပ်ပါတယ်။ အခုလို ကယ်တင်ပေးတဲ့အပေါ် ဖခင်ကောင်းပီသတဲ့ သမ္မတကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ကျော်လင်းဇော်(တပ်မတော်(ရေ))**

ဒီခရီးစဉ်မှာ စစ်ရေယာဉ်(မုတ္တမ)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)နဲ့ ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) သုံးစင်းစုဖွဲ့ပြီး သွားခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့ မလေးရှားနိုင်ငံမှာ နေရပ်ပြန်ဖို့အတွက် အခက်အခဲဖြစ်နေတဲ့ မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို ပြန်လည်ခေါ်ဆောင်ခဲ့တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ရန်ကုန်ဆိပ်ကမ်းကနေ မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းအထိ ရေမိုင် ၈၅၀ ကျော်ဝေးပါတယ်။ အသွား၊ အပြန် ၁၁ ရက်ကြာခဲ့ပြီး ယနေ့ပြန်ရောက်ခဲ့ပါတယ်။ ခရီးစဉ်အောင်မြင်ဖို့အတွက် ပထမဆုံး ဆက်သွယ်ဆောင်ရွက်ပေးတာက နိုင်ငံခြားရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလည်း ပါဝင်ပါတယ်။

တပ်မတော်ရေအပြင် လက်ရုံးတပ်ဖွဲ့တွေဖြစ်တဲ့ တပ်မတော်ဆေးတပ်ဖွဲ့၊ အင်ဂျင်နီယာတပ်ဖွဲ့၊ တပ်ထိန်းတပ်ဖွဲ့တွေပူးပေါင်းမှုနဲ့ လစ်ဟာမှုမရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စစ်ရေယာဉ်သုံးစင်းမှာ အရာရှိ၊ စစ်သည် စုစုပေါင်းအင်အား ၄၃၂ ဦး လိုက်ပါပြီး လိုအပ်ချက်မရှိအောင် ခရီးစဉ်ကို ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်ပြန်တဲ့ နိုင်ငံသားများအနေနဲ့ ဟိုမှာ ရက်ကြာရှည်စွာ ခက်ခဲကြမ်းတမ်းတဲ့ အချုပ်၊ Camp နဲ့ ထောင်တွေထဲမှာ နေခဲ့ရတာကြောင့် သူတို့အတွက် စားရေး၊ သောက်ရေး၊ နေထိုင်ရေးကအစ အဆင်ပြေအောင်၊ စိတ်လက်ပေါ့ပါးအောင် အားကစားပြုလုပ်ပေးခြင်း၊ တေးသီချင်းများသီဆိုစေခြင်းစတဲ့ စိတ်နှလုံးပျော်ရွှင်အောင် စီမံဆောင်ရွက်ပေးတဲ့အပြင် မြန်မာ့ရေပိုင်နက်ကို စစ်သင်္ဘောစတင်ဝင်ရောက်တာနဲ့ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ မြန်မာ့အငွေ့အသက်ကို ပြန်လည်အမှတ်ရရှိအောင် မုန့်ဟင်းခါးချက်ကျွေးပြီး အစစအရာရာ လိုလေသေးမရှိအောင် ပြန်လည်ခေါ်ဆောင်ခဲ့ပါတယ်။

တပ်မတော်(ရေ)အနေနဲ့ နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ ပြည်သူ့အကျိုးဆိုရင် ဘယ်သောအခါမှ လက်မနှေး၊ အချိန်မဆိုင်းစေဘဲ ကူညီဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် အခုလိုတာဝန်ထမ်းဆောင်ခွင့်ရရှိမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**ဦးသန်းစိုး (ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးမှူး)**

မလေးရှားနိုင်ငံမှာ မြန်မာနိုင်ငံသားအဖြစ် စိစစ်ပြီးသူတွေကို ပြန်လည်ခေါ်ယူဖို့ နှစ်နိုင်ငံ အစိုးရသဘောတူညီမှုအရ တပ်မတော်(ရေ)က စစ်ရေယာဉ်သုံးစင်းနဲ့ သွားရောက်ခေါ်ဆောင်ရာမှာ လဝက၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာနက ဝန်ထမ်းတွေလိုက်ပါပြီး လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကချင်၊ ချင်း၊ ရခိုင်နဲ့ တနင်္သာရီက နိုင်ငံသားတွေကို လေယာဉ်၊ သင်္ဘောနဲ့ ပို့ဆောင်ပေးမှာဖြစ်တဲ့အတွက် ယာယီတည်းခိုရာနေရာတွေမှာ စောင့်ရှောက်ပေးထားပြီး အဲဒီဒေသက ဌာနဆိုင်ရာ ကိုယ်စားလှယ်တွေက ခေါ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ ပြည်ပနိုင်ငံမှာ အခက်အခဲကြုံတွေ့နေရတဲ့ ကိုယ့်နိုင်ငံသားတွေကို ပြန်လည်ခေါ်ဆောင်ပေးခြင်းဟာ ဝမ်းသာဂုဏ်ယူစရာပါ။ ပြန်ရောက်လာတဲ့ နိုင်ငံသားတွေရဲ့ မိသားစုဝင်တွေအနေနဲ့ လှိုက်လှဲဝမ်းသာပျော်ရွှင်နေကြတာကို တွေ့မြင်ရမှာပါ။ နိုင်ငံသားတွေ ပြန်လည်ရောက်ရှိလာအောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အသီးသီးက ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။

အင်တာဗျူး – သစ္စာ(MNA)

ဓာတ်ပုံ – ကနူး/မောင်သီ

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့









နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။

■ **ဖယ်ရှားရှင်းလင်းမှု**

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

◆ **ကြက်တောင်ရိုက်ပြိုင်ပွဲမှ**

ဒုတိယပွဲငယ်တွင် ၂၁ မှတ် ၁၂ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးအဆုံးအဖြတ်ဖြစ်သည့် တတိယပွဲငယ်တွင်လည်း ၂၁ မှတ် ၁၃ မှတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟိန်းထွဋ်သည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်ကလည်း ယူဂန်ဒါအင်တာနေရှင်နယ်စီးရီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကိုဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မင်းစံ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက်နေ စံမြင့် ခေါ် အလုအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကျိုက်မရောမြို့မရဲစခန်းက တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

(၄ - ၁၀ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာစည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဆောင်ရွက်




မန္တလေး အောက်တိုဘာ ၄

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းက ကြီးမှူး၍ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးကျန်းမာရေး အသိပညာမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အောက်တိုဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာနှင့် အောက်တိုဘာ ၃ ရက်တွင် အမရပူရမြို့ ဆောင်းဒါးရက်ကန်း သင်တန်းကျောင်း ရွှေလွန်းပုံခန်းမနှင့် မန္တလေးမြို့ မင်္ဂလာမန္တလေး ဟိုတယ်ခန်းမတို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် အမရပူရမြို့နယ် ရေကြည်ပေါက်ကျေးရွာရှိ ဆရာမကြီးဗိမာန်တော်၌ အသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်နှင့် အဖွဲ့က ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုအားပေးကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ UKK စက်ရက်ကန်းစက်ရုံသို့ သွားရောက်လေ့လာသည်။

ဆက်လက်၍ ရေကြည်ပေါက်အထက(ခွဲ)၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်ပြီး ပညာရေးထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် မသန်စွမ်းသူများကို ထောက်ပံ့ပစ္စည်းများပေးအပ်ကာ အသက် ၈၀ နှစ်နှင့်အထက်သက်ကြီးပူဇော်ပွဲသို့တက်ရောက်၍ သက်ကြီးဘိုးဘွားများကို ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် အမရပူရမြို့ ဆောင်းဒါးရက်ကန်း သင်တန်းကျောင်း ရွှေလွန်းပုံခန်းမနှင့် မွန်းလွဲပိုင်းတွင် ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးဟိုတယ်တို့၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးကျန်းမာရေး အသိပညာမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်ကို ကျင်းပပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက နှုတ်ခွန်းဆက်စကားပြောကြားကာ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာအေးရတနာမြင့်က သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုနှင့် ကာကွယ်ရေးဆိုင်ရာ အသိပညာများကို လည်းကောင်း၊ အသင်းဗဟိုအလုပ်အမှုဆောင် ဒေါက်တာကြူကြူအေးက ရင်သားကင်ဆာဆိုင်ရာ အသိပညာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့ပြင် အသင်း၏ လှုပ်ရှားမှုမှတ်တမ်း Documentary Film ပြသခြင်း၊ သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာ အသိပညာပေး ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ပြီး တက်ရောက်လာကြသူများကို ရင်သားကင်ဆာနှင့်စပ်လျဉ်း၍ သင်ကြားပေးခြင်းနှင့် လက်တွေ့စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● တနင်္သာရီတိုင်းဒေသကြီးမှ

လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျနေသော မြေကြီးများဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ရန်အတွက် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့မှ ယနေ့နံနက်ပိုင်းတွင် စတင်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သဘာဝဘေးဒဏ် ထိခိုက်မှုများပြားခဲ့သည့် ကဒက်ငယ်ထိန် ကျေးရွာသို့ရောက်ရှိခဲ့ပြီး သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် လောင်းလုံးမြို့ပေါ်ရှိ ရပ်ကွက် ငါးခု အိမ်ထောင်စု ၃၁၀ တို့ကို သောက်ရေသန့်ကားဖြင့် ရေသန့်များဖြန့်ဝေပေးခြင်း၊ လောင်းလုံးမြို့ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ခြင်းနှင့် လောင်းလုံး-ကဒက်ငယ်ထိန်ရွာလမ်းတစ်လျှောက်ရှိ လမ်းပေါ်ပြိုကျနေသော မြေကြီးများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများကိုမြေညှိပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်နေသောအမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝ)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

❍ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိမှ

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာအစိုးရအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင်မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များ ကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်းစာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို တပ်မတော်လေယာဉ်၊ စင်းလုံးငှားလေယာဉ်၊ အပြေပြေဆိုင်ရာမြန်မာ့လေကြောင်းလိုင်း(MAI)နှင့် Air Asia လေယာဉ်များဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ မြန်မာနိုင်ငံသားစုစုပေါင်း ၁၉၀၅ ဦးကိုလည်းကောင်း၊ အိန္ဒိယရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးကို အပြေပြေဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI) ဖြင့်၂၀၂၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချိုးဖောက်ခဲ့မှုများကြောင့် ပြစ်ဒဏ်ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသူများကို မြန်မာနိုင်ငံသား မှန်ကန်မှုရှိ၊ မရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စိစစ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စိစစ်ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်ထိ မြန်မာနိုင်ငံသားမှန်ကန်သူ ၈၀၄၃ ဦးကို လေယာဉ်ဖြင့် အပတ်စဉ်ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် လေယာဉ်စရိတ်မတတ်နိုင်သည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၈ ဦးကို မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်) တို့ဖြင့် ပြန်လည်ခေါ်ဆောင်လာရာ ယနေ့တွင် မြန်မာနိုင်ငံသို့ ချောမောစွာရောက်ရှိခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ပြည်တွင်း၌အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့်အားလျော်စွာ နိုင်ငံသားများအနေဖြင့် ပြည်တွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများစသည့် စီးပွားရေးကဏ္ဍများတွင် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု စွမ်းအားကို မြှင့်တင်နိုင်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် ဂုဏ်သိက္ခာရှိပြီး လုံခြုံစိတ်ချရသည့် လူနေမှုဘဝကို ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးပွဲစားများ၏ မက်လုံးပေး ဆွဲဆောင်စည်းရုံးမှုများကို အယုံမလွယ်ကြရန်၊ တရားမဝင် နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပသို့တရားမဝင် ထွက်ခွာမှုများကို ရှောင်ကြဉ်ကြရန်နှင့် လူကုန်ကူးခံရမှုမရှိစေရေး သတိပြုဆင်ခြင်နိုင်ကြရန် သတိပေးနှိုးဆော်ထားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မည်သို့သောအခြေအနေတွင်ဖြစ်စေ အခက်အခဲကြုံတွေ့လာပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နောင်တွင်လည်း ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် အခက်အခဲ တစ်စုံတစ်ရာ ကြုံတွေ့လာပါက မြန်မာသံရုံးများနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန် သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❖ အသိပေးကြေညာမှု

ယခုနှစ် နွေရာသီတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ရေလှောင်တမံများတွင် ရေခန်းခြောက်မှုပိုမိုနိုင်ကြောင်းမျှော်မှန်း၍ လာမည့် ၂၀၂၅ ခုနှစ် မိုးရာသီကာလထိ တမံများ၏ရေသိုလှောင်ထားမှုပမာဏကိုထိန်းညှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသွားရန် စီမံထားရှိပြီးဖြစ်ပါသည်။

ထို့ပြင် ယခုနှစ်နွေရာသီအမီ ဆိုလာစီမံကိန်းအသစ်များ၊ ရေအားလျှပ်စစ်စီမံကိန်းအသစ်များ အပါအဝင် ဓာတ်အားထပ်မံထုတ်လုပ်နိုင်ရေးဆောင်ရွက်နေသကဲ့သို့ ဖျက်ဆီးခံထားရသည့်ဓာတ်အားပေးစက်များ ပြန်လည်ကောင်းမွန်လာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြင်းထန်အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် အပူချိန်မြင့်မား၍ ဓာတ်အားလိုအပ်ချက် မြင့်မားလာသည့်အချိန်တွင် ဓာတ်အားထုတ်လုပ်မှုနှင့်သုံးစွဲမှု အချိုးညီမှုမရှိပါက ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားထုတ်စက်များ ရုတ်တရက် ရပ်တန့်ခြင်း၊ မဟာဓာတ်အားလိုင်းများအပြစ်ဖြစ်ပေါ်၍ တစ်နိုင်ငံလုံး ဓာတ်အားစနစ်ပြတ်တောက်ခြင်း(System Breakdown)စသည်တို့ ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလတွင် ဓာတ်အားထုတ်လုပ်နိုင်မှုနှင့်အညီ သုံးစွဲမှုကို အချိုးညီစေရေးအတွက်ဝန်အားထိန်းညှိဖြန့်ဖြူးမှုကို မလွဲမရှောင်သာအနည်းဆုံးပမာဏဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို အလှည့်ကျစနစ်ဖြင့် ဝန်အားထိန်းညှိ၍ဓာတ်အားဖြန့်ဖြူးမည့်အစီအစဉ်ကို အောက်တိုဘာ ၅ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ဟင်းသုံးခွက်ပုံပြင်

## နွေကုံကျော်(မြို့လှ)



**ယမန်နေ့မှအဆက်**

ချမ်းသာသည့် မိဘများဖြစ်ဖြစ်၊ ဆင်းရဲသည့် မိဘများပဲဖြစ်ဖြစ် ကိုယ့်သားသမီးကိုတော့ အတောင်အလက်စုံစေချင်သည် မဟုတ်ပါလား။ ပြောမည့်သာ ပြောရသည် အတောင်အလက်စုံတိုင်းလည်း မိဘအိမ်ဆီ တောင်ပံခတ်ချင်မှ ခတ်ကြဦးမည်ကိုး။

(၂)

အတောင်မခတ်သော သမီးတစ်ယောက်နှင့် မှတ်မှတ်ထင်ထင် ဆုံတွေ့ခဲ့သည်က မိတ်ဆွေဆရာမကြီးတစ်ဦးအိမ်မှာဖြစ်သည်။

"မုန့်ဟင်းခါးချက်ဖို့ သားအားလုံးကူညီပေးပါ့မယ် အမေသိန်း"ဟူသော လူမှုရေးကတိစကားဖြင့် အမေသိန်းအမျိုးသားနာရေးအတွက် ကျွန်တော် ကတိပေးခဲ့မိသည်။

ဒီမတိုင်မီ အမေသိန်းအမျိုးသားမဆုံးခင် ဆေးရုံတက်နေစဉ်ကလည်း ကျွန်တော်သွားရောက်ကြည့်ရှုခဲ့ပါသေးသည်။ ဗန်းမော်မှာ တာဝန်ကျနေသည့်သားငယ်က အမြန်ဆုံးရောက်လာပြီး ဖခင်ကိုကြည့်ရှုစောင့်ရှောက်ခဲ့သည့်တိုင် ရန်ကုန်မှာရှိသည့် သမီးကြီးက ဆုံးခါနီးတစ်ရက်အလိုမှ ရောက်လာခဲ့သည်။

အမေသိန်းအမျိုးသားဆုံးပြီး နောက်တစ်ရက်မှာပဲ ရက်လည်ဆွမ်းကျွေးအတွက် ပြောဆိုကြရာ ကျွန်တော်က မုန့်ဟင်းခါးအတွက် တာဝန်ယူခဲ့ခြင်းဖြစ်သည်။ ရပ်ကွက်ထဲမှာလည်း အသိအကျွမ်းနည်းသည့်အပြင် သားသမီးနှစ်ယောက်ကလည်း အဝေးမှလာသူတွေဖြစ်သောကြောင့် ကိုယ့်အပေါ် ကျေးဇူးရှိဖူးသော အမေသိန်းကို စိတ်အေးစေရန် ကူညီခြင်းဆိုလည်း မမှားပါချေ။

"ရပ်ကွက်ထဲက ပန်းကန်တွေမငှားဘဲ သားအသိဆီကနေ ငှားပေးပါ့မယ် အမေသိန်း။ နောက်ပြီး မုန့်ဟင်းခါးကို အပြင်က အော်ဒါမှာမလား။ အိမ်မှာပဲ ချက်ချင်လား"

"အိမ်မှာချက်တော့ ဝဝစုံစုံစားရတာ ပေါ့သားရယ်"

"စိတ်ချပါ အမေသိန်း။ လူဘယ်လောက်စာ ချက်ရမလဲ"

"လိုလိုမည်မည် လူ၂၀၀စာလောက်ပေါ့သားရယ်"

နောက်တစ်နေ့မှာပဲ အလုပ်တစ်ဖက်ကြားမှ ကျွန်တော်ဝယ်ခြမ်းရေးကိစ္စစတင်ရသည်။ ပစ္စည်းငှားရမ်းမှုကိုလည်း ကိုယ့်ကားဖြင့်ကိုယ်သာ သွားရောက်သယ်ဆောင်ပြီး အမေသိန်းအိမ်ဆီ ပို့ဆောင်ပေးသည်။

"အမေသိန်းရေ အိုးခွက်တွေလာပို့တာပါ"

ကားနောက်ဖုံးကိုဖွင့်ပြီး ပစ္စည်းများကို အိမ်ရှေ့သယ်ပို့သည့်တိုင် အိမ်ထဲထိုင်လျက်ရှိနေသူကား ရန်ကုန်မှရောက်လာသည့် အမေသိန်းသမီးပင်တည်း။ မိမိဖခင်နာရေးကို လာရောက်ကူညီလုပ်ကိုင်ပေးနေသူတွေကို အလုပ်သမားတွေများလားမှတ်ယူနေသဖြင့် ကျွန်တော်တင်းမိသည်။ လာရောက်ကူညီပေးဖော်မရ။ ထိုစဉ်မှာပဲ–

"အမေကူသယ်ပေးမယ်သားရေ"ဟု ဆိုပြီး အမေသိန်းက ပန်းကန်များကူချသည်။ သို့တိုင်အောင် သမီးဖြစ်သူက ထိုင်ရာမပျက်။ ပါးစပ်က ပြောချင်တာယားနေသည်။ သို့သော် ကူညီမှုလေးများ အယွင်းအရာပျက်သွားမှာစိုးသည့်စိတ်၊ အမေသိန်းကို အားနာစိတ်ဖြင့် မနည်းအောင့်ထားရသည်။

"ညချက်ပြုတ်ရင် မိုးရွာရင်ဒုက္ခပဲ၊ အမေ တာလပတ်လေး ဝယ်ချင်သေးတယ်သား"

"ချက်မဲ့နေရာအတိုင်းလုပ်ပြီး တစ်ခါတည်းသွားဝယ်ကြတာပေါ့ အမေသိန်း"

အမေသိန်း၏ ယောက်မဖြစ်သူပါ လိုက်ပါလျက် ကျွန်တော်တို့ ဈေးဘက်ထွက်ခဲ့ကာ တာလပတ်ဝယ်လိုက်ကြသည်။

"မနက်အစောကျမှ ကျန်တဲ့ပစ္စည်းတွေယူခဲ့တော့မယ်နော်။ သားလဲ အလုပ်ရှိသေးလို့"

"အေးအေး သား ကျေးဇူးတင်ပါတယ်ကွယ်။

မှောင်လျှင် ကားမမောင်းချင်သည့်အတွက် ညနေစောင်းမှာပဲ အိမ်ပြန်ခဲ့သည်။ လိုအပ်သည့် အိုးခွက်ပန်းကန်များနှင့် ချက်ပြုတ်ရန်အိုးကြီး အိုးငယ်များ၊ ထင်းကအစ စီစဉ်ပေးပြီးပြီမို့ စိတ်အေးစွာအိမ်ပြန်လာခဲ့စဉ် စိတ်မောဖွယ်စကားကို ဇနီးသည်က ဖွင့်ဟလာလေသည်။

"မောင်တို့ပစ္စည်းဝယ်နေတုန်း အမေသိန်း ယောက်မကပြောလို့ သိရတယ်။ အမေသိန်းကို သူ့သမီးက အတော်နိုင်တာပဲတဲ့ မောင်ရယ်။ ရန်ကုန်မှာ အလုပ်လုပ်နေတာ လစာရှိတဲ့တိုင်အောင် အဖေ့ဆီကနေ လတိုင်းမုန့်ဖိုးပြန်တောင်းတာတဲ့။ အဘကြီးက မဆုံးခင်ထိ အမေသိန်းမသိအောင် ခိုးခိုးပို့ရတာတဲ့။ အသက်က လှိုင်နဲ့ တစ်နှစ်ပဲကွာတယ်။ အခုလဲ အဖေ့နာရေးမှာကြည့်ပါအုံး ဝတ်ထားတာဘောင်းဘီတိုနဲ့"

"အဲဒီမိန်းမအကြောင်း ပြောမနေပါနဲ့တော့ကွာ"

ရုတ်တရက်ဆိုသလို ဖတ်ခဲ့ဖူးသည့် မဂ္ဂဇင်းတစ်ခုမှ ဝတ္ထုတစ်ပုဒ်ကို အမှတ်ရလိုက်သည်။ လစာငွေများစွာရသည့် ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရနေသည့်တိုင်အောင် အဖေအမေဆီက ရနိုင်သမျှရအောင်ကြံဖန်အရည်ထုတ်သော သမီးတစ်ယောက်အကြောင်းရယ်ပါ။

ဖခင်ဖြစ်သူ နေမကောင်းသဖြင့် ရန်ကုန်တွင် ဆေးလာကုသည်။ သမီးအပျိုကြီးက အိမ်ရှင်ပီပီ ဖခင်ကြီးကို ဆေးဝါးကုသမှုပေးပြီး စောင့်ရှောက်ခဲ့သည်။ ဖခင်ကြီးခမျာ ပီတိများနှင့်ဆေးကုသမှုခံယူပြီး နယ်သို့ ပြန်သွားသည်။ နောက်တစ်ပတ်လောက်အကြာမှာတော့ ပြေစာတစ်ရွက်နှင့် စာတစ်စောင် ရောက်လာသည်။ ယခင်က သမီးကိုပေးရမည့် မုန့်ဖိုးတွင် ဆေးရုံတက်သည့်စရိတ်များပါ ထပ်ပေါင်းထားသော စာလွှာဖြစ်နေသည်။ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းပင်ဖြစ်၏။

(၃)

နောက်တစ်နေ့မနက်အစော တရားနာအမိအိမ်မှထွက်ခဲ့သည်။ လိုလိုမည်မည် စားပွဲတစ်လုံး အိမ်ကနေ ထပ်တင်ခဲ့လိုက်သည်။ အမေသိန်းအိမ်ရောက်တော့ တရားပွဲက စနေပြီဖြစ်၏။

"အမေလုပ်သူက စောစောထပြီး မီးဖိုထဲဝင်၊ ထမင်းချက်ဖို့ တခြားသူတွေကို လုပ်ကိုင်ကူညီနေတယ်။ သမီးလုပ်သူက အိပ်နေတယ်။ ကောင်းရဲ့လား ကိုယ့်ဘာသာ စဉ်းစား။ အိမ်ကိုပြန်လာတယ် ဧည့်သည်လိုနေတယ်။ အမေကို အမေလို မဆက်ဆံဘူး။ ကောင်းရဲ့လား စဉ်းစား"

ဘယ်သူ့ကို ပြောနေပါလိမ့်ဟူသောအတွေးဖြင့် နေသစ် တရားနာရင်း စဉ်းစားရသည်။ ဟိုမိန်းမကို ပြောနေတာများလားဆိုပြီး သံသယနည်းနည်းဖြစ်မိ၏။ သို့သော် မဖြစ်နိုင်ပါဘူး။ ဘုန်းကြီးက ဒီလိုမျိုး တည့်တည့်မဟောလောက်ပါဘူးဟုတွေးလိုက်မိသည်။

"ညည်းတို့လို သမီးတွေချည်းသာဆို ဟင်းတစ်ခွက်ရောက်ဖို့ နေနေသာသာ ငါးပိရည်ကျိုတစ်ခွက်တောင် အမေတွေစားရမှာမဟုတ်ဘူး။ အမိအဖကိုရှိတုန်းလေး ကျွေးကြမွေးကြပါ။ မိဘကို ပြန်ပြောပြီး နိုင်တယ်လို့အထင်ခံရတာလောက် လောကမှာ ယုတ်ညံ့တာမရှိဘူး။ သူတို့မှာ ဥစ္စာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သားသမီးတွေက အလိုက်တသိပေးလာတာကို ဘယ်မိဘက လက်မခံဘဲနေကြမလဲ။ မကြည်နူးဘဲ နေနိုင်ကြမလဲ။ ဟင်းတစ်ခွက်မပို့နိုင်တော့ရင် အမေ့အိမ်ကနေ ဟင်းတစ်ဖတ်တော့ ခဏခဏနှိုက်ဖို့ မကြံကြပါနဲ့"

တရားနာပွဲပြီး၊ ဧည့်ခံကျွေးမွေးရေးပြီး အားလုံး ပတ်စာခွာဖျာသိမ်းပြီးမှ မုန့်ဟင်းခါးချက်ပြုတ်ရေး တာဝန်ယူထားသော နေသစ်တို့ အိမ်ပြန်ခဲ့ကြသည်။

"ဆရာတို့ရောက်တာ နည်းနည်းနောက်ကျလို့ ကောင်မလေးကို ဘုန်းကြီးက တည့်တည့်ဆူပြီး တရားပေးတာလေ။ ကျွန်မတို့တောင် သဘောတွေကျလို့၊ ဒါမှ မှတ်မှာလို့၊ မိသားစုအကြောင်းသိနေတဲ့ ဘုန်းကြီးဆိုတော့ ဟောလို့ကောင်းတာပေါ့လေ"

ကျွန်တော် ဇာတ်ရည်လည်လိုက်ပါပြီ။ ဝမ်းလည်းသာရပါသည်။ မြင်တွေ့ဖူးသော သမီးနှစ်ယောက်၊ ဖတ်ခဲ့ရဖူးသော ဇာတ်ကောင်သမီးတစ်ယောက်မျိုးတွေချည်းသာဆို အဘယ်သို့မျှ ဟင်းသုံးခွက်က အဖေအမေဆီပြန်မရောက်နိုင်။

❖ ညည်းတို့လို သမီးတွေချည်းသာဆို ဟင်းတစ်ခွက်ရောက်ဖို့ နေနေသာသာ ငါးပိရည်ကျိုတစ်ခွက်တောင် အမေတွေစားရမှာ မဟုတ်ဘူး။ အမိအဖကိုရှိတုန်းလေး ကျွေးကြမွေးကြပါ။ မိဘကို ပြန်ပြောပြီး နိုင်တယ်လို့အထင်ခံရတာလောက် လောကမှာ ယုတ်ညံ့တာမရှိဘူး။ သူတို့မှာ ဥစ္စာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သားသမီးတွေက အလိုက်တသိပေးလာတာကို ဘယ်မိဘက လက်မခံဘဲနေကြမလဲ။ မကြည်နူးဘဲ နေနိုင်ကြမလဲ။ ဟင်းတစ်ခွက်မပို့နိုင်တော့ရင် အမေ့အိမ်ကနေ ဟင်းတစ်ဖတ်တော့ ခဏခဏနှိုက်ဖို့ မကြံကြပါနဲ့ ❖

"အင်း သမီးမိန်းကလေးဆိုတော့ ဟင်းတစ်ခွက်တော့ အိမ်ရောက်နိုင်တာပေါ့လေ"တဲ့။ ကြားဖူးနေကျစကားလေးကို အားနာသလိုလိုဖြစ်မိရုံသာရှိပါတော့သည်။

# ဝါအထွက်တိုးဖို့ ဖျက်ပိုးအန္တရာယ်ကို ETL စံနှုန်းဖြင့် သိပ္ပံနည်းကျကာကွယ်စို့

နော်အဲလင်း(စိုက်ပျိုးရေး)



ဝါသီးနှံသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်အထည်အလိပ်ကဏ္ဍအတွက် အရေးပါရုံမျှမက တောင်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည့်အဖိုးတန်စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုဖြစ်ထွန်းအောင်မြင်ရေးတွင် အဓိကစိန်ခေါ်မှုကြီးတစ်ခုမှာ ဖျက်ပိုးအန္တရာယ်ပင်ဖြစ်သည်။ ဝါပင်ကို စတင်စိုက်ပျိုးချိန်မှ ကောက်သိမ်းချိန်ထိ အင်းဆက်ပိုးမျိုးစိတ်ပေါင်း ၁၃၂၆ မျိုးခန့် ဖျက်ဆီးနိုင်သည်။ ဝါပင်၏ သက်တမ်းတစ်လျှောက်တွင် ဝါရွက်ကိုစုပ်စားသော ပျပိုး၊ ဖြုတ်စိမ်း၊ လှေး၊ ယင်ဖြူ၊ မွှားပင့်ကူနီ၊ ပိုးစေးနဲ၊ ဝါရွက်ကိုစားသော ရွက်စားပိုး၊ ရွက်လိပ်ပိုး၊ သီးပွင့်အင်္ဂါတွင်ကျရောက်သော အမေရိကန်သီးလုံးဖောက်ပိုး၊ ပန်းရောင်သီးလုံးဖောက်ပိုး၊ စက်ပြောက်သီးလုံးဖောက်ပိုး၊ ပင်စည်ထိုးကျိုင်းစသည့်ဖျက်ပိုးများ ကျရောက်တတ်သည်။ ဖျက်ပိုးများသည် ဝါပင်၏ကြီးထွားမှုကို နှောင့်နှေးစေရုံသာမက ဝါအထွက်နှုန်းနှင့်အရည်အသွေးကို သိသိသာသာ လျော့နည်းကျဆင်းစေသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့၏ ဝါစိုက်ခင်းများကို မျက်ခြည်မပြတ် စစ်ဆေးကာ ဖျက်ပိုးအန္တရာယ်ကို သတိပြုလျက် စနစ်တကျ ကြိုတင်ကာကွယ်နှိမ်နင်းကြရန် အလွန်ပင်လိုအပ်လှသည်။

**ဖျက်ပိုးတို့အကြိုက်တွေ့နေသည့် ဝါပင်၏သဘာဝ**

ဝါပင်၏ ပြင်ပပုံသဏ္ဍာန်နှင့် ဇီဝကမ္မဖြစ်တည်ပုံတို့သည် အခြားသီးနှံများနှင့်မတူဘဲ ပိုးမွှားများ ပိုမိုကျရောက်ဖျက်ဆီးနိုင်ရန် ဖန်တီးထားသကဲ့သို့ရှိနေသည်။ ဝါပင်ပေါ်ရှိ သီးပွင့်အင်္ဂါများသည် တစ်ချိန်တည်းတစ်ပြိုင်တည်း ပွင့်အာလာခြင်းမဟုတ်ဘဲ အဆင့်ဆင့် ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာခြင်းကြောင့် ပိုးမွှားများအတွက် အစာအာဟာရကို အဆက်မပြတ်ပံ့ပိုးပေးနေသကဲ့သို့ဖြစ်နေသည်။ ထို့ပြင် ဝါပွင့်၊ ဝါပိန့်နှင့် ဝါသီးလုံးများသည် သီးလုံးဖောက် ပိုးလောက်ကောင်များအတွက် အကောင်းဆုံးအစာဖြစ်ရုံမျှမက ရာသီဥတုဒဏ်၊ သဘာဝရန်သူပိုးများနှင့် ပိုးသတ်ဆေးအန္တရာယ်တို့မှ ကောင်းစွာပုန်းအောင်းနိုင်သည့် အကာအကွယ် အမိုးအကာများလည်းဖြစ်နေပြန်သည်။ ထို့အတူ ဝါရွက်နှင့်ရွက်ညွန့်များမှထွက်သော အချိုရည်များသည် စုပ်စားပိုးများကိုဆွဲဆောင်နေပြီး ၎င်းတို့ပေါက်ပွားကြီးပြင်းရန် အကောင်းဆုံးပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးထားသည်။

ဖျက်ပိုးများကြောင့် ဝါသီးနှံ၏ အထွက်နှုန်းနှင့် အရည်အသွေးသည် ဆိုးဆိုးရွားရွား လျော့နည်းကျဆင်းနိုင်သည်။ အထူးသဖြင့် အမေရိကန်သီးလုံးဖောက်ပိုးနှင့် ပန်းရောင်သီးလုံးဖောက်ပိုးတို့ကျရောက်ပါက ဝါအထွက်နှုန်းကို ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိ ဆုံးရှုံးစေနိုင်ပြီး စုပ်စားပိုးများကြောင့်လည်း ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ လျော့နည်းသွားနိုင်သည်။ သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် ဝါအထွက်နှုန်းတိုးတက်မြင့်မားရေးကို ဖော်ဆောင်ရာတွင် ဖျက်ပိုးများကို ထိရောက်စွာ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းသည် မရှိမဖြစ်ဆောင်ရွက်ရမည့် အဓိကသော့ချက်ကြီးတစ်ခုဖြစ်သည်။

**ပိုးမွှားကင်းထောက်မှတ်တမ်းယူခြင်း**

ဝါပင်၏ အသီးအပွင့်များကို ဖျက်ဆီး၍ အထွက်နှုန်းကို ထိုးနှက်ဆွဲချမည့် ဖျက်ပိုးများ၏လှုပ်ရှားမှုကို ကြိုတင်သိရှိနိုင်ရန် စိုက်ခင်းအတွင်း "ပိုးမွှားကင်းထောက် မှတ်တမ်းယူခြင်း"ကို မဖြစ်မနေ ဆောင်ရွက်ရမည်။ ပိုးမွှားကာကွယ်နှိမ်နင်းမှုတွင် အနည်းငယ်မျှလွဲမှားမှုဖြစ်သွားပါက မျှော်မှန်းထားသည့် ဝါအထွက်နှုန်းကို ဆုံးရှုံးသွားနိုင်သဖြင့် စိုက်ခင်းကို သုံးရက်မှ ငါးရက်ခြားတစ်ကြိမ် ပုံမှန်ကွင်းဆင်းစစ်ဆေးရမည်။ ဤသို့စနစ်တကျကင်းထောက်စစ်ဆေးမှသာ ဖျက်ပိုးအကောင်ရေ ထူးကဲပြင်းထန်စွာကျရောက် လာမည့်အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး စီးပွားရေးအရ အရေးကြီးသောကာကွယ်နှိမ်နင်းမှုများကို အချိန်မီဆောင်ရွက်နိုင်ပေမည်။

**ETL နှင့် EIL**

ဝါစိုက်ခင်းအတွင်းရှိ အင်းဆက်ပိုးမွှားအကောင်ရေသည် ရာသီဥတုနှင့် ပတ်ဝန်းကျင်အပေါ် မူတည်၍ အမြဲတစေ ပြောင်းလဲနေသည်။ ဖျက်ပိုးများကို စနစ်တကျကာကွယ်နှိမ်နင်းခြင်းမပြုဘဲ လွှတ်ထားမိပါက ဖျက်ပိုးအကောင်ရေသည် တရိပ်ရိပ်တိုးပွားလာပြီး သီးနှံအထွက်နှုန်းကို စီးပွားရေးအရ ဆုံးရှုံးမှုဖြစ်စေသည်ထိ ထိခိုက်ဖျက်ဆီးလာနိုင်သည်။ ထို့ကြောင့် ဖျက်ပိုးများကို အဆင့်ဆင့်ကာကွယ်တားဆီးနိုင်ရန် ၁၉၅၉ ခုနှစ်တွင် စတန် (Stern) နှင့်အဖွဲ့သည် ETL နှင့် EIL တို့ကို သတ်မှတ်ခဲ့ကြသည်။

**စီးပွားထိခိုက်နိုင်သောအဆင့် (ETL-Economic Threshold Level)**

စီးပွားထိခိုက်နိုင်သော အဆင့်ဆိုသည်မှာ တိုးပွားလာသော ဖျက်ပိုးအကောင်ရေပမာဏသည် စီးပွားဆုံးရှုံးစေသောအဆင့် (EIL-Economic Injury Level) သို့ မရောက်ရှိစေရန်အတွက် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို စတင်သုံးစွဲရန်ဆုံးဖြတ်ရမည့် ဖျက်ပိုးအကောင်ရေဖြစ်သည်။

**စီးပွားဆုံးရှုံးစေသောအဆင့် (EIL-Economic Injury Level)**

စီးပွားဆုံးရှုံးစေသောအဆင့်ဆိုသည်မှာ စီးပွားရေးအရ ဆုံးရှုံးမှုကို ဖြစ်စေသော ဖျက်ပိုးအကောင်ရေကို ခေါ်သည်။

ETL နှင့် EIL တို့သည် အဓိပ္ပာယ်နှင့်လုပ်ဆောင်ချက်ချင်းကွာခြားသည်။ ETL သည် ဖျက်ပိုးများကို ကြိုတင်တားဆီးရန် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို စတင်လုပ်ဆောင်ရမည့်အဆင့်ဖြစ်သည်။ အချို့က ETL အဆင့်ရောက်လျှင် ပိုးသတ်ဆေးဖျန်းရမည်ဟု ပုံသေမှတ်ထားကြသည်။ အမှန်တကယ်တွင် ETL အဆင့်ရောက်လျှင် ဖျက်ပိုးများကိုကာကွယ်နှိမ်နင်းရေးနည်းလမ်းတစ်မျိုးမျိုးဖြင့် မဖြစ်မနေကာကွယ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ပိုးသတ်ဆေးတစ်မျိုးတည်းမဟုတ်ဘဲ အခြားအသုံးဝင်သော ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကိုလည်း အသုံးပြုနိုင်သည်။

EIL သည် ဖျက်ပိုးများကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ဖျက်ပိုးကာကွယ်နှိမ်နင်းရသည့်ကုန်ကျစရိတ်နှင့် အတိအကျ တူညီသွားခြင်းသို့မဟုတ် ကျော်လွန်သွားသော ဖျက်ပိုးအကောင်ရေအတိအကျကိုဆိုလိုသည်။ ထို့ကြောင့် EIL အဆင့်ကိုရောက်လျှင် တောင်သူများသည် ငွေကြေးအရ၊ စီးပွားရေးအရ စတင်ဆုံးရှုံးနေသည်။ ထို့ကြောင့် ဖျက်ပိုးများကို EIL အဆင့်သို့မရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရပေမည်။

ETL သည် ကာကွယ်ရန် သတိပေးချက်အဆင့်ဖြစ်ပြီး EIL သည် ထိခိုက်နစ်နာဆုံးရှုံးမှုစတင်ဖြစ်ပေါ်သည့်အဆင့်ဖြစ်သည်။

ETL အဆင့်ကိုသိရှိနားလည်ခြင်းသည် ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် အလွန်အရေးကြီးသည်။ တောင်သူများသည် ဝါစိုက်ခင်းအတွင်း ဖျက်ပိုးတစ်ကောင်စ၊ နှစ်ကောင်စ တွေ့ရုံမျှဖြင့် စိုးရိမ်တကြီး ပိုးသတ်ဆေးများ အလွန်အကျွံပက်ဖျန်းခြင်းမှ တားဆီးပေးနိုင်သောကြောင့်ဖြစ်သည်။ ETL အဆင့်ကိုအခြေခံ၍ ဆေးဖျန်းခြင်းဖြင့် ပိုးသတ်ဆေးဖျန်းရမည့် အကြိမ်အရေအတွက်ကို လျှော့ချနိုင်ကာ စိုက်ပျိုးစရိတ်ကို သက်သာစေသည်။ ထို့ပြင် ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဖျက်ပိုးများ ဆေးယဉ်ပါးမှုပြဿနာ၊ စိုက်ခင်းအတွင်းရှိ အကျိုးပြုပိုးမွှားများ သေကျေပျက်စီးမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဘေးအန္တရာယ်များကိုပါ ထိရောက်စွာ ကာကွယ်ပေးနိုင်သည်။ ETL သည် ကုန်ကျစရိတ် အသက်သာဆုံးနှင့် အထိရောက်ဆုံးသောဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးစနစ်၏ မရှိမဖြစ် အရေးပါသောလမ်းညွှန်ချက်တစ်ခုဖြစ်သည်။

**ဝါသီးနှံ၏ ဖျက်ပိုးအလိုက် ETL စံနှုန်းများ**

ဝါသီးနှံ၏ အဓိကဖျက်ပိုးများအတွက် သတ်မှတ်ထားသော ETL စံနှုန်းများမှာ-

| စဉ် | ဖျက်ပိုးအမည် | အရေအတွက် |
| --- | --- | --- |
| ၁။ | ဖြုတ်စိမ်းပိုး | တစ်ရွက်လျှင် ၂ ကောင်မှ ၄ ကောင် |
| ၂။ | ပျ | တစ်ရွက်လျှင် ၁၀ ကောင် (သို့) ထိခိုက်အပင် ၁၀ ပင် |
| ၃။ | ယင်ဖြူ | တစ်ရွက်လျှင် ၅ ကောင် |
| ၄။ | မွှားပင့်ကူနီ | တစ်စတုရန်းစင်တီမီတာတွင် ၁၀ ကောင် |
| ၅။ | သရစ် | တစ်ရွက်လျှင် ၁၀ ကောင် |
| ၆။ | ဝါပိုးနီ | ၂၄ ပင် တွင် ၂၄ ကောင် |
| ၇။ | ရွက်စားပိုး | ၁၀၀ မီတာပတ်လည်တွင် ၃ မြုံ မှ ၈ မြုံ (သို့)<br>တစ်ပင်လျှင် ပိုးလောက်လမ်း ၁ ကောင် |
| ၈။ | ပိုးစေးနဲ | စိုက်ခင်းအတွင်း စတွေ့လျှင် တွေ့ခြင်း |
| ၉။ | အမေရိကန်သီးလုံးဖောက်ပိုး | တစ်ဧကတွင် ဥ ၅၀၀၀ (သို့)<br>တစ်ဧကတွင်လောက်ကောင် ၃၀၀၀ |
| ၁၀။ | ပန်းရောင်သီးလုံးဖောက်ပိုး | ပိုးပါသီးလုံး ၁၀ ရာခိုင်နှုန်း |

တောင်သူများအနေဖြင့် မိမိတို့ဝါခင်းအတွင်း ဖျက်ပိုးအကောင်ရေသည် အထက်ပါ ETL အဆင့်သို့ မရောက်မချင်း ဓာတုပိုးသတ်ဆေး လုံးဝ(လုံးဝ) မဖျန်းသင့်ပါ။ ဤအဆင့်အောက်တွင်ရှိနေပါက သဘာဝထောင်ချောက်များနှင့် သဘာဝပိုးနှင်ဆေးရည်များဖြင့်သာ ထိန်းချုပ်ခြင်းဖြင့် ဆေးဖိုးကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချနိုင်သည်။

**ပိုးမွှားကင်းထောက်မှတ်တမ်းယူနည်း**

တောင်သူများသည် ဝါခင်းအတွင်းသို့ သုံးရက်မှ ငါးရက်ခြားတစ်ကြိမ်နှုန်းဖြင့် ဝါတစ်ရာသီတွင် ၁၈ ကြိမ်ခန့် ကွင်းဆင်း၍ ပိုးမွှားအခြေအနေကို ကင်းထောက်မှတ်တမ်းယူရမည်။ ဝါပင်ရက် ၂၀ နှင့် ၂၅ ရက်သားမှစတင်၍ နံနက် ၆ နာရီမှ ၁၀ နာရီအတွင်း ပြီးစီးအောင်မှတ်တမ်းယူရမည်။ ဝါခင်း၏ကန်သင်းမှ ၁၅ ပေ၊ ပေ ၂၀ ခန့်အကွာ စိုက်ကြောင်းအတိုင်း အကွက်ပုံစံစတုဂံဖြစ်လျှင် ဇစ်ဇက်ပုံသဏ္ဍာန်၊ အကွက်ပုံစံစတုရန်းပုံစံဖြစ်လျှင် အင်္ဂလိပ်အက္ခရာ M ပုံသဏ္ဍာန် လမ်းလျှောက်သွားရမည်။ လမ်းလျှောက်ရာလမ်းကြောင်းအတွင်း စိုက်စနစ်အရ သုံးပေ၊ သုံးပေ၊ တစ်ကျင်းနှစ်ပင်ချန်စနစ်တွင် ၁၀ ပင်စစ်ဆေးပြီး နှစ်ပေခွဲ၊ နှစ်ပေခွဲ၊ တစ်ကျင်း နှစ်ပင်ချန်စနစ်တွင် ၁၄ ပင် စစ်ဆေးရပေမည်။

ဝါပင်တစ်ပင်တွင် တစ်ရွက်နှုန်းဖြင့် စစ်ဆေးပါ။ ပထမဝါပင်၏ အပေါ်ထိပ်ပိုင်းရှိ ဝါရွက်ကို ညင်သာစွာ အရွက်အောက်မျက်နှာပြင်ကို စစ်ဆေးပါ။ အပေါ်၊ အလယ်၊ အောက် တစ်လှည့်စီဖြင့် ဝါအရွက်ရေ ၂၀ ပြည့်သည်ထိ စစ်ဆေးပြီး မှတ်သားထားရမည်။

မှတ်တမ်းများကို စိစစ်တွက်ချက်ရာတွင် ဝါရွက်များအပေါ်တွင် ပိုးအမျိုးအစားတစ်မျိုးချင်းအလိုက် ကျရောက်မှုအကောင်ရေစုစုပေါင်းကို စစ်ဆေးသည့် ဝါရွက်အရေအတွက်နှင့် စားခြင်းဖြင့် ဝါရွက်တစ်ရွက်တွင်ကျသည့် ဖျက်ပိုးအကောင်ရေကို သိရှိနိုင်သည်။ ဝါပင်များပေါ်တွင် လမ်းလျှောက်လမ်းကြောင်းလေးကြောင်းစလုံးမှ ပိုးအမျိုးအစားတစ်မျိုးချင်းအလိုက် ကျရောက်မှုအကောင်ရေစုစုပေါင်းကို ၁၀၀၀ နှင့် မြှောက်ခြင်းဖြင့် တစ်ဧကတွင်ကျရောက်သည့် ဖျက်ပိုးအကောင်ရေကို သိရှိနိုင်သည်။ သီးပွင့်အင်္ဂါ မှတ်တမ်းကိုလည်း အလားတူတွက်ချက်နိုင်သည်။ ကျရောက်သောဖျက်ပိုးအမျိုးအစားပေါ်မူတည်၍ ETL စံနှုန်းဖြင့် နှိုင်းယှဉ်ကာ ထောက်ခံထားသော ပိုးသတ်ဆေးများကို သတ်မှတ်နှုန်းထားအတိုင်း ပက်ဖျန်းပေးရမည်။

"ဖြူဖြူဖွေးဖွေး ဝါဂွမ်းထွေး"ဟုဆိုရလောက်အောင်ပင် ဝါသီးနှံသည် တောင်သူများအတွက် ငွေဖြူပုံပမာ အကျိုးအမြတ်ဖြစ်ထွန်းစေသော သီးနှံဖြစ်သည်။ သို့ရာတွင် ဝါစိုက်ခင်းအတွင်း သီးပွင့်ဖြစ်ထွန်းလာမည့် ဝါပင်များ၏ အောင်မြင်မှုကို ဖျက်ဆီးရန် ချောင်းမြောင်းနေကြသော ဖျက်ပိုးများစွာလည်း ရှိနေကြသည်။ ဝါပင်သက်တမ်းအဆင့်ဆင့်တွင် ကျရောက်တတ်သော ဖျက်ပိုးများသည် ဝါရွက်၊ ဝါညွှန့်မှသည် ဝါသီးများထိ ဖျက်ဆီးတတ်သဖြင့် စီးပွားရေးအရ တွက်ခြေမကိုက်အောင် အထွက်နှုန်းဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ဝါသီးနှံအထွက်နှုန်းတိုးတက်စေရန် ဖျက်ပိုးအန္တရာယ်ကိုသတိပြုကာ ETL စံနှုန်းဖြင့် သိပ္ပံနည်းကျကာကွယ်နှိမ်နင်းခြင်းကို မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ကိုးကား**

- စိုက်ပျိုးရေးဦးစီးဌာန၊ ဝါသီးနှံကာကွယ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ အင်တာနက်စာပေ။
- ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ဝါ၊ လျှော်မျှင်နှင့် ပိုးချည်ဘာသာရပ်ဆိုင်ရာ ပို့ချချက်များ၊ အဆင့်မြင့်စီမံခန့်ခွဲရေး၊ ငွေစာရင်းနှင့် စိုက်ပျိုးနည်းပညာသင်တန်း။

# နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှုဖြင့် မကြာခဏရင်ဆိုင်နေရသည့်အတွက် ရေကြီးရေလျှံမှုလျှော့ချနိုင်ရေး ရေခဲမြစ်လေးစင်းကို ဖောက်ထုတ်မည်



**ခတ္တမန္ဒူ အောက်တိုဘာ ၄**

နီပေါနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု၊ မြေပြိုကျမှု ပြဿနာများဖြင့် ရင်ဆိုင်နေရပြီးနောက် ရေကြီးရေလျှံမှု ဖြစ်ပါခြင်းကို လျှော့ချနိုင်ရေးအတွက် ရေခဲမြစ်လေးစင်းကို ဖောက်ထုတ်မည်ဖြစ်ကြောင်း နီပေါအစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နီပေါနိုင်ငံတွင် ရေခဲတောင်နှင့် ရေခဲမြစ်များတည်ရှိပြီး အပူချိန်မြင့်မားကာ ရေခဲတောင်နှင့် ရေခဲမြစ်များ အရည်ပျော်ကျတိုင်း ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှု ပြဿနာ ဖြစ်ပေါ်လေ့ရှိကြောင်း၊ ထို့အတွက်ကြောင့် ရေခဲမြစ်လေးစင်းကို ဖောက်ထုတ်မည်ဖြစ်ပြီး ရေခဲမြစ်များကို ဖောက်ထုတ်ထားနိုင်ပါက ရေကြီးရေလျှံမှု ပြဿနာကို အထိုက်အလျောက် ဖြေရှင်းနိုင်မည် ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ရေကြီးရေလျှံမှု ပြဿနာတွေနဲ့ မကြာခဏရင်ဆိုင်နေရတဲ့အတွက် ရေကြီးရေလျှံမှုလျှော့ချရေးကို စီမံချက်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပူချိန်မြင့်တက်လာချိန်မှာ ရေခဲတောင်တွေနဲ့ ရေခဲမြစ်တွေ အရည်ပျော်ကျလေ့ရှိတယ်။ ဒါကြောင့် ရေခဲမြစ်လေးစင်းကို ဖောက်ထုတ်ပစ်ဖို့အတွက် စီစဉ်နေပါတယ်။ ဒါမှလဲ ရေကြီးရေလျှံမှု ပြဿနာကို အတိုင်းအတာတစ်ခုထိ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ရေခဲမြစ်ကနေ ဖောက်ထုတ်လိုက်တဲ့ ရေတွေကို တူးမြောင်းတွေဆီ ရေလွှဲပေးမှာဖြစ်ပါတယ်။ အားလုံး ဆောင်ရွက်ပြီးသွားရင်တော့ အတိုင်းအတာတစ်ခုထိ ရေကြီးရေလျှံမှုပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်"ဟု နီပေါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဂျော်ဂျီယာ... 

# ဂရိနိုင်ငံ ခရိကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ လမ်းများနှင့် နေအိမ်များပျက်စီးခဲ့

**အေသင် အောက်တိုဘာ ၄**

ဂရိနိုင်ငံ ခရိကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်းများနှင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

အောက်တိုဘာ ၃ ရက်က ခရိကျွန်း၏အီရာပက်ထရာဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မိုးရေများသည် လမ်းများပေါ်သို့ စီးဆင်းလာကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေစီးအားပြင်းသဖြင့် မော်တော်ယာဉ်များနှင့် သစ်ပင်များ ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး လမ်းများပေါ်တွင် ရွှံ့နွံများနှင့် အပျက်အစီးများ ဖုံးလွှမ်းခဲ့ကြောင်း၊ ထို့ပြင် လူနေအဆောက်အအုံတချို့၏ မြေညီထပ်များအတွင်းသို့လည်း ရေဝင်ရောက်ခဲ့သဖြင့် ဒေသခံများအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်နေကြရကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ရေစီးသန်ကာ လမ်းများ ပျက်စီးနေသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် နေရာများသို့ သွားရောက်ကာ ကယ်ဆယ်ရေးများ ဆောင်ရွက်ရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ဒေသအာဏာပိုင်များက ရေကြီးရေလျှံမှု အန္တရာယ်ရှိသည့် နေရာများသို့ ဆေးဝါးနှင့်အစားအစာများပံ့ပိုးပေးထားပြီး ရေဘေးသင့်ဒေသမှ ဒေသခံများကို မလိုအပ်ဘဲမြစ်ချောင်းများ၊ ရေစီးသန်သော နေရာများအနီးသို့ မသွားရန် သတိပေးထားကြောင်း သိရသည်။

ခရိကျွန်းတွင် မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းနိုင်သဖြင့် အာဏာပိုင်များက ရာသီဥတု အခြေအနေကို ဆက်လက်စောင့်ကြည့်နေပြီး ရေကြီးရေလျှံမှုကြောင့် ထိခိုက်နိုင်သည့် ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၆၁၅၉ ဧက ပျက်စီးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိယိုဆီမိုက်အမျိုးသားဥယျာဉ်တွင် လောင်ကျွမ်းနေသောတောမီးကြောင့် သစ်တောမြေ ၆၁၅၉ ဧက ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိအချိန်ထိ တောမီးကို ၄၀ ရာခိုင်နှုန်းသာ ထိန်းချုပ်နိုင်သေးကြောင်း အမေရိကန်အမျိုးသား ဥယျာဉ်ဝန်ဆောင်မှုဌာနက ထုတ်ပြန်ထားသည်။

မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် မီးသတ်သမားများနှင့် အရေးပေါ်ကယ်ဆယ်ရေး ဝန်ထမ်းစုစုပေါင်း ၇၉၈ ဦး ပါဝင်ဆောင်ရွက်နေသော်လည်း ခြောက်သွေ့သောရာသီဥတု၊ လေပြင်း တိုက်ခတ်မှုနှင့် လေထုစိုထိုင်းဆနည်းပါးမှုတို့ကြောင့်တောမီးပိုမိုပြန့်ပွားနိုင်သည့် အန္တရာယ်ဆက်လက်မြင့်မားနေကြောင်း သိရသည်။



တောမီးလောင်ကျွမ်းရာနေရာမှ မီးခိုးများသည် လူနေရပ်ကွက်များဆီသို့ ပျံ့နှံ့နေသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအခံရှိသူများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် မီးခိုးထူထပ်သည့် နေရာများသို့ သွားလာခြင်းကို ရှောင်ကြဉ်ကြရန်နှင့် အပြင်ထွက်ရန်လိုအပ်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြရန် အာဏာပိုင်များက အကြံပြုထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ အောက်တိုဘာ ၄**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုဖြစ်ပေါ်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရနိုင်သည့် ဧရိယာများမှာ ဗစ်တိုးရီးယားပြည်နယ် အလယ်ပိုင်းနှင့် အရှေ့ဘက်ပိုင်း ဒေသများဖြစ်ပြီး ဝါရီဘီမြစ်ရေလျှံတက်မှုကြောင့်လည်း ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်ကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဗစ်တိုးရီးယားပြည်နယ်မှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီးတော့ မြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်နေပါတယ်။ ဝါရီဘီမြစ်ရေလျှံတက်မှုတွေ စတင်ဖြစ်ပေါ်နေပြီဖြစ်တဲ့ အတွက်ကြောင့်လည်း ရေကြီးရေလျှံမှု အန္တရာယ် သတိပေးချက် ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ဗစ်တိုးရီးယားပြည်နယ် အရှေ့ဘက်ပိုင်းနဲ့ အလယ်ပိုင်း ဒေသတွေမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပြီးတော့ ကုန်းနိမ့်ပိုင်းဒေသက ဒေသခံတွေကိုတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးဖို့ သတိပေးချက် ထုတ်ပြန်ထားပါတယ်။ မိုးရေချိန်ဟာလဲ မီလီမီတာ ၅၀ ကနေ မီလီမီတာ ၈၀ ထိ မြင့်တက်နေတဲ့အတွက် ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၁၁၀ ထိ မြင့်တက်သွားနိုင်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှု အခြေအနေဟာလဲ ပိုပြီးတော့ ဆိုးရွားသွားနိုင်ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံကာနာတာကာပြည်နယ်တွင် မိုးခေါင်ရေရှားပါးမှုဖြစ်ပေါ်နေပြီး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**နယူးဒေလီ အောက်တိုဘာ ၄**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးခေါင်ရေရှားပါးမှု ဖြစ်ပေါ်နေပြီး မိုးခေါင်မှုအခြေအနေကို အရေးပေါ် အခြေအနေအဖြစ်သတ်မှတ်ကြောင်း ကာနာတာကာပြည်နယ် ဝန်ကြီးချုပ်ရုံးက ယနေ့သတင်းများတွင် ထုတ်ပြန်သွားခဲ့သည်။

မိုးခေါင်မှု တိုက်ဖျက်ရေးကို စီမံချက်ဖြင့် ဆောင်ရွက်သွားရန်အတွက် ကာနာတာကာပြည်နယ် ဝန်ကြီးချုပ် ရှီဗာကူမာကိုယ်တိုင်ကွင်းဆင်းနေပြီး လိုအပ်သည်များဆောင်ရွက် ပေးနိုင်ရေးအတွက် လှည့်လည် စစ်ဆေးနေကြောင်း၊ သောက်သုံးရေရရှိရေးကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်သူများအတွက်လည်း ရေရရှိရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိသောက်သုံးရေ ခက်ခဲသည့်ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ရေသယ်ကားများဖြင့် ရေပေးဝေခြင်းလုပ်ငန်းကို ဆောင်ရွက် ပေးလျက်ရှိပြီး တောင်သူများ၏ စိုက်ခင်းများအတွက် ရေပေးဝေခြင်းကို အချိန်ယူသွားရမည် ဖြစ်ကြောင်း သိရသည်။

"ကာနာတာကာပြည်နယ်မှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ တောင်သူတွေအတွက် ရေပေးဝေဖို့ စီမံချက်တွေနဲ့ ဆောင်ရွက်သွားမှာပါ။ မိုးခေါင်မှုပြဿနာကြောင့် စားဝတ်နေရေး အခက်အခဲရှိနေတဲ့ပြည်သူတွေကိုလဲ ကူညီထောက်ပံ့ပေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် ရေသယ်ကားတွေနဲ့ ရေပေးဝေမှုတွေ ပြုလုပ်ပေးနေပါတယ်။ ငွေကြေးထောက်ပံ့မှုတွေလဲ ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကာနာတာကာပြည်နယ် ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

# ပါဝင်ဆင်နွှဲမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ

စိန်ငွေးလှိုင်(ပခုက္ကူ)

ယဉ်ကျေးမှုဆိုသည်မှာ လူသားမျိုးနွယ်စုတို့၏ ဘဝတစ်လျှောက်လုံးတွင် ရင်ဆိုင်တွေ့ကြုံရသော လူမှုစီးပွား အကြောင်းအရာအားလုံးကို ဆိုလိုသည်။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ခု၏ ယဉ်ကျေးမှုကို ဖော်ညွှန်းရာတွင် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟူ၍ နယ်ပယ်နှစ်ရပ်ဖြင့် ခွဲခြားနိုင်ပြီး၊ ၎င်းတို့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟူ၍လည်းခေါ်ဆိုကြသည်။ ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ လူသားတို့ ပြောဆိုအသုံးပြုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှုနှင့် ရိုးရာဓလေ့ထုံးစံများ ပေါင်းခြုံထားခြင်းကိုခေါ်ဆိုသည်။ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်တွင်မူ လူသားတို့ ဖန်တီးပြုလုပ်သုံးစွဲသော ကိုင်တွယ်ထိတွေ့၍ရသည့် အဆောက်အအုံနှင့် ပစ္စည်းကိရိယာအားလုံးပါဝင်သည်။ လူသားတို့၏ အဆိုပညာ၊ အကပညာ၊ အရေးပညာနှင့် အတီးပညာများသည် ဒြပ်မဲ့ယဉ်ကျေးမှု ဖြစ်သည်။

**မြန်မာ့အဆို၊ အက၊ အရေးနှင့်အတီးပညာရပ်များ ဖြစ်ပေါ်တိုးတက်မှု**

မြန်မာနိုင်ငံတွင် အဆိုပညာသည် ပျူခေတ်နှင့် ပုဂံခေတ်ကတည်းကပင် သန္ဓေတည်ခဲ့သည်။ ပုဂံခေတ်နံရံဆေးရေးပန်းချီနှင့် ကျောက်စာများတွင်လည်း သီဆိုမှုအထောက်အထားများကို ထင်ရှားစွာတွေ့မြင်နိုင်သည်။ အင်းဝခေတ်တွင်မူ ချောင်း၊ ရတုနှင့် ပျို့ကဗျာများကို ရွတ်ဖတ်သီဆိုလာကြရာ မြန်မာ့အဆိုပညာသည် သိသာစွာ တိုးတက်လာခဲ့သည်။ ညောင်ရမ်းခေတ်တွင်မူ အဆိုပညာသည် ကျေးလက်ရိုးရာနှင့် နန်းတွင်းအနုပညာကို ပေါင်းကူးပေးခဲ့ပြီး "တျာချင်း"ဟုခေါ်သော သီချင်းသီဆိုမှု ပေါ်ပေါက်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် အဆိုပညာသည် ဆက်လက်တိုးတက်လာခဲ့ရာ ယနေ့တိုင်တည်တံ့လျက်ရှိသော"မဟာဂီတ" သီချင်းကြီးများဟူ၍ စနစ်တကျ ပေါ်ထွန်းခဲ့သည်။

မြန်မာ့အကပညာသည် တိဗက်-ဗမာနွယ်ဝင်များ၊ မွန်၊ ပျူ နှင့် အိန္ဒိယယဉ်ကျေးမှုများ အပြန်အလှန်စိမ့်ဝင်ရာမှ စတင်ခဲ့သည်။ ပျူခေတ်ကတည်းကပင် နန်းတွင်းနှင့် အရပ်ဘက်ပွဲလမ်းသဘင်များတွင် အကပညာထွန်းကားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ ပုဂံခေတ် ကျန်စစ်သားဥမင်၊ နဂါးရုံဘုရားနှင့် လောကထိပ်ပန်ဘုရားရှိ နံရံဆေးရေးပန်းချီများတွင် ကချေသည်တို့၏ ကဟန်၊ ကကွက်များရေးထားသည်ကို ထောက်ရှုခြင်းဖြင့်၊ ထိုခေတ်ကပင် မြန်မာ့အကပညာသည် အဆင့်အတန်း မြင့်မားနေပြီဖြစ်ကြောင်း သိသာထင်ရှားသည်။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ယိုးဒယားနိုင်ငံမှ ရာမာယဏဇာတ်တော်နှင့် ယိုးဒယားကဟန်များ မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး၊ မြန်မာ့ဇာတ်သဘင် ကဏ္ဍသစ်တစ်ရပ် တိုးတက်ပြောင်းလဲခဲ့သည်။ ထိုခေတ်တွင် အီနောင်ဦးစံတုတ်၊ ရာမဦးမင်းအောင်၊ မင်းသားကြီးဦးစိန်အုပ်၊ ယင်းတော်မလေးနှင့် မထွေးလေး စသည့်ထိပ်တန်းအကပညာရှင်ကြီးများ ပေါ်ထွန်းခဲ့သည်။ ထို့နောက် အင်္ဂလိပ်ကိုလိုနီခေတ်တွင် ဂရိတ်ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ အောင်ဗလ၊ လေဘာတီမမြရင်နှင့် မြခြေချင်းမငွေမြိုင် စသည့်လျှမ်းလျှမ်းတောက် အကပညာရှင်ကြီးများပေါ်ထွန်းခဲ့သည်။

မြန်မာနိုင်ငံတွင် ကဗျာ၊ သီချင်းနှင့် စကားပြေ စသည့် အရေးပညာ (စာပေအရေးအသား) သည် ခေတ်အဆက်ဆက် တိုးတက်ထွန်းကားခဲ့သည်။ ပုဂံခေတ် ကျောက်စာအရေးအသားသည် တိုတိုနှင့် လိုရင်းရောက်အောင် ရေးဖွဲ့လေ့ရှိကြသည်။ မြစေတီကျောက်စာကိုပါဠိ၊ မွန်၊ မြန်မာ၊ ပျူ ဘာသာစကား ၄ မျိုးဖြင့် ရေးထိုးခဲ့သည်။ သိဃ်သူ့သမီး ကျောက်စာသည် ပုဂံခေတ်စကားပြေအရေးအသား၏ စံပြဖြစ်ကာ၊ မိဖုရားဖွားစောကျောက်စာမှာမူ ဝေါဟာရအသုံးအနှုန်း ကြွယ်ဝသောကျောက်စာအဖြစ် သမိုင်းတွင်ခဲ့သည်။ အင်းဝခေတ်တွင် စနစ်ကျသော ကဗျာလင်္ကာပုံစံများအဖြစ် ပြောင်းလဲတိုးတက်လာခဲ့ပြီး ပျို့၊ ရတု၊ ချောင်းနှင့်မော်ကွန်းစသည့် အရေးအသား အတတ်ပညာရပ်များ ပေါ်ထွန်းခဲ့သည်။ ထိုခေတ်တွင် "ပေလေးပင် ရှင်လေးပါး"ဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် ရဟန်းစာပေပညာရှင်



ယခင်နှစ်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုကို တွေ့ရစဉ်။

ကြီးများဖြစ်ကြသော ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်နှင့် ရှင်အုန်းညိုတို့၏ အရေးအသားများမှာ ကျော်ကြားခဲ့သည်။ ထို့နောက် ကုန်းဘောင်ခေတ်တွင်မူ ရှေးရိုးစွဲအရေးအသားများမှ ခွဲထွက်ကာ လူသားတို့၏ လောကီရသ စုံလင်မှုကို ပေါ်လွင်အောင် ဖော်ကျူးသည့် စာပေအရေးအသားများ ခေတ်စားလာခဲ့သည်။ ထိုခေတ်တွင် လက်ဝဲသုန္ဒရ၊ ဦးတိုး၊ လူဦးမင်း၊ မဟာအတုလမင်းကြီးနှင့် လှိုင်ထိပ်ခေါင်တင်မင်းသမီး စသည့်ထင်ရှားကျော်ကြားသော စာပေအရေးအသား ပညာရှင်ကြီးများ ပေါ်ပေါက်ခဲ့သည်။

ပုဂံခေတ်ကျောက်စာများ၊ နံရံဆေးရေးပန်းချီများနှင့် ရုပ်ကြွများတွင် တူရိယာတီးခတ်နေသည့် ပုံများ ရေးဆွဲခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ၎င်းခေတ်ကတည်းကပင် မြန်မာ့အတီးပညာ (အတီးအမှုတ်ပညာ)ပေါ် ထွန်းခဲ့ကြောင်း သိရှိနိုင်သည်။ အင်းဝခေတ်တွင် မြန်မာ့ဆိုင်းဝိုင်း စတင်ပေါ်ပေါက်ခဲ့သည်။ မင်းညီမင်းသား၊ မင်းသမီးနှင့် နန်းတွင်းသူနန်းတွင်းသားများသည်လည်း စောင်းညှင်း၊ မိကျောင်းနှင့် ပတ္တလား စသည့်တူရိယာများကို ကိုယ်တိုင်ကိုယ်ကျ မြတ်နိုးစွာ တီးခတ်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်တွင်မူ အတီးပညာသည် တိုးတက်လာခဲ့ပြီး၊ တူရိယာမျိုးစုံဖြင့် တီးခတ်ရသည့် ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းကြီးနှင့် သီချင်းခံ တီးလုံးဆန်းများကို တီထွင်ဖန်တီးနိုင်ခဲ့ကြသည်။ ထိုခေတ်တွင် ရွှေကျီးညို၊ မောင်ပတ်သာနှင့် ဆရာလှိုင်း စသည့် ထင်ရှားသော ဆိုင်းပညာရှင်နှင့် တူရိယာပညာရှင်ကြီးများ ပေါ်ထွန်းခဲ့ကြောင်း လေ့လာသိရှိရသည်။

**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပမှု**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနုသုခုမပညာရပ်များ ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင် ကျင်းပခဲ့သည်။ ၂၀၂၆ ခုနှစ်တွင်မူ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"ဟူသည့် ဦးတည်ချက်များဖြင့် ကျင်းပရန် ချမှတ်ထားသည်။

ဤပြိုင်ပွဲကြီးတွင် အနုပညာဘာသာရပ်အလိုက် ယှဉ်ပြိုင်ရမည့် အမျိုးအစားများကိုလည်း အသေးစိတ် စနစ်တကျ သတ်မှတ်ထားသည်။ အဆိုပြိုင်ပွဲတွင် ရှေးရိုးရာဂန္ထဝင်မြောက် မဟာဂီတသီချင်းကြီးများ၊ အနုပညာရသမြောက်ပြီး လူထုကြား ရေပန်းစားခဲ့သော ခေတ်ဟောင်းနှင့် ကာလပေါ်သီချင်းများအပြင်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန်နှင့် မြန်မာ့ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး သီချင်းများဖြင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အကပြိုင်ပွဲတွင်မူ အမျိုးသား၊ အမျိုးသမီး အကပြိုင်ပွဲ၊ မြန်မာအက၊ အခြေခံကဗျာလွတ်အက၊ တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာအကများ ပါဝင်မည့်အပြင်၊ မြန်မာ့ရိုးရာ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲနှင့် ကွက်စိတ်ပြိုင်ပွဲ စသည့်ယဉ်ကျေးမှုအကအလှမျိုးစုံပါဝင်သည်။ အလားတူပင် အရေးပြိုင်ပွဲတွင် သတ်မှတ်ထားသော ဦးတည်ချက်ခေါင်းစဉ်ကြီးများနှင့်အညီ တေးသီချင်း ဖွဲ့ဆိုစပ်ဆိုခြင်းများဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး၊ အတီးပြိုင်ပွဲတွင် မြန်မာ့ဆိုင်းဝိုင်း၊ ကြိုးတပ်တူရိယာများ၊ လေမှုတ်တူရိယာများနှင့် အခြားရိုးရာတူရိယာများကို သတ်မှတ်ထားသော တေးသီချင်း သံစဉ်များဖြင့် တီးခတ်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ၎င်းဘာသာရပ်အားလုံးကို ပြိုင်ပွဲဝင်များ၏ အရည်အချင်းအလိုက် အခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် ဝါသနာရှင်အဆင့်ဟူ၍ အဆင့်ဆင့်ခွဲခြားကာ သတ်မှတ်စည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရှိရသည်။

**ပြိုင်ပွဲကြီးမှရရှိလာမည့်အကျိုးရလဒ်များ**

ဤကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့် ခမ်းနားစွာ ကျင်းပပေးခြင်းဖြင့် ရှေးဟောင်းမဟာဂီတသီချင်းကြီးများ၊ ရိုးရာအကအလှများနှင့် တူရိယာတီးခတ်မှု ပညာရပ်များကို မျိုးဆက်သစ် လူငယ်လူရွယ်များ စိတ်ပါဝင်စားလာအောင် ဆွဲဆောင်နိုင်ပြီး၊ ပျောက်ကွယ်မသွားစေရန် စနစ်တကျ လက်ဆင့်ကမ်း စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲဝင် စည်းမျဉ်းများအရ သတ်မှတ်ချက်နှင့်အညီ စည်းဝါးမှုပိုင်များအတိုင်း တိကျစွာ ယှဉ်ပြိုင်ရသဖြင့် ရိုးရာစစ်စစ် ကကွက်များနှင့် တီးလုံးတီးကွက်များကို မူလလက်ရာမပျက် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ဤသည်ကပင် မိမိတို့၏ ကိုယ်ပိုင်အဆို၊ အက၊ အရေး၊ အတီးအနုပညာများသည် မည်မျှခမ်းနားထည်ဝါသည်ကို သိရှိနားလည်စေကာ၊ မိမိလူမျိုးနှင့် မိမိယဉ်ကျေးမှုအပေါ် ဂုဏ်ယူမြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုရှင်သန် ထက်မြက်လာစေသည်။ ယနေ့ခေတ်တွင် ပြင်ပယဉ်ကျေးမှုများ အရှိန်အဟုန်ဖြင့် စီးဝင်လာမှုကို မိမိတို့၏ ရိုးရာအနုပညာ ခံစစ်စွမ်းအားဖြင့် ထိရောက်စွာ ကာကွယ်တားဆီးနိုင် မည်ဖြစ်ပေသည်။

ထို့ပြင် ဤပြိုင်ပွဲကြီးတွင် ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံမှ အနုပညာရှင်များ တစ်နေရာတည်း၌ ဆုံတွေ့ကြသဖြင့် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးမှုချင်း ဖလှယ်ခွင့် ရရှိကြသည်။ တိုင်းရင်းသား ရိုးရာအကအလှများနှင့် သီချင်းများကို အပြန်အလှန် လေးစားတန်ဖိုးထားတတ်လာပြီး၊ သွေးချင်းအချင်းချင်း စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးကို အနုပညာစွမ်းအားဖြင့် ပေါင်းကူးတည်ဆောက်နိုင်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ရှိကြသော အနုပညာဝါသနာရှင်များနှင့် ပညာရှင်အဆင့်ဆင့်ကို နေရာပေး မြေတောင်မြှောက်ပေးလိုက်ခြင်းဖြင့် မြုပ်ကွယ်နေသော အနုပညာပါရမီရှင် အသစ်အဆန်းများကို ရှာဖွေဖော်ထုတ်ပေးရာရောက်သည်။ ပြိုင်ပွဲမှ ဆုရရှိကြသူများသည်လည်း အနုပညာလောကတွင် နေရာရလာခြင်း၊ နိုင်ငံတော်အဆင့် အသိအမှတ်ပြုခံရခြင်းတို့ကြောင့် ၎င်းတို့၏ အနုပညာရပ်တည်မှုအတွက် စွမ်းအားတစ်ရပ် ဖြစ်စေသည်။ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် လူတို့၏ စိတ်နှလုံးကို နူးညံ့ယဉ်ကျေးစေသဖြင့် မျိုးဆက်သစ် လူငယ်လူရွယ်များ အကျင့်စာရိတ္တ ကောင်းမွန်စေရန်နှင့် မူးယစ်ဆေးဝါးကဲ့သို့သော လမ်းမှားများသို့ မရောက်ရှိစေရန် ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးရာရောက်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည်ယဉ်ကျေးမှုနယ်ပယ်တွင် ပါဝင်နေသည်။ မြန်မာနိုင်ငံတွင်ခေတ်အဆက်ဆက်၌ အနုသုခုမပညာရပ်များတိုးတက်ခဲ့ပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုကျင်းပခဲ့သည်။ ပြိုင်ပွဲများကျင်းပခြင်းအားဖြင့် မျိုးဆက်သစ်တို့ထံ အနုပညာအမွေအနှစ်များလက်ဆင့်ကမ်းနိုင်ပြီး ရိုးရာယဉ်ကျေးမှုများကိုထိန်းသိမ်းစောင့်ရှောက်နိုင်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုကို ဂုဏ်ယူတတ်ကာ နိုင်ငံခြားယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်နိုင်သည်။ တိုင်းရင်းသားအချင်းချင်းယဉ်ကျေးမှုဖလှယ်ခွင့်ရရှိပြီး ချစ်ကြည်ရင်းနှီးမှုကို တိုးပွားစေသည်။ ထို့ကြောင့် ၂၇ ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အနုပညာရှင်၊ ဝါသနာရှင်များကပါဝင် ယှဉ်ပြိုင်ကြရန်နှင့် ပြည်သူတစ်ရပ်လုံး တစ်ခဲနက်အားပေးကြပါရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၀၂၂ခုနှစ်၊ မေ ၂၃ ထုတ် မြဝတီသတင်းစာ။

# ရေအမျိုးမျိုး ကျန်းမာရေးအဖုံဖုံ

ပေါက်ပေါက်

ခန္ဓာတည်မြဲရေးအတွက် အစာတစ်ခုတည်းပေါ်တွင်သာမူတည်နေသည်မဟုတ်ဘဲ ရေသည်လည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေသည်။ လူ့ခန္ဓာကိုယ်၏ သုံးပုံနှစ်ပုံသောအလေးချိန်မှာ ရေဖြစ်သည်။ မြန်မာ့ဆေးကျမ်းအလိုအရ "ရေ" ဟူသော အာပေါဓာတ်သည် တေဇောဓာတ်ကို ငြိမ်းစေတတ်ခြင်း၊ ပထဝီဓာတ်ကိုအားရှိအောင်စွမ်းဆောင်နိုင်ခြင်း၊ ဝါယောဓာတ်လွန်ခြင်းကိုရပ်တန့်စေခြင်းတို့ရှိသည်။ ရေသောက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်းက အပုပ်အခိုးများ၊ အညစ်အကြေးများ စင်ကြယ်စေသကဲ့သို့ ရေချိုးခြင်းကလည်း ခန္ဓာကိုယ်ရှိ ပြင်ပကြေးညှော်များ ကင်းစင်နိုင်သည်။

**ရေအမျိုးမျိုး ကျန်းမာရေးအဖုံဖုံ**

သက်ရှိတိုင်း ရေကိုသောက်ကြရာ ရေသောက်သုံးမှုတွင် ရေအမျိုးအစားများ၊ မည်သို့မည်ပုံ သောက်သင့်ကြောင်းနှင့် မိမိသောက်သုံးသော ရေအမျိုးအစားမမှန်ကန်ပါက သို့မဟုတ် ရေသောက်ပုံစနစ်မကျပါက အန္တရာယ်ရှိတတ်သည်။ ရေတွင် အမျိုးအစားအားဖြင့် ရေအေး၊ ရေခဲ၊ ရေနွေး၊ ရေကျက်အေးစသည်ဖြင့်ကွဲပြားခြားနားသကဲ့သို့ကျန်းမာရေးအာနိသင်လည်း ကွဲပြားခြားနားလျက်ရှိရာ ရေအမျိုးအစား တစ်ခုချင်းစီအလိုက် အကျိုးအာနိသင်ကို အောက်ပါအတိုင်း ရေးသားဖော်ပြလိုပါသည်။

**ရေအေးနှင့် ကျန်းမာရေး**

ရေအေး၏ အစွမ်းသတ္တိမှာ အရက်မူးခြင်း၊ မူးဝေခြင်း၊ တွေဝေငေးမောခြင်း၊ အော့အန်ခြင်း၊ အပူဖျားဖျားခြင်း၊ ပင်ပန်းခြင်း၊ ပူလောင်ခြင်းတို့ကိုနိုင်သည်။ နံနက်စောစော မျက်နှာသစ်ပြီးစ၌ ရေသောက်ခြင်းသည် ဆံဖြူ၊ သွားကျိုး၊ မျက်စိမွဲခြင်းမရှိဘဲ အသက်ရှည်စေသည်။ နှလုံးပင်ပန်းလွန်းအားကြီး၍ မေ့မြောလျှင်သော်လည်းကောင်း၊ အရက်မူးလွန်လျှင်သော်လည်းကောင်း ရေအေးဖြင့် မျက်နှာနှင့် ကျောတို့ကို ဆွတ်ဖျန်းပေးပါက သက်သာစေသည်။ သွေးနှင့်ဆက်စပ်သောရောဂါများ၊ သည်းခြေနာ၊ အပူလောင်နာ၊ အဆိပ်သင့်သူ၊ စိတ်ပျံ့လွင့်သူ၊ အရက်မူးသူ၊ မောပန်းသူ၊ အတက်ရောဂါ၊ မျက်စိရောဂါနှင့် ဆီးပူရောဂါများအတွက် ရေအေးကဆေးဖက်ဝင်သည်။ ထို့ပြင် ရေအေးသည် မကြာမကြာ ဝမ်းချုပ်တတ်သူများအတွက် ဝမ်းနုတ်ဆေးသဖွယ် သုံးနိုင်သည်။ ဝမ်းအလွန်ချုပ်ပါက ညစာကိုမစားသုံးဘဲဖြစ်စေ၊ လျှော့၍ဖြစ်စေစားသုံးပြီး နံနက်စောစော အိပ်ရာထတွင် မည်သည့်အစားအစာကိုမျှ လုံးဝမစားသုံးသေးဘဲ သောက်ရေအေးသန့်သန့်သုံးခွက်ခန့် ဆက်တိုက်သောက်သုံးပေးခြင်းဖြင့် ဝမ်းဗိုက်ထဲက အစာဟောင်းကိုရေဖြင့်နှုးပြီး ဝမ်းသက်စေသည်။ ဤနည်းအတိုင်း နေ့စဉ်မှန်မှန်သောက်သုံးခြင်းဖြင့် ဝမ်းနုတ်ဆေးစားရန်မလိုဘဲ ဝမ်းမှန်လာနိုင်သည်။ ရေအေးများများသောက်ပေးခြင်းဖြင့် ကျောက်ကပ်နှင့် ဆီးအိမ်သန့်ရှင်းစေသည်။ ခရီးရှည်သွားသူ၊ အစာရှောင်ထားသူ၊ ဥပုသ်စောင့်သူ၊ ပြင်းထန်ရယ်မောပြီးစ ရေငတ်သူ၊ တစ်စုံတစ်ရာကြောင့် ထိတ်လန့်သောသူ၊ ဒေါသပြင်းစွာထွက်ပြီးသောသူတို့သည် ရေအေးရိုးရိုးကိုသာ သောက်သင့်ပြီး လျင်မြန်စွာမသောက်သင့်ဘဲ ဖြည်းညင်းစွာသောက်သင့်သည်။

**ရေခဲနှင့် ကျန်းမာရေး**

ရေခဲသည် အဖျားရောဂါအမျိုးမျိုးအတွက် အသုံးဝင်သည်။ အပူချိန်ပြင်းထန်သော အဖျားရောဂါများတွင် ကလေးများကို နဖူး၊ ချိုင်းကြား၊ ပေါင်ခြံစသည်တို့အပေါ်တွင် ရေခဲတုံးတင်ပေးခြင်း၊ ကပ်ပေးခြင်းတို့ဖြင့် အပူချိန်ကိုကျဆင်းစေသည်။ ဝမ်းရောဂါကြောင့် ရင်တွင်းပူ၍ရေသောက်လျှင် လက်မခံနိုင်သောလူနာသည် ရေခဲတုံးကလေးများကို တစိမ့်စိမ့်ငုံပေးခြင်းဖြင့် သက်သာစေသည်။ အစာအိမ်ရောဂါကြောင့် ပျို့အန်ခြင်းဖြစ်ပါက ရေခဲတုံးကလေးများငုံပေးရမည်။ ရေခဲသည် သွေးထွက်သံယိုခြင်းကို ရပ်တန့်စေသကဲ့သို့ အားကစားသမားများ ကြွက်တက်ခြင်း၊ အကျိတ်အဖုရောင်ခြင်း၊ အကြောထုံးအကြောတင်းခြင်း၊ ကပ်ပယ်အိတ်ရောင်ခြင်း၊ အူကျခြင်းတို့အတွက် ဝေဒနာပေါ်တွင် ရေခဲတုံးကလေးများတင်ပေးခြင်း၊ ကပ်ပေးခြင်းဖြင့် ဝေဒနာသက်သာစေနိုင်သည်။ အနာမြုံ၍ ငန်းမန်းလိုက်ပြီးကိုက်ခဲနေပါက ရေခဲတွင်စိမ်ပေးခြင်းအားဖြင့် လျင်မြန်စွာသက်သာစေနိုင်သည်။



**ရေနွေးပူနှင့် ကျန်းမာရေး**

ရေနွေးကိုကြေွအိုး၊ မြေအိုးတို့ဖြင့်သာ လုံလုံစွာထားခြင်းက အကောင်းဆုံးဖြစ်သည်။ ရေနွေးကို ကျိုချက်ပြီးနောက် အအေးမခံဘဲ ပူနေစဉ်သုံးဆောင်ပေးပါက ပိုမိုအကျိုးသက်ရောက်စေသည်။ ရေနွေးက ချောင်းဆိုးရောဂါ၊ ကုတ်ဟီးရောဂါ၊ အဖျားရောဂါများကို သက်သာစေသည်။ ထို့ပြင် ဝမ်းမီးကိုတောက်၍ အစာကြေချက်မြန်ခြင်း၊ ဆီးပုပ်များကို သုတ်သင်ခြင်း၊ ဝမ်းသွားသူများဝမ်းရပ်စေရန် အကျိုးအာနိသင်ရှိခြင်းတို့ဖြင့် ကောင်းကျိုးပြုသည်။ ကိုယ်လက်ကိုက်ခဲနေသူများ ရေနွေးဖြင့်ရေချိုးခြင်း၊ ရေချိုးနေစဉ်မှာလည်း ဆုပ်နယ်ပေးခြင်းအားဖြင့် အနင်းအနှိပ်ခံခြင်းထက်ပို၍ အကျိုးအာနိသင်ထူးသည်။ ကျိုချက်ထားသော (မပူလွန်းသော)ရေနွေးသည် ဆီးရွှင်စေခြင်း၊ အစာကြေစေခြင်း၊ လည်ချောင်းရှင်းစေခြင်း၊ ပေ့ါပါးသွက်လက်စေခြင်းနှင့် ဆီးအိမ်ရှိ အညစ်အကြေးများကို ဆေးကြောသုတ်သင်ပေးသည်။ သလိပ်ဖျား၊ ချမ်းတုန်ဖျားများ၊ ချောင်းဆိုး၊ ပန်းနာ၊ အစာမကြေရောဂါ၊ အဆီခဲနာ၊ ကြို့ထိုးရောဂါ၊ ဝမ်းရောင်၊ ဝမ်းသက်၊ ဝမ်းကိုက်၊ ကြက်မျက်သင့်ရောဂါ၊ လေထိုး၊ ရင်ကျပ်၊ နှာစေးရောဂါများအတွက် ရေနွေးပူက လွန်စွာဆေးဖက်ဝင်သည်။ ရေနွေးပူပူသောက်လိုက်သည့်အခါ ချွေးစေးနှင့်အတူ ခန္ဓာကိုယ်ထဲက အဆိပ်အတောက်ပါသွားသောကြောင့် အသားအရေကို ကြည်လင်စေသည်။ အသားအရေမှိုစွဲသူများအတွက်လည်း ရေနွေးနှင့်ရေချိုးပေးခြင်းဖြင့် ချမ်းသာမှုရစေနိုင်သည်။ မျက်နှာပေါ်တွင် မကြာခဏဝက်ခြံထွက်သူများက ရေနွေးနွေးဖြင့် မျက်နှာသစ်ပေးပါ သို့မဟုတ် မိမိခံသာရုံ လောက်ရေနွေးငွေ့ဖြင့် မျက်နှာပေါင်းတင်ပါ။ ရေနွေးပူပူသောက်လိုက်သည့်အခါ ခေါင်းချွေးထွက်သွားကာ သွေးလည်ပတ်မှုအားကောင်းလာသည်။ ထိုဖြစ်စဉ်က ဦးရေပြားပေါ်က အပေါက်လေးများပွင့်သွားပြီး အောက်ဆီဂျင်ကို ပိုမိုစုပ်ယူနိုင်သဖြင့် ဆံပင်အမြစ်ကို ခိုင်မာလာစေသည်။

**ရေကျက်အေးနှင့် ကျန်းမာရေး**

မြန်မာ့ဆေးကျမ်းအလိုအရ ရေကျက်အေးသည် ဒေါသသုံးပါးကိုနိုင်၏။ ရေကျက်အေးသောက်ခြင်းဖြင့် နွမ်းနယ်ခြင်း၊ ရေငတ်ခြင်းနှင့် အဖျားရောဂါတို့ကို နှိမ်နင်းနိုင်သည်။ ခန္ဓာကိုယ်အတွက်အရေးကြီးသော ဆားဓာတ်၊ သကြားဓာတ်နှင့် ရေဓာတ်ကုန်ဆုံးလျော့နည်းပါက ဆားလက်ဖက်စားဇွန်းတစ်ဇွန်း၊ သကြားလက်ဖက်စားဇွန်းရှစ်ဇွန်းကို ရေကျက်အေးတစ်ပုလင်းခန့်နှင့်ရော၍ သောက်သုံးခြင်းဖြင့် ကုန်ခန်းသွားသောရေဓာတ်ကို ပြန်လည်ဖြည့်တင်းနိုင်သည်။ ထို့ပြင် ဝက်သက်ရောဂါဖြစ်၍ အပူအားကြီးပြီး ဖျားနာပါက ရင်ပူ၍ရေမကြာမကြာ သောက်သော်လည်း ရေငတ်မပြေတတ်ပေ။ ထိုအခါ ဝက်ချေးပန်း လက်တစ်ဆုပ်စာကို ရေကျက်အေးနှင့်စိမ်ပြီးသောက်သုံးခြင်းဖြင့် ရေငတ်ပြေစေသည်။

**သောက်သင့်၊ မသောက်သင့်သောရေ**

ကြည်လင်သောရေ၊ အနံ့အရသာ မထင်ရှားသောရေ၊ ဆား သို့မဟုတ် ယမ်း သို့မဟုတ် ဆပ်ပြာ စသည့် အခြားဓာတ်များ ရောနှောမှုမရှိသောရေတို့ကို သောက်သင့်သည်။ မသောက်သင့်သောရေမှာ အဆင်းအားဖြင့် နီ၊ ပြာ၊ ဝါ၊ စိမ်းခြင်း၊ အရသာအားဖြင့် စပ်၊ ငန်၊ ပေ့ါ၊ ချဉ်ခြင်း၊ အနံ့အားဖြင့် ညှီခြင်း၊ ပုပ်ခြင်းစသည်တို့ဖြစ်သည်။ အမြှုပ်ထရေများနှင့် မိုးဦးကျရေတို့ကိုလည်း မသောက်သင့်ပေ။

**ရေသောက်ရန် အသင့်တော်ဆုံးအချိန်များ**

တစ်ညတာလုံးငြိမ်သက်နေသည့် ခန္ဓာကိုယ်တွင်းကလီစာများကို ပြန်လည်တက်ကြွလာအောင် လှုံ့ဆော်ပေးရန် နံနက်အိပ်ရာထသည်နှင့် ရိုးရိုးသောက်ရေသန့်ကို နှစ်ခွက်ထက်မနည်းသောက်သင့်သည်။ အစာကြေညက်စေရန် ထမင်းမစားမီ နာရီဝက် ကြိုတင်၍ ရေတစ်ခွက်သောက်ပြီး သွေးခုန်နှုန်းမှန်စေရန်နှင့် သွေးကျစေရန် ရေမချိုးမီ ရေတစ်ခွက်သောက်သင့်သည်။ လေဖြတ်၊ လေငန်းနှင့် နှလုံးရောဂါများမဖြစ်အောင် ညမအိပ်မီရေတစ်ခွက်သောက်ပြီး အိပ်ပျော်နေစဉ် ခြေသလုံးကြွက်သားများ ကြွက်တက်ခြင်းမဖြစ်အောင် ညဘက်တစ်ရေးနိုးချိန် ရေသောက်ပေးသင့်သည်။

**ရေ (လုံးဝ) မသောက်သင့်ဆုံးအချိန်**

အမေရိကန် ကျန်းမာရေးသုတေသီများ၏ စစ်တမ်းများအရ ကမ္ဘာပေါ်ရှိ တရုတ်နှင့် ဂျပန်လူမျိုးများသည် အူကင်ဆာရောဂါဖိစီးခံရမှု အနည်းဆုံးဖြစ်ကြောင်းသိရသည်။ အကြောင်းရင်းမှာ ထိုလူမျိုးများ ထမင်းစားနေစဉ် ရေခဲရေ၊ ရိုးရိုးရေအေး မသောက်ကြဘဲ ရေနွေးဖြူ သို့မဟုတ် ရေနွေးကြမ်းပူပူကိုသာ သောက်သုံးလေ့ရှိကြသည်။ ထမင်းစားနေစဉ် ရေခဲရေသောက်မိပါက ဟင်းလျာထဲရှိ အဆီအနှစ်များက အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် ရွှံ့စေးအနယ်အနှစ်များသဖွယ် ခဲပျစ်သွားတတ်ကြပြီး အစာကောင်းစွာ မချက်ပြုတ်နိုင်တော့ဘဲ အူကင်ဆာဖြစ်လာစေသည်။ ထို့ကြောင့် ထမင်းစားနေစဉ် ရေခဲရေ၊ အချိုရည်အေးတို့ မသောက်သင့်ဘဲ ဟင်းချိုပူပူ သို့မဟုတ် ရေနွေးဖြူ သို့မဟုတ် ရေနွေးကြမ်းတို့ဖြင့်သာ ထမင်းလုပ်မနင်အောင်မျှောချသင့်သည်။ အထူးသတိပြုရန်မှာ ထမင်းစားပြီး အနည်းဆုံး နာရီဝက်ကျော်ကြာမှသာ သောက်ရေအေးသောက်သင့်သည်။

**မှတ်ချက်**

(က) အစာမစားမီ ရေသောက်ခြင်းသည် လူကို ပိန်စေတတ်သည်။ အစာ၏အလယ်၌ ရေသောက်ပါက အစာကြေညက်လွယ်သည်။ အစာအဆုံး၌ ရေသောက်ပါက ဝဖြိုးစေသည်။

(ခ) ရေငတ်နေစဉ် အစာစားလျှင် အလုံးအနာခဲများဖြစ်ပွားတတ်ပြီး အစာဆာနေစဉ်ရေသောက်လျှင် ရေဖျဉ်းရောဂါစွဲကပ်တတ်သည်။ ထို့ကြောင့် ရေဆာလျှင် ရေကိုသာသောက်သင့်ပြီး အစာဆာလျှင် အစာကိုသာစားသင့်သည်။

(ဂ) လေနာရောဂါရှိသူသည် ထမင်းစားပြီးနောက် ရေနွေးပူကိုသာ သောက်သင့်ပြီး သည်းခြေမကောင်းသူနှင့် ခန္ဓာကိုယ်တွင်းအပူများသူသည် ထမင်းစားပြီးနောက် အေးမြသောရေကိုသာ သောက်သင့်သည်။(ရေခဲရေ မဟုတ်ပါ)

**သတိပြုရန်**

(က) ရေကိုလိုအပ်သည့် အတိုင်းအတာထက်ပိုသောက်မိပါက ဗိုက်မအီမသာဖြစ်ခြင်း၊ ဓာတ်အားကုန်ခန်းခြင်း၊ ဆီးများခြင်းနှင့် ရေငတ်ဝမ်းကျရောဂါ ဖြစ်တတ်သည်။

(ခ) ဝမ်းဗိုက်ထဲတွင်အနာရှိပါက အလွန်ပူသောရေကိုမသောက်သင့်ပေ။

(ဂ) နေ့အခါ၌ ကျိုချက်သောရေကျက်အေးကို နေ့အချိန်မှာသာ သောက်သုံးသင့်ပြီး ညဥ့်၌ ကျိုချက်သောရေကျက်အေးကို ညဥ့်၌သာ သောက်သုံးသင့်သည်။ အကယ်၍ နေ့၌ကျိုချက်သော ရေကျက်အေးကို ညဥ့်၌သောက်သုံးပါက တေဇောဓာတ်ညှံ့သောကြောင့် အစာကြေရန်ခက်ခဲပြီး၊ ဝမ်းမီးဖျက်၍ အစာကြေညက်သွားလျှင်လည်း အချဉ်ဓာတ်ပေါက်သွားတတ်သည်။ ထိုအခါ ဝမ်းပျက်စေသည်။ ရေကျက်အေးကို တစ်ဖန်ကျိုချက်၍ ရေနွေးလုပ်ပြီး သောက်ရန်မသင့်ပေ။ အဆိပ်ရည်နှင့်တူပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ ချွေးထွက်လွန်သောရောဂါများဖြစ်တတ်သည်။

သို့ဖြစ်ပါ၍ ခန္ဓာတည်မြဲရေးအတွက် အစာတစ်ခုတည်းပေါ် မူတည်နေသည်မဟုတ်ဘဲ ရေသည်လည်း အရေးကြီးသောအခန်းကဏ္ဍကပါဝင်နေကြောင်း ရေးသားလိုက်ရပါသည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်)သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၇/ခ)၊ဦးပိုင်အမှတ်(၂)၊ဧရိယာ(၂.၃၈)ဧကရှိမြေပေါ်တွင် ဆောက်လုပ်ထားသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၁၆-၁၀-၂၀၂၆)ရက်နေ့မှ (၃၁-၁၀-၂၀၂၆)ရက်နေ့ထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက်/အချိန် | - (၃-၁၁-၂၀၂၆)ရက်၊ (၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် လျှောက်လွှာတင်သွင်းရမည့်နေရာ | - စီမံရေးရာဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ |
| (ဃ) | တင်ဒါကျင်းပမည့် ရက်/အချိန်/ နေရာ | - (၉-၁၁-၂၀၂၆)ရက်၊ (၁၄:၀၀)နာရီ အစည်းအဝေးခန်းမ(၃)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၈)ထပ်ဆောင်၊ (ပထမထပ်) |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန ဖုန်း ၀၂-၄၀၆၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

ကျွန်းလှမြို့၊ အောင်းပင်းရွာနေ မောင်ဖြိုးဇော်အောင် (ဘ) ဦးစိန်လွင်(၅/ကလန(နိုင်)၀၇၁၁၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-961604175

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အဖိုးတန်ရေချိုကို ချွေတာပါ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၂၃ ကော်လံ ၄ ☆**

# ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ **စာမျက်နှာ ၁၉ ကော်လံ ၁ ✱**



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့် နေရာများတွင် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းပေးစဉ်။



**နေပြည်တော် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း ရေများ ပြန်လည်ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ငဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၁၀ ပေ ၅ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၁၀ ပေခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၇ ပေ ၁၀ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၂၃ ကော်လံ ၁ ■**


ရတနာပုံ ယနေ့ဖတ်စရာ

**တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ** စာမျက်နှာ - ၂၁

**နိုင်ငံ့အနာဂတ်ကို ပြုစုပျိုးထောင်ပေးနေသော ဥယျာဉ်မှူးများ** ဆောင်းပါး စာမျက်နှာ - ၁၀


# ယူဂန်ဒါအင်တာနေရှင်နယ်စီးရီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထွဋ် ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၄**

ယူဂန်ဒါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ယူဂန်ဒါအင်တာနေရှင်နယ်စီးရီးကြက်တောင်ရိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကြက်တောင်ရိုက်ကစားသမား ဟိန်းထွဋ်က အီရန်ကြက်တောင်ရိုက်ကစားသမားကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ဟိန်းထွဋ်သည် ပြိုင်ပွဲမစတင်မီကတည်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ (ဆီဒင်အဆင့်) (၁) သတ်မှတ်ခံထားရသူဖြစ်ပြီး ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများရယူနိုင်ခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် ဟိန်းထွဋ်သည် အီရန်ကြက်တောင်ရိုက်ကစားသမား ဟာယာတီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် ၁၉ မှတ် ၂၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း **စာမျက်နှာ ၂၃ ကော်လံ ၁ ◆**

